# ကြေးမုံ
# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)


၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်၊ တနင်္လာနေ့။ Monday, 8 May 2023 ၁၁၀၈၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

**အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်ပစ္စည်းပြပွဲကျင်းပ** စာမျက်နှာ » ၄

**ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး** ဆောင်းပါး စာမျက်နှာ » ၆

**၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်လေး “ရဋ္ဌနန္ဒက” မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ**



စာမျက်နှာ » ၉

**ဆိုင်ကလုန်းမုန်တိုင်း ဖြစ်ပေါ်လာနိုင်သည့် ခန့်မှန်းချက်သတင်းများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ဖြေကြားချက်** စာမျက်နှာ » ၁၀

**ပင်လယ်ကြီးကို အော်ပြောလိုက်တယ်** ဆောင်းပါး စာမျက်နှာ » ၁၅


# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှုများအား သက်ကြီးအနုပညာရှင်များနှင့် MRTV – 4 ဇာတ်လမ်းတွဲ သရုပ်ဆောင်များ လေ့လာဖူးမြော်ကြည်ညို





နေပြည်တော် မေ ၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ပူဇော်လျက်ရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက်ခဲ့ကြသည့် သက်ကြီးအနုပညာရှင်များအဖွဲ့နှင့် MRTV – 4 ဇာတ်လမ်းတွဲသရုပ်ဆောင်များပါဝင်သော အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် လာရောက်လေ့လာဖူးမြော်ကြည်ညိုကြသည်။

ထိုသို့ လေ့လာဖူးမြော်ကြည်ညိုကြသည့် အဖွဲ့များအား တာဝန်ရှိသူတစ်ဦးက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရသည့် ရည်ရွယ်ချက်၊ တည်ထားကိုးကွယ်ရန် စကျင်ကျောက်တော်ကြီးအား အဆင့်ဆင့်တူးဖော်ခြင်းနှင့် ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းများဖြင့်



**စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳**


# ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းနှင့် ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတို့တွင် ဆိုင်ကလုန်းမုန်တိုင်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၇

ယနေ့ညနေ ၅ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတို့၌ မေ ၈ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်သည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာနိုင်ပြီး မေ ၉ ရက်တွင် မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ကာ မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်၍ မေ ၁၀ ရက်တွင် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတို့၌ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ အားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။


**စာမျက်နှာ ၇ ကော်လံ ၁ သို့ ○**

ကြေးမုံ

# မြန်မာ့ရုပ်ရှင်ထွန်းကားရှင်သန် ထိန်းသိမ်းမြှင့်တင်

၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို မေလ ၆ ရက်နေ့က နေပြည်တော်တွင် သိုက်သိုက်ဝန်းဝန်း ပျော်ပျော်ရွှင်ရွှင် ခမ်းနားထည်ဝါစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ ပြည်သူချစ်သော အနုပညာရှင်များနှင့် သုံးနှစ်သုံးမိုးကင်းကွာနေခဲ့ရာမှ ယခုကဲ့သို့ ရုပ်ရှင်အကယ်ဒမီ ဆုချီးမြှင့်ပွဲအခမ်းအနားကြီးတွင် တစုတဝေးတည်း ပျော်ပျော်ရွှင်ရွှင် ဆုံစည်းနိုင်ခဲ့ကြသဖြင့် မြန်မာနိုင်ငံအတွက် ထူးခြားသည့် မင်္ဂလာရှိသောနေ့ ဖြစ်သည်။

ဖျော်ဖြေမှုလည်းပါ အနုပညာဂုဏ်လည်းမြောက်ပြီး နိုင်ငံနှင့် ပြည်သူအတွက်လည်း အကျိုးပြုသည့် ရုပ်ရှင်ဇာတ်ကားကောင်းများပေါ်ထွန်းရေးတွင် ပါဝင်စွမ်းဆောင်ကြသည့် ရုပ်ရှင်အနုပညာရှင်များနှင့် အတတ်ပညာရှင်များ၏စွမ်းဆောင်ချက်များကို အကဲဖြတ်ဆန်ခါတင် ဂုဏ်ပြုချီးမြှင့်ပေးသည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီ) ဆုချီးမြှင့်ပွဲအခမ်းအနားကို ရုပ်ရှင်လောကသားအားလုံး မျှော်လင့်တောင့်တကြသကဲ့သို့ မြန်မာရုပ်ရှင်ချစ်ပြည်သူအပေါင်းတို့ကလည်း တစ်ခဲနက် အားပေးရန် စောင့်မျှော်ခဲ့ကြသည်။ ယခု ရုပ်ရှင်လောကသားအားလုံးနှင့် ပြည်သူအားလုံး မျှော်လင့်ချက်ပြည့်ဝခဲ့ပြီဖြစ်သည်။

၂၀၂၀ ပြည့်နှစ်အစတွင် စတင်ဖြစ်ပေါ်ခဲ့သည့် ကိုဗစ်-၁၉ ရောဂါကြောင့် မြန်မာ့ရုပ်ရှင်လောကသည် ရှင်သန်မှုမရှိဘဲ မေးမှိန်တိမ်မြုပ်ခဲ့ရသည်။ မြန်မာ့ရုပ်ရှင်လောကသားများအနေဖြင့် ခက်ခဲသောဘဝများကို ဖြတ်သန်းခဲ့ကြရသည်။ အခက်အခဲများကြားမှ ပြည်သူအတွက် မြန်မာ့ရုပ်ရှင်ဇာတ်ကားကောင်းများကို ဖန်တီးပေးခဲ့ကြသော်လည်း အကဲဖြတ်ဂုဏ်ပြုချီးမြှင့်ခြင်း မပြုလုပ်နိုင်ခဲ့ပေ။ ယခု မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကြီးကို အခက်အခဲအနှောင့်အယှက်များကြားမှ အောင်မြင်စွာကျင်းပပြုလုပ်ဂုဏ်ပြုနိုင်ခဲ့သဖြင့် များစွာဂုဏ်ယူဝမ်းမြောက်ရမည်ဖြစ်သည်။

ရုပ်ရှင်အနုပညာရှင်များနှင့် အတတ်ပညာရှင်များ၏ ဖန်တီးလုပ်ဆောင်ချက်များမှာ ၎င်းတို့ဖန်တီးထားသောရုပ်ရှင်ဇာတ်ကား ထိုရုပ်ရှင်ဇာတ်ကား ရုံတင်ပြသခွင့်ရသောကာလနှင့် ထိုခေတ်ကာလကို ဖြတ်သန်းနေကြသည့် ရုပ်ရှင်ကြည့်ပရိသတ်များအကြားတွင် ရှင်သန်မှု၊ ကျော်ကြားမှုနှင့် ချီးကျူးထောမနာပြုမှုတို့ရကြသည်။ ယခုဂုဏ်ပြုချီးမြှင့်ခဲ့သည့် သုံးနှစ်ပေါင်း မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကြီးသည် အချိန်ကာလကွင်းဆက်ပြတ်ခဲ့သော ရုပ်ရှင်အနုပညာရှင်နှင့် အတတ်ပညာရှင်တို့၏ စွမ်းဆောင်မှုများကို မေးမှိန်မပျောက်ကွယ်စေရေးအပြင် မြန်မာ့ရုပ်ရှင်လောက ပြန်လည်အသက်ဝင်ရှင်သန်လာရေးအတွက် ခွန်အားများဖြစ်လာစေမည်ဖြစ်သည်။

ရုပ်ရှင်ဆိုသည်မှာ ခံစားမှုနှင့် နည်းပညာ၊ အတတ်ပညာ ပေါင်းစပ်ထားသော ဆန်းကြယ်သည့် ပုံဖော်ဖန်တီးမှုအနုပညာဖြစ်သည်။ တစ်နည်းအားဖြင့် ရုပ်ရှင်အတတ်ပညာသည် လူမှုဘဝကို အသိပေးနှိုးဆော်နိုင်သည့် အတတ်ပညာ၊ ခံစားမှုရသမှတစ်ဆင့် စိတ်ဓာတ်ခွန်အားများပေးနိုင်သည့်အနုပညာ၊ လူအများ၏ စိတ်နှလုံးကို ညွတ်ပြောင်းနှိုးဆွပြီး အသိပညာဗဟုသုတနှင့် ရသမျိုးစုံခံစားမှုတို့ကို ပေးစွမ်းနိုင်သည့် အတတ်ပညာဟုဆိုကြသည်။ ထို့အပြင် ရုပ်ရှင်အနုပညာသည် စာပေ၊ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ဓာတ်ပုံ၊ ရုပ်ရှင်ဆိုသည့် အနုသုခုမပညာ(၇) ရပ်ကို ပေါင်းစပ်ထားသော အနုပညာဖြစ်သည်။

"ရုပ်ရှင်အနုပညာသည် နိုင်ငံငြိမ်းချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဩဇာသက်ရောက်မှုရှိသည့် Soft Power တစ်ခုဖြစ်သောကြောင့် အနုပညာရှင်များအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ကိန်းအောင်းစေရေးအတွက် ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြပါရန်" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် တိုက်တွန်းပြောကြားခဲ့သည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေမည့်အကြောင်းများတွင် ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်လက္ခဏာများ ထိန်းသိမ်းနိုင်မှုရှိခြင်းသည်လည်း အပါအဝင်ဖြစ်သည်။ ယဉ်ကျေးမှုဟုဆိုရာတွင် လူများကိုယ်တိုင် ဖန်တီးရယူထားသည့် အနုပညာအစိတ်အပိုင်းတစ်ခုဖြစ်သော ရုပ်ရှင်အနုပညာလည်းပါဝင်သည်။ နိုင်ငံတစ်နိုင်ငံအတွက် ရုပ်ရှင်အနုပညာ ဖွံ့ဖြိုးတိုးတက်မှုသည် အင်အားတစ်ရပ်ဖြစ်၍ ရုပ်ရှင်ကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေကြသည့် ရုပ်ရှင်ထုတ်လုပ်သူများမှအစ ရုပ်ရှင်အတတ်ပညာရှင်များ၊ သရုပ်ဆောင်များသာမက ကဏ္ဍအလိုက် ပါဝင်ဆောင်ရွက်ကြသူအားလုံး၏ အခန်းကဏ္ဍအားလုံးသည် အရေးကြီးပေသည်။

သို့ဖြစ်ရာ ရုပ်ရှင်သည် ပြည်သူအတွက်၊ နိုင်ငံအတွက်ဖြစ်၍ ရုပ်ရှင်လောကသားအားလုံးနှင့် ရုပ်ရှင်ချစ်သူ ပြည်သူအပေါင်းတို့၏ စည်းလုံးညီညွတ်သောစွမ်းပကားဖြင့် မြန်မာ့ရုပ်ရှင် ပြန်လည်ရှင်သန်ဖွံ့ဖြိုးလာရေးအတွက် တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်နိုင်ကြမည်ဟု ယုံကြည်ပါကြောင်း။ ။

## ရခိုင်ပြည်နယ် တရားလွှတ်တော်တရားသူကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်အမှတ် ၃၃/၂၀၂၃
၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်
(၂၀၂၃ ခုနှစ်၊ မေလ ၇ ရက်)

**ရခိုင်ပြည်နယ် တရားလွှတ်တော်တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်မြအေး အား ရခိုင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မေ ၇



ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ မဟာဝိဇိတာရုံကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ တိပိဋကလင်္ကာရ သာမဏေကျော်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ချမ်းသာရကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ကျားရုပ်ပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ ဘီးလင်းတိုက်သစ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ ကြာကန်ကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ ရတနာမာန်အောင်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ မဂ္ဂင်ကျောင်းတိုက်၊ အောင်မြေသာစံမြို့နယ်ရှိ ဆေးဒါန်းတောင်ကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ဒဏ္ဍိဏာရာမပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ စစ်ကိုင်းစာသင်ကျောင်းတိုက်၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ ရက္ခဝတီတောရကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ အောင်မြေဘုံသာကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မွန်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး လှူဒါန်းလျက်ရှိရာ သထုံခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးရွှေဝင်းနှင့် ဝန်ထမ်းများက မေ ၆ ရက် နံနက်ပိုင်းတွင် သထုံမြို့ လိပ်အင်းရပ်ကွက် သာသနာ့ပန်းကုန်းကျောင်းတိုက် ဆရာတော်ကြီးထံသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်းစဉ်။ ကြေးမုံ

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးစိုးစိုးနိုင် | **အကြီးတန်း** | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| **စာတည်းမှူး** | - | ဦးဝင်းနိုင် | **သတင်းထောက်များ** | | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| | | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | **အငယ်တန်း** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| | | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သတင်းထောက်များ** | | ဦးသန်းတင်အောင် |
| | | | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | - | ဦးနိုင်လင်းကြည်၊ | **စာပြင်** | - | ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| **စာတည်းများ** | | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နယ်စပ်ရေးရာဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ





နေပြည်တော် မေ ၇

နယ်စပ်ရေးရာ ဝန်ကြီးဌာန၏ သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

ညှိနှိုင်း အစည်းအဝေးသို့ နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့် ဇော်ထူးနှင့် ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်း အတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ လက်ထောက် အတွင်းဝန်/ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)၊ ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်နှင့် စစ်ကိုင်း)၊ ဗဟိုလေ့ကျင့်ရေး ကျောင်းတို့မှ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးမှူးများ၊ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများနှင့် ခရိုင်ဦးစီးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က မကြာမီရက်ပိုင်းအတွင်း ဘင်္ဂလား ပင်လယ်အော်တွင် ဖြစ်ပေါ်လာမည့် လေဖိအားနည်းရပ်ဝန်းမှတစ်ဆင့် ဆိုင်ကလုန်းမုန်တိုင်းအဖြစ် ပြောင်းလဲကာ မြန်မာနိုင်ငံ ကုန်းတွင်းပိုင်းဒေသများသို့ ဖြတ်ကျော်ဝင်ရောက်လာနိုင်သည့် သတိပေးချက်များရှိကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ မိမိတို့ဝန်ကြီးဌာနအနေဖြင့် အဆိုပါဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုအပြင် ၎င်းနှင့် ဆက်စပ်သည့် သဘာဝဘေးအန္တရာယ်များကြောင့် ဝန်ကြီးဌာနကွပ်ကဲမှု အောက်ရှိ ရုံး/ဌာန၊ သင်တန်းကျောင်းများတွင် လူ၊ ပစ္စည်း၊ ယာဉ်/ ယန္တရားများ တတ်နိုင်သမျှ ထိခိုက်မှုအနည်းဆုံးဖြစ်စေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်၊ ဆေးဝါး/ ရိက္ခာ၊ သန့်ရှင်းသောရေ၊ အသက်ကယ်ပစ္စည်းနှင့် ကယ်ဆယ်ရေးပစ္စည်းများကို အသင့်ပြင်ဆင်ထားရှိရန်၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ညွှန်ကြားချက်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိရန်နှင့် ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ရုံးများ၊ ကျောင်းများ၌ အရေးပေါ်ကူညီကယ်ဆယ်ရေး ဆောင်ရွက်နိုင်ရန်အတွက် စုဖွဲ့ထားရှိသည့် Rescue Teams များအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း သဘာဝဘေးကျရောက်လာချိန်တွင် ဘေးသင့်ပြည်သူများအတွက် ကျရာကဏ္ဍမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်တို့ကို ဆွေးနွေးမှာကြားသည်။

**ပေါင်းစပ်ညှိနှိုင်း**

ဆက်လက်၍ တက်ရောက်လာကြသည့် တာဝန်ရှိသူများက သက်ဆိုင်ရာ နယ်မြေအလိုက် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်ပေါ်လာနိုင်သည့် မုန်တိုင်းဘေးအန္တရာယ်အတွက် တိုင်းဒေသကြီး / ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် မေ ၇

ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်ပေါ်လာနိုင်သည့် မုန်တိုင်းဘေးအန္တရာယ်အတွက် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄)၌ Hybrid စနစ်ဖြင့် ပြုလုပ်သည်။

**အလေးထားဆောင်ရွက်လျက်ရှိ**

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဘေးအန္တရာယ်များကြောင့် ပြည်သူများတွင် ဆုံးရှုံးမှုများ လျော့နည်းစေရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပြီး ဧပြီ ၂၇ ရက်တွင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲ မှုလုပ်ငန်းကော်မတီ အစည်းအဝေးကို အခြားဝန်ကြီးဌာနနှင့် ဦးစီးဌာနများမှ ကော်မတီအဖွဲ့ဝင်များ ပါဝင်တက်ရောက်၍လည်းကောင်း၊ မေ ၅ ရက်တွင် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ ပါဝင်တက်ရောက်၍လည်းကောင်း ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များတွင်ပါဝင်သည့် ကြိုတင်ပြင်ဆင်ခြင်း၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းကဏ္ဍများမှ လုပ်ငန်းစဉ်များနှင့်အညီ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ကျေးလက်အဆင့်အထိ အကောင်အထည်ဖော်ကြရမည်ဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများအနေဖြင့် အဆင့်ဆင့် အနီးကပ် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများအနေဖြင့် သက်ဆိုင်ရာအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် နီးနွယ်ဌာနဆိုင်ရာများနှင့် ကြိုတင်ညှိနှိုင်းကာ ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူများအနေဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်ပြီး ဖြစ်ပွားနိုင်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါအပါအဝင် ရေမှတစ်ဆင့် ကူးစက်သော ရောဂါများဖြစ်ပွားမှုမရှိစေရန် သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးတို့အတွက် လိုအပ်သောသောက်သုံးရေသန့်များ ကြိုတင်စုဆောင်းထားရှိခြင်း၊ ရေသန့်ဆေးမှုန့်နှင့် ဆေးပြားများ၊ အရေးပေါ်အခြေအနေတွင် အသုံးပြုနိုင်မည့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ ပစ္စည်းများအား ကြိုတင်စုဆောင်းထားရမည်ဖြစ်ပြီး ဘေးအန္တရာယ်ကျရောက်သည့် ဒေသများသို့ အချိန်မီဖြန့်ဝေ ပေးနိုင်ရန်နှင့် ကျန်းမာရေးအသိပညာပေးမှု လုပ်ငန်းများကိုလည်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

သဘာဝဘေးအန္တရာယ် ကျရောက်နိုင်သည့် နေရာဒေသများတွင် လိုအပ်နိုင်သည့် ဆေးနှင့် ပစ္စည်းကိရိယာများ၊ Disaster Medical Kit (အရေးပေါ်သုံးဆေးသေတ္တာ)များ၊ Family Kit (မိသားစုသုံးပစ္စည်း)များ၊ Clean Delivery Kit (မီးဖွားရန်အတွက်ပစ္စည်း)များနှင့် Dignity Kit (အမျိုးသမီးသုံးပစ္စည်း) များအား ကျေးလက်ကျန်းမာရေးဌာနခွဲများအရောက် ကြိုတင်ဖြန့်ဝေထားရှိရမည်ဖြစ်ပါကြောင်း၊ ဆေးရုံများတွင် အရေးပေါ်ခွဲစိတ် ကုသမှု၊ မွေးဖွားမှုအပါအဝင် ကုသမှုလုပ်ငန်းများ နှောင့်နှေးပျက်ကွက်ခြင်းမရှိစေရန် အစီအစဉ်များချမှတ်ကာ ဆောင်ရွက်ထားခြင်းနှင့် လိုအပ်သည့် အရေးပေါ်ဆေးအဖွဲ့များကို ကြိုတင်ဖွဲ့စည်းပြီးအသင့်အနေအထားဖြစ်စေရန် ဆောင်ရွက်ထားရှိရမည်ဖြစ်ပါကြောင်း၊ အရေးပေါ်လူနာလွှဲပြောင်းရန် လမ်းကြောင်းများကိုလည်း နီးနွယ်ဌာနဆိုင်ရာများနှင့် ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ထားရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများအနေဖြင့် တပ်မတော်ဆေးတပ်ဖွဲ့များနှင့်လည်း ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေကွပ်ကဲမှုစင်တာ (Public Health Emergency Operations Center) နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေကွပ်ကဲမှုစင်တာများကို လည်း ဖွင့်လှစ်(activate)ထားရှိပြီးဖြစ်ရာ အချိန်နှင့်တစ်ပြေးညီဆက်သွယ်ဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းက ကျန်းမာရေးဝန်ထမ်းအဆင့်ဆင့်ကို တာဝန်ကိုယ်စီခွဲဝေပေးထားပြီး ကိုယ်စီကိုယ်ငတာဝန်များအား သိရှိဆောင်ရွက်ကြရန် ကြီးကြပ်ကွပ်ကဲကြရမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးများနှင့် ဆေးရုံအုပ်ကြီးများက ဦးစီးဌာနအလိုက် ဆောင်ရွက်ထားရှိမှုများ၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက်နှင့် ဆေးရုံအလိုက် ကြိုတင်ပြင်ဆင်ထားမှုအခြေအနေ၊ အရေးပေါ်စီမံချက်များ ရေးဆွဲထားမှုအခြေအနေ၊ ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေ ကွပ်ကဲမှုစင်တာများ ဖွင့်လှစ်ထားရှိသည့်အခြေအနေများ၊ အရေးပေါ်ဆေးဝါးနှင့်ဆေးပစ္စည်းများ သိုလှောင်ထားရှိမှုအခြေအနေများနှင့် လိုအပ်ချက်များ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ လမ်းညွှန်ချက်ဖြင့် ဆောင်ရွက်နေမှုနှင့် နီးနွယ်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို အသေးစိတ်ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်ပစ္စည်းပြပွဲ ကျင်းပ

**နေပြည်တော် မေ ၇**

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်က ကြီးမှူးကျင်းပသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်ပစ္စည်းပြပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ LOTTE ဟိုတယ်၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်ပစ္စည်းပြပွဲကို ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ထို့နောက် အခမ်းအနား အစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်ပစ္စည်းပြပွဲကို စျေးကွက် ရှာဖွေပေးခြင်း၊ ဘဏ္ဍာရေးလိုအပ်ချက်များ အဖြေရှာပေးခြင်း၊ တီထွင်ဆန်းသစ်မှုကို အားပေးခြင်း၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်း၊ နည်းပညာအခက်အခဲများ ကူညီဖြေရှင်းပေးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ပံ့ပိုးပေးခြင်းနှင့် ဖန်တီးပေးခြင်း၊ နိုင်ငံတကာစီးပွားရေးကွန်ရက်များနှင့် ချိတ်ဆက်ပေးခြင်းစသည့် ရည်ရွယ်ချက်ကောင်းများဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်း ကျော်သည် MSME များဖြစ်ကြောင်း၊ နိုင်ငံစီးပွားရေး တိုးတက်လာစေရေး အတွက် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေး တွန်းအားပေး ဆောင်ရွက်ရန် လိုအပ်သည့်အတွက် လက်ရှိ ပြဋ္ဌာန်းထားသည့် မူဝါဒ၊ ဥပဒေနှင့် နည်းဥပဒေများ ပြင်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

MSME လုပ်ငန်းများအနေဖြင့် အဆင့်မြင့် ဒစ်ဂျစ်တယ်နည်းပညာများ အသုံးပြုနိုင်ရေးအတွက် ဒစ်ဂျစ်တယ်အသုံးပြုမှု စွမ်းရည်များ မြှင့်တင်ပေးနိုင်ရန် မဲခေါင်–လန်ချန်း ရန်ပုံငွေဖြင့် “MSMEs Upskilling and Reskilling Digital Capacity Development Program for Integrating in the Digital Economy” စီမံကိန်းကို ၂၀၂၃ ခုနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် အာဆီယံဒေသတွင်း MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ MSME ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အစိုးရ၊ အဖွဲ့အစည်းများနှင့် MSME တို့ သုံးဦးသုံးဖလှယ် ဟန်ချက်ညီစွာ ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော်က ကောင်းမွန်သည့်မူဝါဒများ ချမှတ်အကောင်အထည်ဖော်၍ လိုအပ်သည့်ပံ့ပိုးကူညီမှုများကိုဖြည့်ဆည်းပေးသွားမည်ဖြစ်ပြီး အဖွဲ့အစည်းများကလည်း ချမှတ်ထားသည့် မူဝါဒများနှင့်အညီ လိုက်ပါပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များအပါအဝင် ပုဂ္ဂလိကကဏ္ဍဘက်ကလည်း ယခုထက်ပိုမိုပူးပေါင်းပါဝင် ဆောင်ရွက်ပေးပါရန် ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌက အသင်းကြီးမှ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ၊ ဆက်လက်ဆောင်ရွက်ပေးသွားမည့် အစီအမံများကို ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာသည့် ဧည့်သည်တော်များသည် ပြည်တွင်း MSME ထုတ်ကုန်များ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး ညှိနှိုင်းအစည်းအဝေးကို မရမ်းကုန်းမြို့နယ် သလ္လာဝတီလမ်းရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံများမှ စက်ရုံမှူးများ၊ ဌာနတာဝန်ခံများ တက်ရောက်သည်။

ညှိနှိုင်း အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ယခုဖြစ်ပေါ်နေသည့် ရာသီဥတု အခြေအနေအရ မိုချာမုန်တိုင်းသည် အားကောင်းလာပါက ကွမ်းခြံကုန်းမြို့နှင့် ဖျာပုံမြို့အကြားမှ လည်းကောင်း၊ စစ်တွေမြို့နှင့် ကျောက်ဖြူမြို့အကြားမှ လည်းကောင်း ဖြတ်သန်း၍ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်မည်ဟု မိုးလေဝသ ပညာရှင်များက ခန့်မှန်းတွက်ချက်ထားကြောင်း၊ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ စက်ရုံ၊ အလုပ်ရုံ၊ ရုံး၊ အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်နေစဉ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် အစီအမံများကိုလည်း ကြိုတင်မြော်တွေး စဉ်းစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်ပြီးပါကလည်း ပျက်စီးဆုံးရှုံးခဲ့မှုနှင့်ပတ်သက်၍ ဆောင်ရွက်မှုအစီအမံများ၊ ဝန်ထမ်းများကို ကျန်းမာရေးစောင့်ရှောက်ပေးမည့် အစီအမံများကိုလည်း ကြိုတင်စဉ်းစားဆောင်ရွက်ထားရန်နှင့် လုပ်ငန်းတာဝန်များကို အလေးအနက်ထား၍ ဆောင်ရွက်ကြရန်မှာကြားပြီး စက်ရုံမှူးများက သဘာဝဘေးအန္တရာယ် ဖြစ်ပွားလာပါက ကြိုတင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

**သတင်းစဉ်**



# စစ်ကိုင်းတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မုံရွာ မေ ၇**

စစ်ကိုင်းတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၇ ရက် မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မုံရွာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကလေးခရိုင်၊ ကသာခရိုင်၊ ကန့်ဘလူခရိုင်၊ ခန္တီးခရိုင်များ၊ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။



**ပြောကြား**

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စစ်ကိုင်းတိုင်းဒေသကြီးသည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှား အပူပိုင်းရပ်ဝန်းဒေသတွင်တည်ရှိရာ ကြီးမားကျယ်ပြန့်သည့် တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးတွင် မြေမျက်နှာပြင်တည်ရှိမှုအရ အကန့်အသတ်များရှိခြင်း၊ အချို့သောနေရာများတွင် ရေလမ်းတစ်ခုတည်းကိုသာ အားကိုးအားထားပြုနေရခြင်းတို့ကြောင့် ဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ပျက်စီးဆုံးရှုံးမှု နည်းနိုင်သမျှ လျော့နည်းစေရန်အတွက် ကြိုတင်ကာကွယ်ရေးဆိုင်ရာလုပ်ဆောင်ချက်များ၊ ကယ်ဆယ်စောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို စနစ်တကျ စီမံဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကော်မတီအသီးသီးမှ တာဝန်ရှိသူများ အနေဖြင့် အောင်မြင်စွာ ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် အစည်းအဝေးသို့ တက်ရောက်လာသူများက တိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများနှင့်ပတ်သက်၍ ဖြည့်စွက်တင်ပြကြသည်။

ထို့နောက်တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက်လာသူများ၏ အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပြင်ဆင်ဖတ်ရှုပါရန်

မေ ၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၃ တွင် ဖော်ပြခဲ့သော “နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား”သတင်း၏ အညွှန်းစာမျက်နှာ ၄၊ ကော်လံ ၄ ပထမစာပိုဒ်တွင်ပါရှိသည့် **သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ(Disaster Management Committee)** အစား **သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုစင်တာ(Disaster Management Center)**ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် မေ ၇**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ (၃၁) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ





နေပြည်တော် မေ ၇

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ (၃၁) ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်၏ ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ အစီအစဉ်နှစ်ရပ်ဖြင့် ကျင်းပရာ ပထမပိုင်း အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များ၊ ဘွဲ့ရမောင်မယ်များနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

### စိုက်ပျိုးရေးပညာရှင်များအဖြစ်

ပထမပိုင်းအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ ပညာသင်ကြားသင်ယူမှုမှတ်တမ်းများမှ ၁၀စုနှစ် တစ်ခုစာ လေ့လာကြည့်ရာတွင် ကျောင်းသား ကျောင်းသူ ၅၀ ရာခိုင်နှုန်းမှာ တောင်သူလယ်သမားမိသားစုများမှဖြစ်ပြီး ဝန်ထမ်းမိသားစုမှ ၂၅ ရာခိုင်နှုန်းဖြင့် ဒုတိယအများဆုံးတွေ့ရှိရကြောင်း၊ တတိယအများဆုံးမှာ ကုန်သည်အရောင်းအဝယ် လုပ်ကိုင်ကြသူများဖြစ်ကြပြီး ကျန်သူများမှာ အခြားအလုပ်အကိုင်ဖြင့် အသက်မွေးဝမ်းကျောင်းကြသည့် မိသားစုများမှဖြစ်သည်ကို လေ့လာတွေ့ရှိရကြောင်း၊ တောင်သူလယ်သမားမိသားစုနှင့် နယ်မြို့များ၊ ကျေးလက်နေပြည်သူများမှ မောင်မယ်များ အများဆုံးပါဝင်သည့် အဆင့်မြင့်စိုက်ပျိုးရေးပညာတတ်များ မွေးထုတ်ပေးနိုင်လျက်ရှိသည်ကို တွေ့မြင်ရကြောင်း၊ ဘွဲ့ရမောင်မယ်များအနေဖြင့် တောင်သူများ၊ ကျေးလက်နေပြည်သူများနှင့် ကျွမ်းဝင်ပြီးသူများ၊ နီးစပ်သူများဖြစ်၍ အနာဂတ်လယ်ယာကဏ္ဍ၌ အားထားရသည့် စိုက်ပျိုးရေးပညာရှင်များအဖြစ် လက်လှမ်းတမီနည်းပညာ ပြန့်ပွားရေးလုပ်ငန်းများ၊ အသိပညာပြန့်ပွားရေးလုပ်ငန်းများတွင် စွမ်းဆောင်သွားကြရန် တိုက်တွန်းကြောင်း။

ဘွဲ့လွန်ဘွဲ့ရမောင်မယ်များအနေဖြင့် ဆိုင်ရာဘာသာရပ်များကို ပိုမိုနက်ရှိုင်းစွာ လေ့လာခဲ့ပြီးဖြစ်၍ မိမိတို့နှင့် ထိုက်တန်သောဘွဲ့များကို ယနေ့အပ်နှင်းသွားမည်ဖြစ်၍ ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ ဘွဲ့ရမောင်မယ်များထဲမှ ပြည်သူ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ကြမည့်သူများရှိသကဲ့သို့ ပုဂ္ဂလိကလုပ်ငန်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ကျေးလက်နှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မိမိကိုယ်ပိုင်လယ်ယာစီးပွားရေးလုပ်ငန်းများ၌ လုပ်ကိုင်ကြသူများလည်း ရှိလာကြမည်ဖြစ်၍ အမိတက္ကသိုလ်က သင်ကြားပေးလိုက်သော အသိပညာ၊ အတတ်ပညာများကို လက်တွေ့လုပ်ငန်းနှင့် ပေါင်းစပ်လုပ်ကိုင်ကြပြီး နိုင်ငံ၏စားရေရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝရေး၊ အစားအစာဘေးကင်းလုံခြုံမှုရှိစေရေး၊ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာရေးလုပ်ငန်းများတွင်လည်း ကျရာကဏ္ဍများမှ အလေးထား ကြိုးပမ်းဆောင်ရွက်ပေးကြရန်နှင့် မိမိတတ်ကျွမ်းသော ပညာရပ်ကို စိုက်ပျိုးရေးကဏ္ဍတွင် မဖြစ်မနေ အသုံးချနိုင်ရေး ဆောင်ရွက်သွားရန် မှာကြားလိုကြောင်း ပြောကြားသည်။

ဒုတိယပိုင်းအခမ်းအနားတွင် စိုက်ပျိုးရေးသိပ္ပံဘွဲ့ ၂၂၀၊ စိုက်ပျိုးရေး မဟာသိပ္ပံဘွဲ့ ၁၄ ဦး၊ ပါရဂူဘွဲ့ ရှစ်ဦးတို့ကို စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့်ပညာရေးအဖွဲ့ဝင်များက သက်ဆိုင်ရာဘွဲ့လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ပြီး ကိုယ်တိုင်တက်ရောက်နိုင်ခြင်းမရှိ၍ အဝေးရောက် ဘွဲ့ယူသူ ၈၆ ဦးအပါအဝင် ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်များ၏ သက်ဆိုင်ရာ စာမေးပွဲများတွင် အောင်မြင်ခဲ့သူ စုစုပေါင်း ၃၂၈ ဦးကို ဆိုင်ရာဘွဲ့များ ချီးမြှင့်ခဲ့ကြသည်။ ၁၉၂၄ ခုနှစ်တွင် စိုက်ပျိုးရေးကောလိပ်အဖြစ် စတင်ဖွင့်လှစ်ခဲ့သည်မှ ယနေ့အထိ နှစ်(၁၀၀)အတွင်း စိုက်ပျိုးရေးသိပ္ပံဘွဲ့ ၁၂၉၈၃ ဦး၊ ဘွဲ့လွန်ပါရဂူဘွဲ့ ၈၀၊ မဟာသိပ္ပံဘွဲ့ ၆၅၂ ဦး၊ မဟာဒဿနဘွဲ့ ကိုးဦး၊ စိုက်ပျိုးရေးဘွဲ့လွန် ဒီပလိုမာ ၆၂ ဦး၊ Israel – YAU တွဲဖက်ပြီး စိုက်ပျိုးရေးစီးပွားပညာ ဒီပလိုမာ ၅၆၅ ဦး၊ ဘွဲ့လွန် ၁၃၆၈ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ သုတေသနစိုက်ကွင်းများ၊ တစ်နှစ် သုံးသီး စိုက်ပျိုးနိုင်သော သီးနှံပုံစံတွဲ စမ်းသပ်စိုက်ပျိုးထားရှိမှုများ၊ သီးနှံမျိုးစေ့နမူနာများ၊ ခတ်ခွဲခန်းများနှင့် မျိုးစေ့ဘဏ်တို့ကို ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းနှင့် သုတေသနပညာရှင်များက လုပ်ငန်းစဉ် တစ်ခုချင်းစီကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အဆင့်မြင့် သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် တောင်သူများ ပူးပေါင်းပါဝင်သော လက်တွေ့အသုံးချ သုတေသနလုပ်ငန်းများ ဒေသအလိုက် တိုးချဲ့ဆောင်ရွက်ရန်၊ သီးနှံမျိုးရင်းများ ထိန်းသိမ်းခြင်းနှင့် အရည်အသွေးကောင်း အထွက်ကောင်း သီးနှံမျိုးသစ်များ ထုတ်လုပ်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန်၊ သုတေသနပညာရှင်လူသားအရင်းအမြစ်များတိုးပွားရေး စီမံဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မွေးမြူရေးသုတေသနဦးစီးဌာနသို့ ရောက်ရှိကြရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းနိုင်ထွန်းက ဆောင်ရွက်ဆဲ ကုန်းနေရေနေသတ္တဝါ သုတေသနလုပ်ငန်းများ၊ ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်သည့် သုတေသနလုပ်ငန်းများ၊ ဘဏ္ဍာနှစ်အလိုက် တိုးချဲ့ဆောင်ရွက်မည့် သုတေသနလုပ်ငန်းများနှင့် မွေးမြူရေးသုတေသနဦးစီးဌာန မြေနေရာ အတည်ပြုရွှေးချယ်နိုင်ရေးဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ဦးစီးဌာနအလိုက် ညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာကဏ္ဍများအလိုက် ပူးပေါင်းဆောင်ရွက်ပေးနိုင်မှုကို ရှင်းလင်းတင်ပြကြသည်။ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကယားပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**လွိုင်ကော် မေ ၇**

ကယား ပြည်နယ်အတွင်း ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် စပ်လျဉ်း၍ ထိရောက်စွာ ဆောင်ရွက်နိုင်ရေး အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ကယားပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် သဘာဝဘေးအန္တရာယ် ကျရောက်မည်ဆိုပါက ပြည်သူများ ဆုံးရှုံးမှုအနည်းဆုံးအဖြစ် ကျော်လွှားနိုင်ရေး အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို မဖြစ်မနေ စတင်ပြင်ဆင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု တည်မြဲအမိန့် (၂၀၂၂) ခုနှစ်ကို ထုတ်ပြန်ထားပြီး ဖြစ်ကြောင်း၊ ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့်ပတ်သက်သည့် တည်မြဲအမိန့်၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ လုပ်ငန်းကော်မတီများ ပေါင်းစပ်၍ စနစ်တကျစီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အတွင်းရေးမှူး ဦးအံ့မော်က သဘာဝဘေးအန္တရာယ်များနှင့် စပ်လျဉ်း၍ အရေးပေါ်တုံ့ပြန်ရေး ဆောင်ရွက်ထားရှိသည့် အစီအမံများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ လုပ်ငန်းကော်မတီဝင်များက မိမိတို့ သက်ဆိုင်ရာ လုပ်ငန်းကော်မတီများအလိုက် ကြိုတင်စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးများက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် ဆောင်ရွက်ပေးမည့် အခြေအနေများ၊ ပေါင်းစပ်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ မှာကြားခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**


# ညောင်လေးပင်မြို့နယ်၌ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ညှိနှိုင်းစည်းဝေး

ညောင်လေးပင် မေ ၇

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ ယမန်နေ့မွန်းလွဲ ၁ နာရီက ခရိုင်အဆင့်သဘာဝဘေးအန္တရာယ်ကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အဖွင့်အမှာစကားပြောကြားပြီး ညောင်လေးပင်တပ်နယ် တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး ဝင်းထွန်းအောင်က သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာလုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့ဝင်များက ဆက်လက်ဆွေးနွေးပြောကြားခဲ့ပြီး လိုအပ်သည်များကို အပြန်အလှန် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



ပူနွေးကမ္ဘာ တားဆီးရာ
ဖြေရှာတစ်ခု တောပြုစု။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး

လင်းလက်နေခြည်

### သမိုင်းကြောင်း

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ ၁၉၉၂ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် သမ္မတ ဘောရစ်ရယ်ဆင်က အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများတွင် ဖြစ်ပွားနေသည့် အဂတိလိုက်စားမှုများကို တိုက်ဖျက်နိုင်ရေး အမိန့်ဒီကရီတစ်ခုကို ထုတ်ပြန်ခဲ့သည်။ အဆိုပါအမိန့်ဒီကရီအရ အများပြည်သူဆိုင်ရာ အရာရှိများအနေဖြင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းကို တားမြစ်ထားသည်။ ထို့အပြင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ၎င်းတို့၏ ဝင်ငွေ၊ အိမ်ခြံမြေနှင့် အခြားပိုင်ဆိုင်မှုများ၊ ဘဏ်စာရင်းများ၊ ငွေကြေးပိုင်ဆိုင်မှုစာရင်းများကို ထုတ်ဖော်ကြေညာရသည်။ အဆိုပါဆောင်ရွက်ချက်များသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကနဦးဆောင်ရွက်ချက်များပင်ဖြစ်သည်။

ရုရှားသမ္မတ ဒီမီထရီ မက်ဗီဒတ် (Dmitry Medvedev) သည် သမ္မတရာထူးကို ရယူခဲ့ပြီးနောက် ၂၀၀၈ ခုနှစ် မေလ ၁၉ ရက်နေ့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအစီအစဉ်တစ်ခုကို လက်မှတ်ရေးထိုးကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကောင်စီ (Anti-Corruption Council) ကို ဖွဲ့စည်းခဲ့သည်။ ၂၀၀၈ ခုနှစ် ဇူလိုင်လတွင် အမျိုးသားအဆင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအစီအစဉ်တစ်ခုကို ချမှတ်ကာ နိုင်ငံပိုင်သတင်းစာမှတစ်ဆင့် ပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့သည်။

### ဒီမီထရီလက်ထက် ဆောင်ရွက်ချက်များ

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကောင်စီ၏ ပထမဦးဆုံးအကြိမ်အဖြစ် ကျင်းပသည့် အစည်းအဝေးတွင် "မိမိအနေနဲ့ ရိုးရိုးရှင်းရှင်းနဲ့ စိတ်မကောင်းစရာစကားကို ထပ်ပြောရဦးမယ်။ မိမိတို့နိုင်ငံမှာ အဂတိလိုက်စားမှုတွေ ပျံ့နှံ့နေပြီး ရုရှားလူ့အဖွဲ့အစည်းရဲ့ ပုံမှန်ကြုံတွေ့နေကျအရာတစ်ခုလိုဖြစ်နေပြီ"ဟု ထုတ်ဖော်ပြောကြားခဲ့သည်။ ဒီမီထရီချမှတ်ခဲ့သည့် အမျိုးသားအဆင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအစီအစဉ်၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတစ်ခုကို ပြဋ္ဌာန်းသွားရန် ချမှတ်ထားသဖြင့် ၂၀၀၈ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် အဂတိလိုက်စားမှုတန်ပြန်တိုက်ဖျက်ရေးဥပဒေ (On Corruption Counteraction) ကို ဥပဒေအမှတ် 273-FZ ဖြင့် ပြဋ္ဌာန်းခဲ့သည်။

ဒီမီထရီအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ပထမဦးစားပေးဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။ ဥပဒေပြဋ္ဌာန်းပြီး ၂၀၁၀ ပြည့်နှစ် ဧပြီလ ၁၃ ရက်နေ့တွင် သမ္မတရုံးအမိန့်ဒီကရီ ၄၆၀ ဖြင့် အမျိုးသားအဆင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးမဟာဗျူဟာကို ချမှတ်ခဲ့ပြီး နှစ်နှစ်တစ်ကြိမ် ပြင်ဆင်ဖြည့်စွက်ခြင်း ပြုလုပ်ခဲ့သည်။ သို့ရာတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ သိသာထင်ရှားစွာ အောင်မြင်စွာဆောင်ရွက်နိုင်ခြင်းမရှိခဲ့သည့် ဒီမီထရီအနေဖြင့် ၂၀၁၁ ခုနှစ် မေလ ၄ ရက်နေ့တွင် Criminal Code နှင့် Code of Administrative Offences တို့ကို ပြင်ဆင်ကာ အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်မှုကို အဆ ၁၀၀ ခန့်အထိ တိုးမြှင့်ပြီး ရှုံးဆယ်သန်း ၅၀၀ အထိ တိုးမြှင့်ခဲ့သည်။

### ဗလာဒီမာပူတင် လက်ထက်

ဒီမီထရီ၏ ဆောင်ရွက်မှုများသည် သိသာထင်ရှားသည့်ရလဒ်များရခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေးအဖွဲ့၏ အဂတိလိုက်စားမှုအညွှန်းကိန်းများတွင် ရမှတ်များ သိသာထင်ရှားစွာ တိုးတက်လာခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ယခင်နှစ်ထက် ရမှတ်တိုးတက်လာကာ နိုင်ငံအဆင့် ၁၁ ဆင့်အထိ တိုးတက်လာခဲ့သည်။

ရုရှားနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအကြောင်း လေ့လာမည်ဆိုပါက လက်ရှိသမ္မတဖြစ်သူ ဗလာဒီမာပူတင်၏ အခန်းကဏ္ဍကိုပါ ထည့်သွင်းသုံးသပ်ရန် လိုအပ်မည်ဖြစ်ပါသည်။ ပူတင်သည် ၁၉၉၉ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိလည်းကောင်း၊ ၂၀၀၈ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိလည်းကောင်း ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၈ ခုနှစ်အထိလည်းကောင်း၊ ၂၀၁၂ ခုနှစ်မှ လက်ရှိအချိန်အထိလည်းကောင်း သမ္မတတာဝန် ထမ်းဆောင်နေသူလည်းဖြစ်သည်။

> **"အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးတွင် အကျိုးစီးပွားပဋိပက္ခ တားဆီးကာကွယ်နိုင်ရေးအတွက် ပိုင်ဆိုင်မှုကြေညာခြင်း၏အခန်းကဏ္ဍသည် လွန်စွာအရေးကြီးသဖြင့် ရုရှားနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ(၈)တွင် အစိုးရဝန်ထမ်းများနှင့် စည်ပင်သာယာရေးဝန်ထမ်းများအနေဖြင့် ၎င်းတို့၏ ပိုင်ဆိုင်မှု၊ ဝင်ငွေ၊ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များစာရင်းကို သက်ဆိုင်ရာဌာနသို့ တင်သွင်းရန် တာဝန်ရှိသည်။ ပိုင်ဆိုင်မှုကြေညာခြင်းကို ပျက်ကွက်ပါက ဥပဒေအရ အရေးယူခံရမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများအနေဖြင့် ပိုင်ဆိုင်မှုကြေညာခြင်းပါ အချက်အလက်များကို လျှို့ဝှက်ထိန်းသိမ်းထားရန်ဖြစ်ကာ လိုအပ်သည့်အချက်အလက်များကို အများပြည်သူသို့ ထုတ်ပြန်ကြေညာရန်ဖြစ်"**

ဒီမီထရီလက်ထက်တွင် ဝန်ကြီးချုပ်တာဝန်ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ပါဝင်ဆောင်ရွက်ခဲ့ပြီး ၎င်းစတင်တာဝန်ယူသည့်အချိန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် အရေးကြီးသည့် ပိုင်ဆိုင်မှုကြေညာခြင်းအခန်းကဏ္ဍကို စတင်မိတ်ဆက်ခဲ့သည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းခဲ့ကာ အများပြည်သူဆိုင်ရာ အရာရှိများနှင့် စစ်ဘက်ဆိုင်ရာအရာရှိများ၏ လုပ်ငန်းတာဝန်ထမ်းဆောင်မှုတွင် အကျိုးစီးပွားပဋိပက္ခဖြစ်မှုအခြေအနေများကို တားဆီးနိုင်ရေး ဆောင်ရွက်ခဲ့ပြီး အစိုးရဌာနအဖွဲ့အစည်းများ၌ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၏ပိုင်ဆိုင်မှုကို ထုတ်ဖော်ကြေညာရန် ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ဥပဒေပါပုဒ်မများကို ပြင်ဆင်ဖြည့်စွက်ခြင်းများ ဆောင်ရွက်ခဲ့ပြီး ဥပဒေပုဒ်မ ၁၃ဝ တွင် အဖွဲ့အစည်းများအားလုံးအနေဖြင့် "အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဌာန သို့မဟုတ် တာဝန်ခံများထားရှိရန်၊ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ စီးပွားရေးလုပ်ငန်းများနှင့် အစိုးရဌာနအဖွဲ့အစည်းများတွင် ကျင့်ဝတ်ချမှတ်ထားရန်၊ အကျိုးစီးပွားပဋိပက္ခ တားဆီးကာကွယ်ရေးတို့ကို ဆောင်ရွက်ရန်နှင့် စာရင်းအင်း ကိန်းဂဏန်းအချက်အလက်များကို လိမ်လည်ခြင်းမရှိစေရေးတို့ ဆောင်ရွက်ရန်" ပြဋ္ဌာန်းထားသည်။ အထူးသဖြင့် ပူတင်လက်ထက်၌ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဖွဲ့အစည်း (OECD) လာဘ်ပေးလာဘ်ယူမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်းသို့ ၂၀၁၂ ခုနှစ်တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့သည်။

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးမဟာဗျူဟာ

ရုရှားနိုင်ငံ၌ ၂၀၂၁ ခုနှစ် ဩဂုတ်လ ၁၆ ရက်နေ့တွင် အမိန့်ဒီကရီအမှတ် ၄၇၈ ဖြင့် အမျိုးသားအဆင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအစီအစဉ် (၂၀၂၁-၂၀၂၄) ကို ချမှတ်ခဲ့သည်။ အစီအစဉ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးစံနှုန်းများ ချမှတ်ခြင်း၊ အကျိုးစီးပွားပဋိပက္ခ တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ သတင်းအချက်အလက်များ လုံခြုံစွာထိန်းသိမ်းခြင်း၊ ပုဂ္ဂလိကကဏ္ဍ အဂတိလိုက်စားမှုတိုက်ဖျက်ခြင်း၊ အများပြည်သူ ဝယ်ယူမှုကဏ္ဍ၌ အဂတိလိုက်စားမှုတိုက်ဖျက်ခြင်း၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အသိပညာပေးခြင်းနှင့် ပြည်တွင်းပြည်ပ ပူးပေါင်းဆောင်ရွက်ခြင်းအပါအဝင် လုပ်ငန်းနယ်ပယ် ၁၆ ခုပါဝင်သည်။

### အကျိုးစီးပွားပဋိပက္ခ တားဆီးကာကွယ်ခြင်းနှင့် ပိုင်ဆိုင်မှုကြေညာခြင်း

အမျိုးသားအဆင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအစီအစဉ်တွင် အကျိုးစီးပွားပဋိပက္ခအခြေအနေများကို တားဆီးကာကွယ်နိုင်ရေးအတွက် အစိုးရဌာနအဖွဲ့အစည်းများအတွင်း ရာထူးတိုးမြှင့်ခြင်းကဲ့သို့သော ရပိုင်ခွင့်များနှင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေခြင်းတို့တွင် အဂတိလိုက်စားမှုများ မဖြစ်ပေါ်စေရန် လိုအပ်သော မူဝါဒလုပ်ထုံးလုပ်နည်းများချမှတ်ထားရန် ပြဋ္ဌာန်းထားသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၁၀ တွင် အစိုးရဝန်ထမ်းများနှင့် စည်ပင်သာယာရေး ဝန်ထမ်းများအနေဖြင့် အများပြည်သူအကျိုးစီးပွား သို့မဟုတ် သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် နိုင်ငံတော်၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ရာတွင် ပုဂ္ဂိုလ်ရေးအကျိုးစီးပွားအတွက် ရောထွေးဆောင်ရွက်ခြင်းနှင့် လုပ်ငန်းတာဝန်ထမ်းဆောင်မှုများတွင် ပြည်သူ့ဘဏ္ဍာငွေ၊ ပြည်သူပိုင်ပစ္စည်းများနှင့် အခြားဘေးကိစ္စရပ်များတွင် ကိုယ်ကျိုးစီးပွားများ ဦးတည်ဆောင်ရွက်ခြင်းဖြင့် အကျိုးစီးပွားပဋိပက္ခအခြေအနေကို ဖြစ်ပေါ်စေသည်ဟု ဖော်ပြထားသည်။

ပုဒ်မ ၁၁ တွင် အစိုးရဝန်ထမ်းများနှင့် စည်ပင်သာယာရေးဝန်ထမ်းများသည် ယခုကဲ့သို့သောအခြေအနေများကို ရှောင်ရှားနိုင်ရန်အတွက် လိုအပ်သောအစီအမံများ စီမံဆောင်ရွက်ရန်နှင့် ထိုကဲ့သို့သောအခြေအနေများ ပေါ်ပေါက်ပါက သတိပြုမိသည်နှင့် အထက်အဆင့်သို့ စာဖြင့်ရေးသားတင်ပြရန်လိုအပ်ပြီး သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများအနေဖြင့်လည်း လိုအပ်ပါက အကျိုးစီးပွားပဋိပက္ခ တားဆီးကာကွယ်ရေးအတွက် တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များ ချမှတ်ထားရန် ပြဋ္ဌာန်းထားသည်။

ထို့အပြင် အစိုးရဝန်ထမ်း သို့မဟုတ် စည်ပင်သာယာရေးဝန်ထမ်းများအနေဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်ကိုင်ခြင်း၊ အခြားစီးပွားရေးလုပ်ငန်းများတွင် အစုရှယ်ယာပါဝင်ခြင်းကဲ့သို့သော စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မှုရှိနေပါက အဆိုပါစီးပွားရေးလုပ်ငန်းကို ယုံကြည်စိတ်ချရသော အခြားသူတစ်ဦးထံသို့ တရားဝင်လွှဲပြောင်းပေးခြင်းဖြင့် အကျိုးစီးပွားပဋိပက္ခအခြေအနေကို တားဆီးရန် ပြဋ္ဌာန်းထားသည်။ အကျိုးစီးပွားပဋိပက္ခအခြေအနေကို စစ်ဆေးဖော်ထုတ်တွေ့ရှိရပါက ရာထူးမှ ထုတ်ပယ်ခြင်းကဲ့သို့သော စည်းမျဉ်းစည်းကမ်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရန် ပုဒ်မ ၁၁ (င) တွင် ပြဋ္ဌာန်းထားသည်။

အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးတွင် အကျိုးစီးပွားပဋိပက္ခ တားဆီးကာကွယ်နိုင်ရေးအတွက် ပိုင်ဆိုင်မှုကြေညာခြင်း၏အခန်းကဏ္ဍသည် လွန်စွာအရေးကြီးသဖြင့် ရုရှားနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ(၈)တွင် အစိုးရဝန်ထမ်းများနှင့် စည်ပင်သာယာရေးဝန်ထမ်းများအနေဖြင့် ၎င်းတို့၏ ပိုင်ဆိုင်မှု၊ ဝင်ငွေ၊ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များစာရင်းကို သက်ဆိုင်ရာဌာနသို့ တင်သွင်းရန် တာဝန်ရှိသည်။ ပိုင်ဆိုင်မှုကြေညာခြင်းကို ပျက်ကွက်ပါက ဥပဒေအရ အရေးယူခံရမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများအနေဖြင့် ပိုင်ဆိုင်မှုကြေညာခြင်းပါ အချက်အလက်များကို လျှို့ဝှက်ထိန်းသိမ်းထားရန်ဖြစ်ကာ လိုအပ်သည့်အချက်အလက်များကို အများပြည်သူသို့ ထုတ်ပြန်ကြေညာရန်ဖြစ်သည်။

### ပိုင်ဆိုင်မှုကြေညာခြင်း ညွှန်ကြားချက်

ရုရှားနိုင်ငံတွင် အစိုးရဝန်ထမ်းများနှင့် စည်ပင်သာယာရေးဝန်ထမ်းများ၏ ပိုင်ဆိုင်မှုကြေညာခြင်းနှင့်စပ်လျဉ်း၍ အမိန့်ကြေညာချက်တစ်ခုကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါ ကြေညာချက်အရ အများပြည်သူဆိုင်ရာဌာနများတွင် တာဝန်ထမ်းဆောင်ရန် လျှောက်ထားသူများ၊ တာဝန်ထမ်းဆောင်ရသူများနှင့် ၎င်းတို့၏ အိမ်ထောင်ဖက်များ၊ အမွေစားအမွေခံသားသမီးများအနေဖြင့် ၎င်းတို့၏ ပိုင်ဆိုင်မှု၊ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ဧပြီလ ၃၀ ရက်နေ့အတွင်း တင်ပြသွားရန်ဖြစ်သည်။

ပိုင်ဆိုင်မှုကြေညာထားသည့် ဝန်ထမ်းများ၏ အချက်အလက်များကို http://state. Kremlin.ru/president/income/administration/incomes တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်သည်။ ၂၀၂၁ ခုနှစ် ဇူလိုင်လ၏စာရင်းများအရ အများပြည်သူဆိုင်ရာ အရာရှိ ၇၉၁၇၃၈ ဦးတို့အနေဖြင့် ပိုင်ဆိုင်မှုကြေညာထားသည်ကို တွေ့ရသည်။

### နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး

ရုရှားနိုင်ငံသည် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းသို့ ၂၀၀၆ ခုနှစ် မတ်လ ၈ ရက်နေ့တွင် အတည်ပြုဝင်ရောက်ထားသည်။ အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေးအဖွဲ့ (TI) နှင့်လည်း နီးကပ်သည့်ဆက်ဆံရေး တည်ဆောက်ထားနိုင်ပြီး **စာမျက်နှာ ၇ သို့** ❑

✳ ရှေ့ဖုံးမှ

ပင့်ဆောင်ခဲ့ရမှု၊ ရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော် အပိုင်း(၁/၂/၃/၄)တို့ကို ထုဆစ်ခြင်း၊ ပလ္လင်တော်အထက်သို့ ပင့်ဆောင်နိုင်ရန် သံမဏိမျှော်စင် ဝန်ချီစက်တည်ဆောက်ခြင်း၊ ရုပ်ပွားတော်မြတ်ကြီး ပင့်ထောင်ခြင်းနှင့် ပင့်ဆောင်နေရာချထားခြင်း လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှု၊ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ကြီးနှင့် သာသနိကအဆောက်အအုံ စိမ်းလန်းစိုပြည် သာယာလှပစေရေးအတွက် သစ်ပင်၊ ပန်းမန်များ စိုက်ပျိုးဆောင်ရွက်နေမှု၊ သာသနိကအဆောက်အအုံများ ဆောက်လုပ်နေမှုနှင့် အဆင့်ဆင့်တိုးတက်လာမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

**လေ့လာကြည့်ရှု**

ထို့နောက် လာရောက်လေ့လာဖူးမြော်ကြည်ညိုကြသည့် အဖွဲ့များသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်းရှိ သာသနိကအဆောက်အအုံများ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်နေမှုများကို လှည့်လည်လေ့လာကြည့်ရှုကြသည်။

**သတင်းစဉ်**



○ ဘင်္ဂလားပင်လယ်အော်မှ

**အကြံပြုချက်**

သချာပုံစံပြုမော်ဒယ်များ၏ ခန့်မှန်းချက်များအရ မြစ်ဝကျွန်းပေါ်ဒေသနှင့် ရခိုင်ကမ်းရိုးတန်းအနီးသို့ ရောက်ရှိနိုင်ပါသဖြင့် မေ ၉ ရက်မှ ၁၄ ရက်အထိ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၈၀ မှ မိုင် ၉၀ ခန့်အထိ တိုက်ခတ်နိုင်သည်ဟု ခန့်မှန်းရသည်။

ယခုအချိန်တွင် မုန်တိုင်းစတင် အစပျိုးခြင်းမရှိသေးပါသဖြင့် ခန့်မှန်းချက်များ အားလုံးသည် တိုင်းထွာသည့် အချိန်၊ အသုံးပြုသည့် Data နှင့် ခန့်မှန်းတွက်ချက်သည့် မော်ဒယ်တို့အပေါ် မူတည်၍ မုန်တိုင်းရွေ့လျားမည့်လမ်းကြောင်း အမျိုးမျိုးပြောင်းလဲနေပါသည်။ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် အချိန်နှင့်တစ်ပြေးညီ တွက်ချက်ရရှိသည့် ခန့်မှန်းချက်များကို ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

အဆိုပါဖြစ်ပေါ်လာနိုင်သည့် ဆိုင်ကလုန်းမုန်တိုင်း၏အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်သူလူထုအနေဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ချက်များကို စောင့်ကြည့်၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်သွားနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# လင်းခေးခရိုင်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနား ကျင်းပ

**လင်းခေး မေ ၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် လင်းခေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်စီမံကိန်းများ ရေးဆွဲအကောင်အထည် ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးနေဝင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ခရိုင်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီအတွင်းရေးမှူး ဦးကျော်သူရက စီမံကိန်း လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ခရိုင်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များဖြစ်သော လျာထားစစ်ကဏ္ဍနှင့် ဆောက်လုပ်မှုကဏ္ဍများကို သက်ဆိုင်ရာဌာနများနှင့် လင်းခေး၊ မိုင်းပန်နှင့် မောက်မယ် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရေး ဥက္ကဋ္ဌများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝိုးတောင်း**




❑ စာမျက်နှာ ၆ မှ

TI ရုံးခွဲကို ၁၉၉၃ ခုနှစ်ကတည်းက ရုရှားတွင် ဖွင့်လှစ်ထားနိုင်ခဲ့ကာ အဖွဲ့အစည်းပေါင်း ၁၀၀ နှင့် လက်တွဲ၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် Kaliningrad၊ Saint Petersburg၊ Moscow၊ Yekaterin burg နှင့် Barnaul တို့တွင် TI ရုံးခွဲများ ဖွင့်လှစ်ထားသည်။

**ရလဒ်များ**

အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေး အဖွဲ့၏ ၂၀၂၁ ခုနှစ်အတွက် ထုတ်ပြန်သည့် အဂတိလိုက်စားမှုအညွှန်းကိန်း (Corruption Perception Index – CPI) တွင် ရုရှားနိုင်ငံ၏ ရမှတ်များကို လေ့လာကြည့်ပါက ပုံ(၁)ပါအတိုင်း တွေ့ရသည်။

**ကမ္ဘာ့ဘဏ်၏ အဂတိလိုက်စားမှုထိန်းချုပ်နိုင်မှု အညွှန်းကိန်းရလဒ်**


ကမ္ဘာ့ဘဏ်၏ အဂတိလိုက်စားမှု ထိန်းချုပ်နိုင်မှု အညွှန်းကိန်းရလဒ်များကို လေ့လာကြည့်မည်ဆိုပါကလည်း ရုရှားနိုင်ငံသည် အဂတိလိုက်စားမှုကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ဆောင်ရွက်နေသည်ကို ပုံ(၂)တွင် တွေ့ရှိရသည်။

**နိုင်ငံတကာလေ့လာ**


မိမိတို့ မြန်မာနိုင်ငံတွင်လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ပြဋ္ဌာန်းပြီးဖြစ်သည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။ ရုရှားနိုင်ငံကဲ့သို့သော စီးပွားရေး၊ နိုင်ငံရေးနှင့် စစ်ရေးစသည်ဖြင့် အဘက်ဘက်မှပြည့်စုံသည့်နိုင်ငံပင်လျှင် အဂတိလိုက်စားမှုများကို တွန်းလှန်တိုက်ဖျက်နေရဆဲဖြစ်သည်ကို တွေ့ရသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အေဂျင်စီများ၏ ဆောင်ရွက်မှုများကို အစဉ်လေ့လာ၍ မိမိနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများတွင် နမူနာယူသင့်သည်များ ရယူနိုင်ရေး ရေးသားပြုစုတင်ပြလိုက်ရပါသည်။ ။

**ရည်ညွှန်းကိုးကား**

- https://anticor.hse.ru/
- https://www.dlapiper.com/en-us
- https://www.transparency.org/en/
- https://www.unodc.org/unodc/en/
- https://www.worldbank.org/en/who-we-are
- အခြားအချက်အလက်များ




ပုံ-၁ ရုရှားနိုင်ငံ၏ CPI ရမှတ်များ (၀ သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အဆိုးဆုံးဖြစ်၍ ၁၀၀ သည် အကောင်းဆုံးဖြစ်သည်)




ပုံ-၂ ရုရှားနိုင်ငံ၏ အဂတိလိုက်စားမှုထိန်းချုပ်နိုင်မှု ရမှတ်များ (၁၀၀ သည် အဂတိလိုက်စားမှု ထိန်းချုပ်နိုင်မှု အကောင်းဆုံးဖြစ်၍ ၀ သည် ထိန်းချုပ်နိုင်မှုမရှိခြင်းကိုဖော်ပြသည်)

# ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာပြည်သူများအတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေး



**မြစ်ကြီးနား မေ ၇**

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာ ယာယီခိုလှုံရာစခန်းနေပြည်သူများ နေရပ်ပြန်လည်နေထိုင်နိုင်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများပိတ်သိမ်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် မေ ၇ ရက် မွန်းလွဲ ၂ နာရီက ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအုပ်စုအတွင်း မိုင်းနားစိန့်ဂျိုးဇက်စခန်းမှ ပြန်လည်နေရာချထားပေးသည့် ဆွတ်ကြိုင်ကျေးရွာသို့ သွားရောက်ကွင်းဆင်းခဲ့ကြသည်။

**တိုက်တွန်းမှာကြား**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အဆိုပါကျေးရွာရှိ အစမ်းနိန်ဂျားရှရောတ်ခန်းမဆောင်၌ ရွှေ့ပြောင်းနေထိုင်ကြသည့် အိမ်ထောင်စု ၃၄ စုနှင့် တွေ့ဆုံပွဲကျင်းပခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က နေရပ်စွန့်ခွာစခန်းများတွင် ၁၀ နှစ်ကျော်နေထိုင်ခဲ့ကြပြီး ယခုကဲ့သို့ နေရာသစ်၌ အခြေချနေထိုင်ရာတွင် လိုအပ်ချက်များစွာရှိနေမည်ဖြစ်ပါကြောင်း၊ မိမိတို့ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း အိမ်ထောင်စုများ နေရာသစ်တွင် တည်ငြိမ်ခိုင်မာစွာ အခြေချနေထိုင်နိုင်ရေး ရေ၊ မီး၊ လမ်းပန်းဆက်သွယ်ရေး စသည့်လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သင်းအောင်က ကျေးရွာသစ်အတွက် မြေအသုံးချမှုအခြေအနေများ၊ အိမ်ထောင်စုများအတွက် နေရာချထားပေးသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကျေးရွာတာဝန်ခံနှင့် အိမ်ထောင်စုများက ကျေးရွာအတွင်း လိုအပ်ချက်များဖြစ်သည့် သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးသွယ်တန်းပေးနိုင်ရေး၊ ကလေးငယ်များပညာရေးနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေး၊ သက်မွေးပညာသင်တန်းများ သင်ကြားပေးနိုင်ရေးနှင့် ကျေးရွာဈေးရရှိရေး စသည့်လိုအပ်ချက်များကို တင်ပြကြရာ သက်ဆိုင်ရာ ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်ပေးသွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ကျေးရွာဈေးနှင့် မူလတန်းကျောင်းခွဲအတွက် မြေနေရာလျာထားသတ်မှတ်နိုင်ရေး၊ ရေဘုံပိုင်များတူးဖော်ပေးနိုင်ရေးနှင့် လျှပ်စစ်မီးရရှိရေးအတွက် မီးလိုင်းများ တိုးချဲ့သွယ်တန်းပေးနိုင်ရေး စသည့် လိုအပ်ချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျေးရွာအတွင်း နေထိုင်လျက်ရှိသည့် အိမ်ထောင်စုများ၏ နေအိမ်များနှင့် အိမ်ထောင်စုများ၏ လိုအပ်ချက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ကရင်ပြည်နယ်မှ လူရည်ချွန်မောင်မယ်များ လေ့လာရေးအတွေ့အကြုံရှင်းလင်းပွဲ ကျင်းပ



**ဘားအံ မေ ၇**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပုဂံ၊ တောင်ကြီး၊ ငွေဆောင်အပန်းဖြေစခန်းများမှ ပြန်လည်ရောက်ရှိလာသော ကရင်ပြည်နယ်မှ လူရည်ချွန်မောင်မယ်များ၏ အတွေ့အကြုံရှင်းလင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပသည်။

**လူ့စွမ်းအားအရင်းအမြစ်**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကရင်ပြည်နယ် လူရည်ချွန်မောင်မယ်များအနေဖြင့် စံပြထူးချွန် ကျောင်းသား ကျောင်းသူများအဖြစ် ဆက်လက်ကြိုးစားသွားကြရန် ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ ယဉ်ကျေးလိမ္မာခြင်း၊ မျိုးချစ်စိတ်ရှိခြင်း စသည့်ကောင်းမြတ်သော အရည်အသွေးများပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပုဂံအပန်းဖြေ လူရည်ချွန်စခန်း၊ တောင်ကြီးအပန်းဖြေလူရည်ချွန်စခန်း၊ ငွေဆောင်အပန်းဖြေလူရည်ချွန်စခန်းတို့မှ ပြန်လည်ရောက်ရှိလာသော ကရင်ပြည်နယ်လူရည်ချွန်များကိုယ်စား သက်ဆိုင်ရာစခန်းအလိုက် လူရည်ချွန်တစ်ဦးစီက အပန်းဖြေစခန်းများသို့ သွားရောက်ခဲ့ပုံ အဆင့်ဆင့်၊ သွားရောက်ခဲ့သည့် အပန်းဖြေစခန်းမှ ဗဟုသုတများ၊ လေ့လာသင်ယူစရာများ၊ အခြားသောတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရောက်ရှိလာသော သူငယ်ချင်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရမှုများ၊ အတွေ့အကြုံနှင့် အခွင့်အလမ်းများကို ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အပန်းဖြေစခန်းများမှ ပြန်လည်ရောက်ရှိလာသော လူရည်ချွန်မောင်မယ် ၁၂ ဦးအား အမှတ်တရလက်ဆောင်များပေးအပ်ရာ အပန်းဖြေစခန်းအသီးသီးသို့ ရောက်ရှိခဲ့ကြသော လူရည်ချွန်မောင်မယ်များနှင့် ကြီးကြပ်ဆရာ ဆရာမများက ပြည်နယ်ဝန်ကြီးချုပ်အား အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် လူရည်ချွန်မောင်မယ်များသည် စုပေါင်းမှတ်တမ်းဓာတ်ပုံများရိုက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားကာ ကရင်ပြည်နယ် လူရည်ချွန်မောင်မယ်များနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# သဘာဝဘေးအန္တရာယ်များအား ကြိုတင်ပြင်ဆင်မှုကောင်းကောင်းဖြင့် ရင်ဆိုင်တုံ့ပြန်နိုင်ပါက ပျက်စီးဆုံးရှုံးမှုလျော့နည်းမည်



**ပဲခူး မေ ၇**

တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ယမန်နေ့ညနေပိုင်းက ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ မိမိတို့ တိုင်းဒေသကြီးအစိုးရအဖွဲ့က ထုတ်ပြန်ထားပြီးဖြစ်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ တည်မြဲအမိန့်အတိုင်း တိကျစွာလိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မြစ်ချောင်းဘေးရှိ ရပ်ကွက်/ကျေးရွာများနှင့်မုန်တိုင်းလမ်းကြောင်း ဖြတ်သန်းရာ မြို့နယ်များအား မုန်တိုင်းအန္တရာယ် ကြိုတင်အသိပညာပေးခြင်းများ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များအား ကြိုတင်ပြင်ဆင်မှုကောင်းကောင်းဖြင့် ရင်ဆိုင်တုံ့ပြန်နိုင်ပါက ပျက်စီးဆုံးရှုံးမှုလျော့နည်းမည်ဖြစ်ကာ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရေး ပူးပေါင်းကြိုးစားဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်က ကူညီကယ်ဆယ်ရေးလုပ်ငန်းစဉ်များကိုလည်းကောင်း၊ အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအေးမောင်ကြည်က သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လုပ်ငန်းစဉ်များကိုလည်းကောင်း၊ တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများက သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း တင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက် မှာကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြည့်ဖြိုးအောင်ဈေး သမဝါယမအသင်းလီမိတက်က ချေးငွေလုပ်ငန်းများ ဆောင်ရွက်

**ဝေါ မေ ၇**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့ ဘိုးဘုံရပ်ကွက် စည်ပင်သာယာဈေးကြီးအတွင်းရှိပြည့်ဖြိုးအောင်ဈေး သမဝါယမအသင်းလီမိတက်သည် ဈေးအတွင်းရှိ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များအပါအဝင် အသင်းသား ၂၈၁ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်နေသည့် အသင်းဖြစ်ပြီး အသင်းသားများသို့ ချေးငွေထုတ်ချေးရာတွင် သာမန်ချေးငွေနှင့် အရေးပေါ်ချေးငွေဟူ၍ နှစ်မျိုး ထုတ်ချေးဆောင်ရွက်ပေးလျက်ရှိသည်။

သာမန်ချေးငွေထုတ်ချေးရာတွင် အသင်းသား၏ အစုနှင့် စုဆောင်းငွေ နှစ်ရပ်ပေါင်း၏ သုံးဆမှ ငါးဆအတွင်း ထုတ်ချေးပေးလျက်ရှိပြီး အရေးပေါ်ချေးငွေအား အသင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် ဒါရိုက်တာအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ထုတ်ချေးပေးသည်။ အသင်းအနေဖြင့် လက်လုပ်လက်စား အခြေခံလူတန်းစားများအတွက် စားဝတ်နေရေးကို အထောက်အကူပြုစေရန် ရည်ရွယ်၍ ဆောင်ရွက်နေသည့်အသင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော SHAN STATE VOLLEYBALL LEAGUE 2023 ကလပ်ပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ကျင်းပ



ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ဘော်လီဘောပြိုင်ပွဲဝင် အားကစားသမားများနှင့် ဒိုင်အဖွဲ့အား ထောက်ပံ့ငွေများပေးအပ်သည်။

ညောင်ရွှေ မေ ၇

ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော SHAN STATE VOLLEYBALL LEAGUE(2023) ကလပ်ပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက ညောင်ရွှေမြို့နယ် နန်းပန်မြို့ ဘော်လီဘောအားကစားရုံ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ကလပ်ပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲကျင်းပရသည့် ရည်ရွယ်ချက်မှာ ရှမ်းပြည်နယ်အတွင်း ဘော်လီဘောအားကစားနည်းကို ယခုထက် ပိုမိုကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်စားလာစေရန်၊ ထူးချွန်ထက်မြက်သည့် လူငယ်ဘော်လီဘောအားကစားသမားများ မွေးထုတ်ပေးနိုင်ရန်၊ အဖွဲ့လိုက်ကစားရသည့် ကစားနည်းဖြစ်သောကြောင့် အချင်းချင်းစည်းလုံးညီညွတ်မှု ပိုမိုရရှိလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲဝင် ဘော်လီဘောအားကစားသမားများက သစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြပြီး ပြိုင်ပွဲ ပထမပွဲစဉ်အဖြစ် အားကာသိပွဲ(တောင်ကြီး)အသင်းနှင့် ရွာသာတောင်ပို့ကြီးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှု၊ သလဲဦး(မိုင်းသောက်)အသင်းနှင့် အင်းပေါခုံ (ကြေးပေါခုံ) အသင်းတို့ ယှဉ်ပြိုင်နေမှုကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ဘော်လီဘောပြိုင်ပွဲဝင် အားကစားသမားများနှင့် ဒိုင်အဖွဲ့အား ထောက်ပံ့ငွေများပေးအပ်သည်။

အဆိုပါ ဘော်လီဘောပြိုင်ပွဲသို့ အင်းလေးဒေသမှ ပြိုင်ပွဲဝင် ၁၆ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို မေ ၇ ရက်မှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်အထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ



နေပြည်တော် မေ ၇

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း ဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော် (အထီး)ကလေးတစ်စီးကို ၂၀၂၂ ခုနှစ် ဇူလိုင်၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါ ဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် နှစ်ပေ ငါးလက်မ၊ ကိုယ်လုံး လုံးပတ် သုံးပေ တစ်လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့် ရှိသည်။

**ကြန်အင်လက္ခဏာ**

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက" ဖြစ်ပြီး အဆိုပါ ဆင်ဖြူတော်လေးသည် ရတနာ ဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံး ပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာသြဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့်ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်လေး ဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ယခုအသက် ကိုးလခွဲသားအရွယ်တွင် အရပ်အမြင့် သုံးပေ ခြောက်လက်မ၊ ကိုယ်လုံး လုံးပတ် ခြောက်ပေ နှစ်လက်မ၊ ကိုယ်အလေးချိန် ပေါင် ၅၃၀ ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်း စောင့်ရှောက်ရေး ဥယျာဉ် နေပြည်တော်ရှိ ရတနာ ဆင်ဖြူတော်ဆောင်တွင် မိခင် ဆင်မကြီးနှင့်အတူ ကျန်းမာ ပျော်ရွှင်လျက် ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက"မှာ ငယ်စဉ်ကတည်းကပင် လူနှင့် ယဉ်ပါးသည့် ဆင်ဖြူတော်လေး ဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့် လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မြန်အောင်မြို့နယ်၌ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)မျိုးစေ့ပေးအပ်ပွဲနှင့် ကြဲပက်ပွဲ(ကွင်းသရုပ်ပြပွဲ)ကျင်းပ

မြန်အောင် မေ ၇

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် လဟာပေါက်ကျေးရွာအုပ်စု စနစ်ကျလယ်ယာမြေဧက ၃၀၀ ရှိ တောင်သူ ဦးအောင်မင်းထွန်း၏ လယ်မြေကွင်းအမှတ် (၂၃၇)(က) ဦးပိုင်အမှတ် (၂၅၁ )တွင် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ပွဲနှင့် ကြဲပက်ပွဲ(ကွင်းသရုပ်ပြပွဲ)အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

**စုပေါင်းဆောင်ရွက်**

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းထွန်းနှင့် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်တာဝန်ခံ(ယာယီ) ဦးစိုးမြင့်အောင်နှင့် အဖွဲ့ဝင်များ တက်ရောက်၍ တောင်သူများအား သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ၇၃ ဧကအတွက် တစ်ဧကလျှင် လေးပြည်နှုန်း ပေးအပ်ခဲ့ပြီး ကြဲပက်ပွဲ(ကွင်းသရုပ်ပြ)ခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့သည်။

သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) တစ်ဧကလျှင် သစ်စိမ်းမြေဩဇာ ငါးတန်မှ ခုနစ်တန်အထိ ရရှိနိုင်ပြီး ပုလဲဓာတ်မြေဩဇာ နှစ်အိတ်နှင့်ညီမျှသော နိုက်ထရိုဂျင်ဓာတ်များရရှိ၍ ဓာတ်မြေဩဇာသုံးစွဲမှု လျှော့ချပြီး မြေဆီလွှာအတွင်းရှိ ဓာတုအဆိပ်သင့်မှုများ လျော့နည်းစေကြောင်း စသည့် သစ်စိမ်းမြေဩဇာ၏ အကျိုးကျေးဇူးများကို စိုက်ပျိုးရေးဦးစီးဌာန ခရိုင်တာဝန်ခံ(ယာယီ) ဦးစိုးမြင့်အောင်က အသိပညာပေးရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



အခြေခံလေကြောင်း လူငယ်သင်တန်းသားများ စုဖွဲ့စခန်းသွင်းလေ့ကျင့်ရန် မိတ္ထီလာမြို့သို့ ထွက်ခွာစဉ်။

✻ ကျောဖုံးမှ

ထိုသို့လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် သင်တန်းစခန်း ၁၇ ခုမှ သင်တန်းသား ၆၈၀ သည် စုဖွဲ့စခန်းသွင်းလေ့ကျင့်ရန်အတွက် မိတ္ထီလာမြို့သို့ နယ်မြေအသီးသီးမှ တပ်မတော်လေယာဉ်များဖြင့် ထွက်ခွာကြရာ သက်ဆိုင်ရာတိုင်းမှူးများနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ ထို့ပြင် သင်တန်းစခန်းအသီးသီး၌ လေ့ကျင့်သင်ကြား ပို့ချနေချိန်များတွင်လည်း သက်ဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းမှူးများနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြသည်။

မိတ္ထီလာမြို့သို့ရောက်ရှိလာသည့် သင်တန်းသား သင်တန်းသူများသည် တပ်မတော်(လေ)၏ နေ့စဉ်လုပ်ငန်းဆောင်တာများကို လက်တွေ့ကွင်းဆင်းလေ့လာခြင်း၊ RC လေယာဉ်၊ ရဟတ်ယာဉ်၊ ဒရုန်းမောင်းနှင်ခြင်း၊ လေ့လာရေးခရီးစဉ်များ သွားရောက်ခြင်းများနှင့် ပြိုင်ပွဲများ ကျင်းပခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဆိုင်ကလုန်း မုန်တိုင်းဖြစ်ပေါ်လာနိုင်သည့် ခန့်မှန်းချက် သတင်းများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ဖြေကြားချက်

နေပြည်တော် မေ ၇

ဘင်္ဂလား ပင်လယ်အော်မှာ အားကောင်းတဲ့ ဆိုင်ကလုန်းမုန်တိုင်း ဖြစ်ပေါ်လာနိုင်တဲ့ ခန့်မှန်းချက်သတင်းများ ထွက်ပေါ်လာမှုနဲ့ ပတ်သက်ပြီး အခုအချိန်မှာ အချို့သော သတင်းမီဒီယာများက နာဂစ်မုန်တိုင်းကဲ့သို့ပြင်းထန်မယ်ဆိုပြီး ပြောကြားလျက်ရှိနေပါတယ်။ ပြည်သူလူထုအနေနဲ့ အဆိုပါသတင်းများကို ကြည့်ရှုပြီး စိုးရိမ်ပူပန်မှုတွေ ဖြစ်ပေါ်လျက်ရှိနေပါတယ်။ ဒါကြောင့် မုန်တိုင်းရဲ့ လက်ရှိအခြေအနေနဲ့ အစိုးရရဲ့ စီမံဆောင်ရွက်ထားမှုတွေနဲ့ ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းကို ဆက်သွယ်မေးမြန်းခဲ့ရာ အခုလို ဖြေကြားထားပါတယ် –

ဖြေ။ ။ ပထမဆုံးအနေနဲ့ သဘာဝဘေးအန္တရာယ်အခြေအနေ၊ မြန်မာနိုင်ငံကို ဆိုင်ကလုန်းမုန်တိုင်း ရောက်ခဲ့မှုအခြေအနေ ဒီဟာတွေပြီးရင်တော့ နိုင်ငံတော်အစိုးရအနေနဲ့ လုပ်ဆောင်ချက်တွေ၊ ပြည်သူလူထုကို အသိပေးချင်တာလေးတွေ ဖြေကြားပေးပါမယ်။

ခေတ်မီတဲ့ ကိရိယာတွေ အသုံးပြု၍ အသေးစိတ် တိကျစွာခန့်မှန်းတွက်ချက်ဖို့ ခက်ပါတယ်။ ဒါကြောင့်မို့ အရေးကြီးတာက သဘာဝဘေးအန္တရာယ်ကို ကာကွယ်တာ၊ ပြန်လည်ထူထောင်တာ လျင်လျင်မြန်မြန် ပြန်လည်တုံ့ပြန်နိုင်တဲ့စွမ်းရည်ပိုပြီးအဓိကကျပါတယ်။ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး အခုဖြစ်ပေါ်နေတဲ့ ဆိုင်ကလုန်းမုန်တိုင်း ဖြစ်ပေါ်လာနိုင်တဲ့ သတင်းနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံမှာ မေလအတွင်းမှာ ဆိုင်ကလုန်းမုန်တိုင်း ဖြစ်ပေါ်ခဲ့မှု ၁၄ ကြိမ်ရှိပါတယ်။ ၁၉၆၈ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ အပြင်းထန်ဆုံးက ၁၉၉၄ ခုနှစ်မှာ ရခိုင်ပြည်နယ်မှာ ဖြစ်ခဲ့တဲ့ မုန်တိုင်းလေတိုက်နှုန်း ၁၄၅ မိုင်လောက်ရှိပါတယ်။ ၂၀၀၈ ခုနှစ် ဧရာဝတီတိုင်းဒေသကြီးမှာဖြစ်ခဲ့တဲ့ ဆိုင်ကလုန်းမုန်တိုင်း လေတိုက်နှုန်း ၁၄၅ မိုင်ရှိပါတယ်။ လက်ရှိမုန်တိုင်းအခြေအနေနဲ့ ပတ်သက်ပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်တိုင် သတိထားပြီး စောင့်ကြည့်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေရာမှာ ခုနက ပြောခဲ့သလို ခန့်မှန်းတွက်ချက်မှုတွေပဲ




ကမ္ဘာမှာတော့သဘာဝဘေးအန္တရာယ်ကျရောက်မှုက တစ်နှစ်ထက်တစ်နှစ်တော့ ပိုများလာတာရှိပါတယ်။ ၁၉၈၀ ပြည့်နှစ်မတိုင်ခင်တုန်းကတော့ ပျမ်းမျှတစ်နှစ်ကို ခန့်မှန်း အကြိမ် ၆၀ လောက်ဖြစ်တယ်လို့ ထုတ်ပြန်ထားတာတွေရှိပါတယ်။ ၂၀၀၅ ခုနှစ်မှာကတော့ တစ်နှစ်ကို အကြိမ် ၂၄၀၊ သုံးဆလောက်ဖြစ်တယ်။ ၂၀၁၅ ခုနှစ်မှာကတော့ ၅၃၇ ကြိမ်ဖြစ်လာတယ်ဆိုတာတွေ့ရပါတယ်။ သဘာဝဘေးအန္တရာယ်ဆိုတာလည်း ကြိုတင်ပြီးချိန်းဆိုထားတဲ့ အရာမဟုတ်တော့ ဘယ်လိုပဲ တိုးတက်ရှိပါတယ်။ ခန့်မှန်းတွက်ချက်မှုလုပ်တဲ့နေရာမှာ စံထားသုံးခုနဲ့ ဆောင်ရွက်ပါတယ်။ တစ်ခုကတော့ Global Forecasting Models(GFS) ဒေတာတွေနဲ့ လုပ်တယ်။ နောက်တစ်ခုကတော့ European Center for Medium-range Weather Forecasts(ECMWF)ဒေတာနဲ့ ခန့်မှန်းထားတာရှိတယ်။ ပြီးရင် ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက Global Forecasting Models(GFS)နဲ့လုပ်ထားတာရှိပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ






ခန့်မှန်းချက်တွေအရတော့ ဘင်္ဂလားပင်လယ်အော်အတွင်းမှာ မေ ၈ ရက်လောက်မှာ လေဖိအားနည်းရပ်ဝန်းဖြစ်နိုင်တယ်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းက အားကောင်းပြီး ၉ ရက်နေ့လောက်မှာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိကာ မြောက်ဘက်ကို ရွေ့လျားနိုင်တယ်လို့ ခန့်မှန်းထားတာရှိပါတယ်။ ဒီလိုခန့်မှန်းတဲ့နေရာမှာလည်း သုံးခုကို GFS ဒေတာကို ခန့်မှန်းထားတာကတော့ မေ ၁၂ ရက် ညနေပိုင်း ၆ နာရီကျော်ကျော်လောက်မှာ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရန်ကုန်တိုင်းဒေသကြီး အနီးကနေဖြတ်နိုင်တယ်လို့ ခန့်မှန်းပြီး ယူရိုပီယံရဲ့ ခန့်မှန်းချက်ကတော့ မေ ၁၄ ရက် မွန်းတည့် ၁၂ နာရီလောက်မှာ ရခိုင်ပြည်နယ် စစ်တွေနဲ့ ကျောက်ဖြူကြား ဖြတ်နိုင်တယ်ဆိုပြီး ခန့်မှန်းပါတယ်။ မြန်မာနိုင်ငံမိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက GFS နဲ့ ခန့်မှန်းတာကတော့ မေ ၁၅ ရက် မနက်ပိုင်းလောက်မှာ ရခိုင်ပြည်နယ် စစ်တွေအနီး ဖြတ်ကျော်နိုင်တယ်ဆိုပြီးတော့မှ ခန့်မှန်းထားတာရှိပါတယ်။ ဒါတွေကို သုံးသပ်ကြည့်တော့ လမ်းကြောင်း နှစ်ခု တွေ့ရပါတယ်။ တစ်ကတော့ ရန်ကုန်တိုင်းဒေသကြီး ဖျာပုံမြို့နယ်နဲ့ ကုန်းတွင်း မုန်တိုင်းအဖြစ်ဝင်ရောက်နိုင်ပြီး လမ်းကြောင်း နှစ်ကတော့ ရခိုင်ပြည်နယ် ဖြတ်ပြီး စစ်တွေနဲ့ ကျောက်ဖြူကြားမှာ ကုန်းတွင်း မုန်တိုင်းငယ်အဖြစ် ရောက်နိုင်တယ်လို့ ခန့်မှန်းထားပါတယ်။ ဒါတွေကတော့ ခန့်မှန်းချက်ဖြစ်ပြီး ဒါထက်ပိုပြီး တိကျတာကတော့ မုန်တိုင်းငယ်အဖြစ်ကူးပြောင်းပြီးမှ လမ်းကြောင်းကို ခန့်မှန်းနိုင်မှာဖြစ်ပါတယ်။ အကြမ်းဖျင်း ခန့်မှန်းချက်ကတော့ မြန်မာနိုင်ငံအတွင်းကို မေလ ၁၃ ရက်နေ့နဲ့ ၁၄ ရက်နေ့ လောက်မှာ မုန်တိုင်းဝင်ရောက်လာနိုင်တယ်လို့ အကြမ်းဖျင်း ခန့်မှန်းပါတယ်။ လေဖိအားနည်းရပ်ဝန်းကနေ မုန်တိုင်းငယ်ဖြစ်မလာသေးဘူးပေါ့။ သွားတဲ့လမ်းကြောင်းတွေကြည့်ပြီး တိကျစွာခန့်မှန်းနိုင်မှာဖြစ်ပါတယ်။ ခန့်မှန်းချက်အားလုံးကတော့ တိုင်းထွာတဲ့အချိန်ရယ်၊ အသုံးပြုတဲ့ပုံစံနဲ့ အသုံးပြုတဲ့ဒေတာတွေပေါ်မှာ မူတည်ပြီး အမျိုးမျိုးပြောင်းလဲနိုင်ပါသေးတယ်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေနဲ့ အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ပေးမှာ ဖြစ်ပါတယ်။ မုန်တိုင်းဖြစ်လာပြီဆိုရင်လည်း မုန်တိုင်းအဆင့်သတ်မှတ်ချက်တွေဖြစ်တဲ့ အဝါရောင်အဆင့်၊ လိမ္မော်ရောင်အဆင့်၊ အညိုရောင်အဆင့်၊ အစိမ်းရောင်အဆင့် ဒါတွေနဲ့ အချိန်မီ ပြည်သူတွေသိအောင် ထုတ်ပြန်ပေးသွားမှာ ဖြစ်ပါတယ်။ အဝါရောင်အဆင့်ကတော့ ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်အော် မုန်တိုင်းစတင်နေပြီ အဆင့်မျိုး၊ လိမ္မော်ရောင်အဆင့်ဆိုရင် စတင်ပြီးတော့ ခန့်မှန်းချက်တွေအရ မြန်မာ့ကမ်းရိုးတန်းကို ဦးတည်နေပြီး အဝါရောင်အဆင့်ဆိုရင်ဖြင့် မုန်တိုင်း မြန်မာ့ကမ်းရိုးတန်းကို နီးကပ်နေတဲ့အချိန်၊ အညိုရောင်အဆင့်ကတော့ မြန်မာ့ကမ်းရိုးတန်းဖြတ်ကျော်နေတဲ့အချိန်၊ အစိမ်းရောင်အဆင့်ကတော့ ကုန်းတွင်းပိုင်းဝင်ရောက်အားပျော့တဲ့အချိန် ဒါတွေကို အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ပေးသွားမှာ ဖြစ်ပါတယ်။ အခုချိန်မှာ အလေးထားပြီးပြောရမယ်ဆိုရင် မုန်တိုင်းငယ်အဖြစ်မရောက်သေးပါဘူး။ လေဖိအားနည်းရပ်ဝန်းအဆင့်ရှိပါသေးတယ်။ ခန့်မှန်းတွက်ချက်မှုပဲဖြစ်ပါတယ်။ ဒါပေမဲ့ ပေါ့ဆလို့မရပါဘူး။ နိုင်ငံပိုင်မီဒီယာများဖြစ်တဲ့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ နိုင်ငံပိုင် Radio FM တို့မှတစ်ဆင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရဲ့ ကြေညာချက်တွေ၊ မုန်တိုင်းသတိပေးချက်တွေကိုလည်း ကြေညာပေးနေပါတယ်။ ဒါ့အပြင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ ဆက်သွယ်ရေးအော်ပရေတာမှတစ်ဆင့် ပြည်သူလူထုကိုင်တဲ့ဖုန်းထဲကို SMS တွေ ပေးပို့ပြီး သတိပေးလျက်ရှိပါတယ်။ အခြားမီဒီယာတွေကလည်း ထုတ်လွှင့်နေတာရှိပါတယ်။ ကျွန်တော်ပြောချင်တာက ခန့်မှန်းတွက်ချက်မှုတွေဖြစ်ပြီး စိုးရိမ်မှုလွန်ကဲမှု မလိုအပ်သလို ပေါ့လျော့လို့လည်း မရပါဘူး။ နိုင်ငံတော်အစိုးရရဲ့ လုပ်ဆောင်ချက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေနဲ့ မုန်တိုင်းအခြေအနေနဲ့ပတ်သက်ပြီး မျက်ခြည်မပြတ် စောင့်ကြည့်ကာ အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ဝန်ကြီးချုပ် ညွှန်ကြားချက်နဲ့ မနေ့ကပဲ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ အရေးပေါ်အစည်းအဝေးကို ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကိုယ်တိုင် ဦးစီးပြီး ဆောင်ရွက်ခဲ့ပါတယ်။ အဓိကအချက် လေးချက်ဆွေးနွေးခဲ့ပြီး

**စာမျက်နှာ ၁၁ သို့**

## မုန်တိုင်းဦးတည်ရာအလိုက် အရောင်သတ်မှတ်ချက်များ

- အဝါရောင် – ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ပြင်တို့တွင် မုန်တိုင်း စတင်ဖြစ်ပေါ်သည့်အချိန်
- လိမ္မော်ရောင် – ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ပြင်တို့တွင် မုန်တိုင်း စတင်ဖြစ်ပေါ်ပြီးနောက် မြန်မာ့ကမ်းရိုးတန်းဒေသသို့ ဦးတည်ရွေ့လျားလာမည့် အချိန်
- အနီရောင် – မုန်တိုင်း မြန်မာ့ကမ်းရိုးတန်းဒေသသို့ ဦးတည်ရွေ့လျားလာပြီး မြန်မာ့ကမ်းရိုးတန်းဆီသို့ မဖြတ်ကျော်မီ(၁၂)နာရီအလိုအချိန်
- အညိုရောင် – မြန်မာ့ကမ်းရိုးတန်းဒေသများသို့ မုန်တိုင်းဖြတ်ကျော်ဝင်ရောက်သည့်အချိန်
- အစိမ်းရောင် – မုန်တိုင်းအားပျော့၍ မုန်တိုင်းအန္တရာယ် ကင်းရှင်းသွားသည့်အချိန်










■ စာမျက်နှာ ၁၀ မှ

(၁) ကတော့ မုန်တိုင်းဝင်လာမည်ဆိုရင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အခုကတည်းက ကြိုတင်ပြင်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါ အစည်းအဝေးမှာ မုန်တိုင်းဝင်လာရင် အရေးကြီးပစ္စည်းတွေဖြစ်တဲ့ ဆက်သွယ်ရေးစက်၊ ကယ်ဆယ်ရေးပစ္စည်းတွေကို ဖြန့်ခွဲပြီးပို့ဖို့ အခုကတည်းက ညွှန်ကြားလိုက်ပြီး ဖြစ်ပါတယ်။ ဆောင်ရွက်နေပြီလည်း ဖြစ်ပါတယ်။ ပြည်သူတွေ သဘာဝဘေးအန္တရာယ်ကနေ အဆုံးအရှုံး အနည်းဆုံးနဲ့ ကျော်လွှားနိုင်ရေး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ (၃)အချက်အနေနဲ့ကတော့ မုန်တိုင်းက အခြားနေရာကို ပြောင်းသွားရင်လည်း ကြိုတင်ပြင်ဆင်ခြင်းက လေ့ကျင့်ခြင်း အကျိုးကျေးဇူးရရှိမှာ ဖြစ်ပါတယ်။ (၄)အချက်အနေနဲ့ကတော့ တစ်နိုင်ငံလုံး အတိုင်းအတာအရ ဆောင်ရွက်ခြင်းတွေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တုံ့ပြန်ဆောင်ရွက်ခြင်းတွေ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အလားတူပါပဲ အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီရဲ့အောက်မှာ လုပ်ငန်းကော်မတီ ၁၂ ခုရှိပါတယ်။ ဥပမာ- ရှာဖွေကယ်ဆယ်ရေးဆပ်ကော်မတီ၊ ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ပြန်လည်ထူထောင်ရေးဆပ်ကော်မတီ၊ လုပ်ငန်းကော်မတီအသီးသီးကလည်း လုပ်ငန်းတွေကို ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ကြိုတင်ပြင်ဆင်မှုထိခိုက်ခံရနိုင်ခြေများတဲ့နေရာတွေကို ဧရာဝတီတိုင်းမှာဆိုရင် ဘေးဒဏ်ခံနားခိုတဲ့အဆောက်အအုံတွေ၊ ဆိုင်ကလုန်းရှက်တာ ၄၇ ခု၊ ဘေးဒဏ်ခံ တည်ဆောက်ပြီး ၁၁၈ ခု၊ တည်ဆောက်ဆဲ ၁၇ ခုရှိပါတယ်။ ကယ်ဆယ်ရေးပစ္စည်းများကိုလည်း စုပုံထားပြီးဖြစ်ပါတယ်။ ကယ်ဆယ်ရေးပစ္စည်းသိုလှောင်တဲ့ တိုင်းအဆင့်မှာ တစ်ခု၊ ခရိုင်အဆင့်မှာ ခြောက်ခု၊ မြို့နယ်အဆင့်မှာ ခြောက်ခုမှာ အိမ်ထောင်စု ၆၀၀၀ အတွက်ကယ်ဆယ်ရေးပစ္စည်းတွေ၊ အသုံးပြုရမယ့် ကယ်ဆယ်ရေးပစ္စည်းတွေကို ဖြန့်ခွဲထားပြီးဖြစ်ပါတယ်။ ကယ်ဆယ်ရေးပစ္စည်းတွေမှာ သူ့ကိုယ်တာအလိုက် ပါပါတယ်။ ဝတ်ဖို့၊ စားဖို့ လုံချည်၊ ထဘီကအစ စောင်ထူနဲ့ ခြင်ထောင်တွေကအစ ချက်ပြုတ်စားသောက်ဖို့အတွက် ဒန်အိုး၊ ဇလုံ ဒါတွေကအစ မိုးရေခံ တာပေါ်လင်စများကို ခန့်မှန်းတွက်ချက်၍ စုပုံထားပြီး ဖြစ်ပါတယ်။ ရှာဖွေကယ်ဆယ်ရေး အရေးပေါ်သုံး ပစ္စည်းတွေအနေနဲ့ ဖိုက်ဘာစက်လှေ ၅၉ စင်း၊ အသက်ကယ်အင်္ကျီ အထည် ၂၅၀၀ ခန့်နဲ့ အသက်ကယ်ဘောကွင်း၊ ရေစုပ်စက်၊ ရေစုပ်ပိုက်တို့ကိုလည်းဖြန့်ခွဲထားပြီးဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာဆိုရင် ကျောက်တန်း၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ ခရမ်းသုံးခွမြို့နယ်တွေ၊ မြစ်ဝကျွန်းပေါ်နဲ့နီးတဲ့ နေရာတွေ၊ ကမ်းရိုးတန်းနဲ့နီးတဲ့ နေရာတွေမှာ ဆိုင်ကလုန်း ရှက်တာ အပါအဝင် နားခိုစရာအဆောက်အအုံကိုးလုံး တည်ဆောက်ပြီးဖြစ်ပါတယ်။ ပြီးရင် အိမ်ထောင်စု ၅၀၀၀ အတွက် ထောက်ပံ့ရေးပစ္စည်းတွေ စုပုံထားပြီး ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာ နားခိုရာအဆောက်အအုံ တည်ဆောက်ပြီး ၅၄ လုံးနဲ့ တည်ဆောက်ဆဲ ခြောက်လုံး ဖြစ်ပါတယ်။ ကျောက်ဖြူ၊ မာန်အောင်၊ စစ်တွေ၊ ပေါက်တော၊ တောင်ကုတ်၊ ငွေမြို့တွေမှာ ရှိပါတယ်။ သိုလှောင်ထားတဲ့ ပစ္စည်းတွေ ပြည်နယ်အဆင့် တစ်ခု၊ ခရိုင်အဆင့် ငါးခု၊ မြို့နယ်အဆင့် သုံးခု၊ အိမ်ထောင်စု ၉၀၀၀ ခန့်အတွက် ထောက်ပံ့မယ့်ပစ္စည်းတွေ အသင့်ရှိပြီး ဖြစ်ပါတယ်။

အရေးပေါ်သုံးမယ့် ဖိုက်ဘာစက်လှေ ၃၃ စင်း၊ အသက်ကယ်အင်္ကျီ ၅၀၀၀ ကျော်၊ ရေစုပ်စက်၊ ရေစုပ်ပိုက်တွေကိုလည်း လုပ်ဆောင်ထားပြီး ဖြစ်ပါတယ်။ တစ်နိုင်လုံး အတိုင်းအတာအနေဖြင့် မုန်တိုင်းဒဏ်ခံအဆောက်အအုံ သဘာဝဘေးအန္တရာယ်ဖြစ်လျှင် ခိုနားဖို့အတွက် အဆောက်အအုံ ၁၄၃ လုံးရှိပြီး ဖြစ်ပါတယ်။ ဒါ့ပြင် မနက်ဖြန် မေလ ၈ ရက်နေ့မှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှာ ဆိုင်ကလုန်းမုန်တိုင်းနဲ့ ပတ်သက်ပြီး အနီးကပ်စောင့်ကြည့်နိုင်ဖို့၊ လျင်မြန်စွာ တုံ့ပြန်နိုင်ဖို့အတွက် Disaster Management Center ဖွင့်လှစ်ပြီး စောင့်ကြည့်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် တပ်မတော်ပိုင်းအနေနဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တပ်ရင်းတပ်ဖွဲ့တွေကို သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အမိန့်စောင့်စရာမလိုဘဲ ပြည်သူလူထုကို အမြန်ဆုံးကူညီရမယ်ဆိုပြီး ညွှန်ကြားပြီး ဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဥက္ကဋ္ဌ ကိုယ်တိုင်ဦးစီးပြီး လုပ်ငန်းကော်မတီကို ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)က ဦးစီးဆောင်ရွက်လျက်ရှိပါတယ်။ တပ်မတော်အဆင့်အနေနဲ့ သဘာဝဘေးအန္တရာယ်တုံ့ပြန်ကာကွယ်ရေးအတွက် လိုအပ်တဲ့ ညှိနှိုင်းဆောင်ရွက်မှုတွေ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းစစ်ဌာနချုပ်အဆင့်၊ ဒေသအဆင့်အနေနဲ့ ဆောင်ရွက်ပြီးဖြစ်ပါတယ်။ နောက်ဆုံးအပိုင်းအနေနဲ့ ပြည်သူလူထုကို အသိပေးချင်တာက နိုင်ငံပိုင်မီဒီယာတွေမှာ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်လွှင့်တာတွေကို အလေးထားနားထောင်လိုက်နာဖို့ အကြံပြုလိုပါတယ်။ ဒါ့အပြင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ၊ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အသီးသီးက မုန်တိုင်းကျရောက်စဉ် လုပ်ဆောင်ရမယ့်အချက်တွေ၊ ရှောင်ရှားရမယ့် အကြံပြုချက်တွေကို ထုတ်ပြန်လျက်ရှိပါတယ်။ ပြည်သူတွေက လိုက်နာဆောင်ရွက်ဖို့လိုပါတယ်။ စိုးရိမ်လွန်ကဲဖို့မလိုပါဘူး။ မုန်တိုင်းစတင်ဖြစ်ပေါ်လာပြီဆိုရင် အရောင်နဲ့သတိပေးတဲ့စနစ်တွေ စတင်မှာ ဖြစ်ပါတယ်။ အဝါရောင်ဆိုရင် ဘင်္ဂလားပင်လယ်နဲ့ ကပ္ပလီပင်လယ်မှာ မုန်တိုင်းစနေပြီအခြေအနေကို သတိထားဖို့လိုမှာ ဖြစ်ပါတယ်။ နိုင်ငံပိုင်သတင်းမီဒီယာတွေရဲ့ ထုတ်လွှင့်ချက်တွေကို သတိထားနားဆင်ဖို့ ဖြစ်ပါတယ်။ ဒီအဆင့်ကနေ မြန်မာ့ကမ်းရိုးတန်းကို ဦးတည်နေပြီ မုန်တိုင်းက မိမိနေထိုင်ရာ ဦးတည်ရွေ့လျားနေပြီဆိုရင် လိမ္မော်ရောင်အဆင့် ထုတ်ပြန်မှာဖြစ်ပါတယ်။ ဒီအချိန်မှာ ပိုပြီး အထူးသတိထားစောင့်ကြည့်နားထောင်ဖို့ လိုပါတယ်။ ဒီမုန်တိုင်းက မြန်မာ့ကမ်းရိုးတန်းကို ၁၂ နာရီအကြာလောက်မှာ ရောက်ရှိလာနိုင်တယ်လို့ ခန့်မှန်းပြီဆိုရင် အန္တရာယ်ရှိပြီ၊ အနီရောင်အဆင့် ထုတ်ပြန်မှာဖြစ်ပါတယ်။ စိတ်ချရတဲ့နေရာတွေကို ပြောင်းရွှေ့နေထိုင်ရမှာ ဖြစ်ပါတယ်။ တိုင်းဒေသကြီးအစိုးရတွေ၊ မြို့နယ်/ခရိုင်အဆင့် အုပ်ချုပ်ရေးအဖွဲ့တွေ၊ အမျိုးသားသဘာဝဘေးအန္တရာယ် တုံ့ပြန်ရေးအဖွဲ့တွေက အချိန်မီတုံ့ပြန်သွားမှာဖြစ်ပြီး အညိုရောင်အဆင့် မုန်တိုင်းတိုက်ခတ်နေတဲ့ အဆင့်မှာလည်း လုံခြုံစိတ်ချရတဲ့အချိန်မှာ ခိုလှုံဖို့ဖြစ်ပါတယ်။ ပြီးမှ ထုတ်ပြန်ချက်တွေအရ အားပျော့သွားပြီဆိုမှ စိတ်ချရတဲ့နေရာတွေ၊ မိမိနေရာတွေကို ပြောင်းရွှေ့နေထိုင်နိုင်မှာ ဖြစ်ပါတယ်။ ထုတ်ပြန်ချက်တွေနဲ့ ပတ်သက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအဖွဲ့တွေက မုန်တိုင်းနဲ့ ပတ်သက်ပြီး ထုတ်ပြန်ချက်တွေ အသေးစိတ် အသိပေးချက်တွေကို လုပ်ထားပါတယ်။ ဥပမာဆိုရင် မုန်တိုင်းတိုက်ခတ်နေစဉ်၊ မုန်တိုင်းဗဟိုဖြတ်နေစဉ်မှာ လေငြိမ်သွားမှာပဲ။ ပြီးရင်တော့ ဆန့်ကျင်ဘက်မှ ပိုပြီးလေတိုက်ခတ်လာနိုင်တဲ့အတွက် လေငြိမ်သွားပြီဆိုပြီး အသေးစိတ်ထုတ်ပြန်ချက်ကအစ ဆောင်ရွက်ထားပါတယ်။ ဒါတွေကိုလည်း လိုက်နာကြဖို့၊ ပူးပေါင်းဆောင်ရွက်ကြဖို့ လိုပါတယ်။ ပြီးရင်တော့ ကောလာဟလတွေကို မယုံကြည်ကြဖို့နဲ့ တရားဝင် သတင်းမီဒီယာတွေရဲ့သတင်းကို နားစွင့်ဖို့ လိုတယ်လို့ ပြောချင်ပါတယ်။ နိဂုံးချုပ်အနေနဲ့ကတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့က အားလုံးညွှန်ကြားပြီးဖြစ်ပြီး လူ့အသက်ထက်အရေးကြီးတာ ဘာမှ မရှိပါဘူး။ အစိုးရအနေနဲ့ မုန်တိုင်းသတင်းနဲ့ပတ်သက်ပြီး အလေးအနက်ထားစောင့်ကြည့်လျက်ရှိပါတယ်။ ဝန်ကြီးချုပ်ကိုယ်တိုင် ဦးစီးဆောင်ရွက်လျက်ရှိပါတယ်။ အလေးအနက်ထားဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူတွေအနေနဲ့ အုပ်ချုပ်ရေး၊ စေတနာရှင်အဖွဲ့အသီးသီးနဲ့ပူးပေါင်းပြီးဖြတ်ကျော်ရမှာဖြစ်ပါတယ်။ အစိုးရအနေနဲ့ကတော့ ပြည်သူတွေ သဘာဝဘေးအန္တရာယ်ကနေ အဆုံးအရှုံး အနည်းဆုံးနဲ့ ကျော်လွှားနိုင်စေရေးကို အခုချိန်ကစပြီး အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားချင်ပါတယ်။ ။



# ဓာတ်ခွဲနမူနာစုစုပေါင်း ၉၃၈၄ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄၉ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
## (၇-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၆-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၇-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၃၈၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၄၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၅၉) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၄၃၉,၈၅၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၆,၀၃၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၉၅) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၅,၂၀၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၂) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## မြန်မာနိုင်ငံဘာသာပေါင်းစုံ(ဗဟို)ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး ဘာသာပေါင်းစုံ အလုပ်အမှုဆောင်အဖွဲ့နှင့် တွေ့ဆုံ

**မန္တလေး မေ ၇**

မြန်မာနိုင်ငံ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဥက္ကဋ္ဌ ဦးဝဏ္ဏ၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ဇော်ဝင်း၊ အတွင်းရေးမှူး ဦးအောင်မျိုးသန့်တို့သည် ယနေ့ မွန်းလွဲ ၂ နာရီက မန္တလေးတိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝေလွင်ဖြိုးနှင့် အလုပ်အမှုဆောင်များကို မန္တလေးမြို့ ၆၆ x ၂၄ လမ်းထောင့်ရှိ Sanny စားသောက်ခန်းမ၌ တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲ၌ဗဟိုဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌက တိုင်းဒေသကြီးအတွင်း ဆောင်ရွက်ထားရှိမှုများ၊ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုဥက္ကဋ္ဌ ဦးဝဏ္ဏက နိဂုံးချုပ်အမှာစကားပြောကြားရာ



တွင်လိုအပ်သည်များရှိပါက သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းလုပ်ကိုင်နိုင်ကြရန် ပြောကြားခဲ့သည်။

**တင်ဝင်းဝင်**

## ဒီဂရီကောလိပ်(စစ်ကိုင်း)တွင် ကျောင်းသား ကျောင်းသူများ နွေရာသီသင်တန်းများ ဖွင့်လှစ်

**စစ်ကိုင်း မေ ၇**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (စစ်ကိုင်း)တွင် ကျောင်းသား ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်ကာလ အားလပ်ချိန်ကို အကျိုးရှိစွာအသုံးချနိုင်ရန် ရည်ရွယ်၍ ကျောင်းသား ကျောင်းသူများအား နံနက်ပိုင်းတွင် ယဉ်ကျေးလိမ္မာသင်တန်း၊ နေ့လယ်ပိုင်းတွင် အင်္ဂလိပ်စာအခြေခံသင်တန်းနှင့် ကွန်ပျူတာအခြေခံသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ ယဉ်ကျေးလိမ္မာသင်တန်းကို ဒီဂရီကောလိပ်ရှိ တိုင်းရင်းသားရေးရာဌာနမှ ဆရာ ဆရာမများက သီလဆောက်တည်ပုံနှင့် ဩကာသကန်တော့ချီးရှင်းတမ်း၊ ဗုဒ္ဓဝင်အကျဉ်း၊ သိင်္ဂါလောဝါဒသုတ်လာ ကျင့်ဝတ်များနှင့် (၃၈)ဖြာ မင်္ဂလာတရားတော်တို့ကိုလည်းကောင်း၊ အင်္ဂလိပ်စာဌာနမှ ဆရာ ဆရာမများက အင်္ဂလိပ်စာအခြေခံသင်တန်းကို လည်းကောင်း၊ ကွန်ပျူတာသိပ္ပံဌာနမှ ဆရာ ဆရာမများက ကွန်ပျူတာအခြေခံသင်တန်းများကိုလည်းကောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး မေ ၄ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးညှိုမြို့နယ်၌ ယဉ်ကျေးလိမ္မာ၊ ကွန်ပျူတာ၊ အင်္ဂလိပ်စာသင်တန်းဆင်းပွဲနှင့် သုတစုံလင်မဟာဗုဒ္ဓဝင်ပြိုင်ပွဲ ကျင်းပ

**မိုးညှို မေ ၇**

ပဲခူးတိုင်းဒေသကြီး မိုးညှိုမြို့နယ် တော်ပြန်ကျေးရွာရှိ ပညာဇောတိမင်္ဂလာကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော်ဘဒ္ဒန္တကောသလ္လထံမှ ဩဝါဒခံယူ၍ တတိယအကြိမ် သာသနာ့ပျိုးခင်း နွေရာသီအခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာ၊ ကွန်ပျူတာ၊ အင်္ဂလိပ်စာ သင်တန်းဆင်းလက်မှတ် ပေးအပ်ချီးမြှင့်ခြင်းနှင့် သုတစုံလင်



မဟာဗုဒ္ဓဝင်ပြိုင်ပွဲကို မေလ ပထမပတ်က ပညာဇောတိမင်္ဂလာကျောင်းတိုက် ဓမ္မာရုံတွင် ကျင်းပသည်။

ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ခဲ့ပြီး ဆရာတော်များထံမှ ငါးပါးသီလနှင့် ဩဝါဒကထာခံယူ၍ သုတစုံလင်မဟာဗုဒ္ဓဝင်ပြိုင်ပွဲအားကျင်းပခဲ့ရာ သင်တန်းသား သင်တန်းသူများက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆက်လက်၍ သာသနာ့ပျိုးခင်း အခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းတည်ထောင်သူ ဆရာတော်ဘဒ္ဒန္တကောသလ္လက အောင်ပွဲဩဝါဒကထာချီးမြှင့်ပေးခြင်း၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးလှမျိုးက အလှူရှင်များကို ကျေးဇူးတင်စကားပြောကြားခြင်းနှင့် ယဉ်ကျေးလိမ္မာ အာဂုံ(က)အဆင့်၊(ခ)အဆင့်နှင့် ပထမဆင့် ဆုရရှိသူများ၊ သုတစုံလင်မဟာဗုဒ္ဓဝင်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ ရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**



## ကျိုက်မရောမြို့၌ ဘက်စုံထူးချွန် လူရည်ချွန် ကျောင်းသူအား ဂုဏ်ပြုပွဲ ကျင်းပ

**ကျိုက်မရော မေ ၇**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ လေ့လာရေးခရီးစဉ်များမှ ပြန်လည်ရောက်ရှိလာသော ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၏ နိုင်ငံတော်အဆင့် ဘက်စုံထူးချွန်သည့် အထက(ခွဲ)ကျိုက်မရောမှ Grade-9 ကျောင်းသူ မအေးကြယ်စင်အား ကြိုဆိုဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ပြုလုပ်ခဲ့သည်။

ဂုဏ်ပြုပွဲကို ကျိုက်မရောအဝင်မှ စတင်ကာ မော်တော်ယာဉ်များဖြင့် လှည့်လည်၍ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ၊ မိဘဆွေမျိုးများက ဂုဏ်ပြုပန်းစည်းများ၊ ပန်းကုံးများဖြင့် ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး ဂုဏ်ပြုပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်စုစုဌေးက ဂုဏ်ပြုအမှာစကားပြောကြားပြီး ရပ်မိရပ်ဖ ဦးရွှေသွင်က မြို့နယ်ဂုဏ်ဆောင် လူရည်ချွန် ကျောင်းသူအား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ Grade-9 ကျောင်းသူ လူရည်ချွန်မအေးကြယ်စင်က လေ့လာရေးခရီးစဉ်အတွေ့အကြုံများနှင့် ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ငါးကျောင်း ဖွင့်လှစ်မည်

**မုံရွာ မေ ၇**

၂၀၂၂ - ၂၀၂၃ ပညာသင်နှစ်တွင် KG + 9 အောင်မြင်ထားသော ကျောင်းသား ကျောင်းသူများ သက်မွေးပညာရပ်တစ်ခုဖြစ်သည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ဆက်လက်တက်ရောက် ပညာသင်ယူနိုင်ရန်အတွက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ငါးကျောင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။



စစ်ကိုင်း တိုင်းဒေသကြီး အနေဖြင့် မုံရွာမြို့နယ်တွင် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း(အလုံ၊ တပ်မြို့)၊ စစ်ကိုင်းမြို့နယ်တွင် အုန်းတော အခြေခံပညာ အထက်တန်းကျောင်း၊ ရွှေဘိုမြို့တွင် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ နန်းယွန်းမြို့တွင် နန်းယွန်းမြို့ အခြေခံပညာ အထက်တန်းကျောင်းနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် စက်မှုအထက်တန်းကျောင်းဖြင့် စုစုပေါင်း စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ငါးကျောင်း ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်း တိုင်းဒေသကြီးအနေဖြင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ငါးကျောင်း ဖွင့်လှစ်မည်ဖြစ်ကာ ၂၀၂၃ ခုနှစ် ဇွန် ၁ ရက်မှစ၍ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ ကျောင်းဝင်ခွင့်လျှောက်လွှာများကို ၂၀၂၃ ခုနှစ် မေ ၅ ရက်မှ ၁၈ ရက်အထိ လျှောက်လွှာ တင်သွင်းနိုင်ရန် ကြေညာထားရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တောင်ကိုရီးယားသမ္မတနှင့် ဂျပန်ဝန်ကြီးချုပ်တို့ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်စေရေး ညှိနှိုင်းဆွေးနွေး

ဆိုးလ် မေ ၇

ဂျပန်နိုင်ငံ ဝန်ကြီးချုပ် ကီရှီဒါသည် ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်ပြီးနောက် တောင်ကိုရီးယားနိုင်ငံသို့ ပထမဆုံးအကြိမ်တရားဝင်ခရီးသွားရောက်ခဲ့ပြီး ဆိုးလ်မြို့၌ ကျင်းပသည့်ထိပ်သီးအစည်းအဝေးတွင် သမ္မတ ယွန်ဆက်ယိုးလ်နှင့် တွေ့ဆုံကာ နှစ်နိုင်ငံ ဆက်ဆံရေးတိုးမြှင့်စေရေး ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဂျပန်ဝန်ကြီးချုပ် ကီရှီဒါသည် ၁၂ နှစ်တာကာလအတွင်း တောင်ကိုရီးယားနိုင်ငံသို့ လာရောက်သည့် ပထမဆုံးဂျပန်ဝန်ကြီးချုပ်ဖြစ်ပြီး တောင်ကိုရီးယားသမ္မတ ယွန်ဆက်ယိုးလ်သည် မတ်လအတွင်းက ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့ရာ ၎င်း၏ ခရီးစဉ်သည် တောင်ကိုရီးယားသမ္မတတစ်ဦးအနေဖြင့် ၁၂ နှစ်အတွင်း ပထမဆုံးဂျပန်နိုင်ငံသို့ သွားရောက်ခဲ့သည့် သမ္မတခရီးစဉ်ဖြစ်သည်။

နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးပြန်လည် စတင်ရန် ၁၂ နှစ်ကြာအချိန်ယူခဲ့ရသော်လည်း အပြန်အလှန်ခရီးစဉ်များက နှစ်နိုင်ငံဆက်ဆံရေးအသစ်စတင်ခဲ့ခြင်းနှင့် အရှိန်အဟုန်ဖြင့် တိုးတက်နေကြောင်းလည်း ပြသနေကြောင်း တောင်ကိုရီးယားသမ္မတ ယွန်ဆက်ယိုးလ်က ပြောကြားသည်။

ဂျပန်ဝန်ကြီးချုပ် ကီရှီဒါကလည်း ဆိုးလ်သို့ လာရောက်ရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ယခုလအတွင်း ဟီရိုရှီးမား၌ ပြုလုပ်သည့် ဂျီ-၇ ထိပ်သီးအစည်းအဝေးမတိုင်မီ ထုတ်ပြန်သည့် ကမ္ဘာ့အရေးကိစ္စများ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် မြောက်ကိုရီးယားအရေး အပါအဝင် အင်ဒို-ပစိဖိတ်ဒေသအတွင်းရှိ နောက်ဆုံးအခြေအနေများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးရန် ဆန္ဒရှိကြောင်း ပြောကြားခဲ့သည်။ **ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-အလင်းသစ်**





# အမေရိကန်နိုင်ငံတောင်ပိုင်း တက္ကဆက်ပြည်နယ်ရှိ ဈေးဝယ်စင်တာ တစ်ခု၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား

ဝါရှင်တန် မေ ၇

အမေရိကန်နိုင်ငံတောင်ပိုင်း တက္ကဆက်ပြည်နယ်ရှိ ဈေးဝယ်စင်တာ တစ်ခု၌ သေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့ရာ အနည်းဆုံးရှစ်ဦးသေဆုံးပြီး ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

သေနတ်ပစ်ခတ်မှုကြောင့် ဆေးရုံတွင် ဆေးကုသမှု ခံယူနေသူ သုံးဦးမှာ စိုးရိမ်ရသည့် အခြေအနေတွင်ရှိကြောင်း မီးသတ်ဦးစီးဌာန တာဝန်ရှိသူများက ပြောသည်။

ရဲအရာရှိတစ်ဦးက သေနတ်သမားဟု သံသယရှိသူကို အခင်းဖြစ်ရာနေရာတွင် ပစ်ခတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါကုန်တိုက်သည် တက္ကဆက်ပြည်နယ် ဒါးလက်စ်မြို့၏မြောက်ဘက် ကီလိုမီတာ ၄၀ ခန့်အကွာ အော်လန်မြို့၌ တည်ရှိသည်။

သေနတ်ပစ်ခတ်မှုဖြစ်ပွားစဉ် ဈေးဝယ်စင်တာအတွင်း ဈေးဝယ်သူများနှင့် ပြည့်ကျပ်နေကြောင်း တာဝန်ရှိသူများက ဆိုသည်။

သေနတ်ပစ်ခတ်မှု၏ အကြောင်းရင်းခံကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ရဲတပ်ဖွဲ့က ဆိုသည်။

Gun Violence Archive အဖွဲ့၏ သေနတ်အကြမ်းဖက်မှုဆိုင်ရာ အချက်အလက်များအရ ဇန်နဝါရီလမှစပြီး မေ ၄ ရက်အထိ အမေရိကန်နိုင်ငံ၌ လေးဦး သို့မဟုတ် ယင်းထက်ပို၍ သေဆုံးခဲ့သည့် အစုလိုက် အပြုံလိုက် ပစ်ခတ်မှုပေါင်း ၁၉၂ မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယမန်နှစ် အလားတူကာလအတွင်း သေနတ်ပစ်ခတ်မှုပေါင်း ၁၇၆ မှုထက် ကျော်လွန်ကြောင်း သိရသည်။ **ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံ၌ အသက် ၁၄ နှစ်အောက် ကလေးဦးရေ ၄၂ နှစ်ဆက်တိုက် လျော့ကျလာ

တိုကျို မေ ၇

ဂျပန်နိုင်ငံ၌ အသက် ၁၄ နှစ်အောက် ကလေးဦးရေသည် ၄၂ နှစ်ဆက်တိုက် လျော့ကျလာကြောင်း နောက်ဆုံးရရှိသော အချက်အလက်များအရ သိရသည်။

ဧပြီလ ၁ ရက်အထိ အသက် ၁၄ နှစ်အောက် ကလေးဦးရေ ၁၄ ဒသမ ၃၅ သန်းရှိပြီး ယခင်နှစ်ထက် ၃၀၀၀၀၀ လျော့ကျလာကြောင်း ပြည်တွင်းရေးရာဝန်ကြီးဌာနက ခန့်မှန်းပြောကြားသည်။ အသက် ၁၄ နှစ်အောက် ကလေးဦးရေအနက် ယောကျ်ားလေး ၇ ဒသမ ၃၅ သန်းရှိပြီး မိန်းကလေး ၇ သန်းရှိကြောင်း သိရသည်။

ဂျပန်နိုင်ငံ၌ ကလေးဦးရေသည် ၁၉၈၂ ခုနှစ်မှစပြီး ဆက်လက်လျော့ကျလျက်ရှိသည်။ အသက် ၁၂ နှစ်မှ ၁၄ နှစ်ကြား ကလေး ၃ ဒသမ ၂၀ သန်း၊ အသက် ကိုး နှစ်မှ ၁၁ နှစ်ကြား ၃ ဒသမ ၀၈ သန်း၊ အသက် ၆ နှစ်မှ ၈ နှစ်ကြား ၂ ဒသမ ၉၆ သန်း၊ အသက်သုံးနှစ်မှ ငါးနှစ်ကြား ၂ ဒသမ ၆၇ သန်းနှင့် အသက်မွေးကင်းစမှ နှစ်နှစ်ကြား ၂ ဒသမ ၄၃ သန်းရှိကြောင်း သိရသည်။

ယမန်နှစ် အောက်တိုဘာလ စာရင်းအရ အိုကီနာဝါစီရင်စုတွင် အသက် ၁၄ နှစ်အောက်ကလေးပေါင်း ၁၆ ဒသမ ၃ ရာခိုင်နှုန်းရှိကာ အမြင့်ဆုံးမှ ရပ်တည်လျက်ရှိပြီး ရှီဂါနှင့် ဆာဂါစီရင်စုတို့တွင် ၁၃ ဒသမ ၂ ရာခိုင်နှုန်း၊ ကူမာမိုတိုစီရင်စုတွင် ၁၃ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။

အသက် ၁၄ နှစ်အောက် ကလေးငယ်ဦးရေ အနည်းဆုံး ရှိသည့် စီရင်စုများအနက် အာကီတာစီရင်စုတွင် ၉ ဒသမ ၃ ရာခိုင်နှုန်း၊ အိုမိုရီ စီရင်စုတွင် ၁၀ ဒသမ ၂ ရာခိုင်နှုန်းနှင့် ဟော့ကိုင်းဒိုးတွင် ၁၀ ဒသမ ၃ ရာခိုင်နှုန်းရှိသည်။

ပြီးခဲ့သည့်လက ထုတ်ပြန်ခဲ့သည့် နောက်ဆုံး ခန့်မှန်းချက်တွင် ဂျပန်နိုင်ငံ၏ ကလေးဦးရေသည် ၂၀၅၃ ခုနှစ်တွင် ၁၀ သန်းအောက် လျော့ကျသွားမည်ဖြစ်ကြောင်း အမျိုးသားလူဦးရေနှင့် လူမှုဖူလုံရေးသုတေသနဌာနက ခန့်မှန်းထားသည်။

၂၀၇၀ ပြည့်နှစ်တွင် စုစုပေါင်းလူဦးရေ၏ ၇ ဒသမ ၉၇ သန်း သို့မဟုတ် ၉ ဒသမ ၂ ရာခိုင်နှုန်းအထိ လျော့ကျသွားနိုင်ဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အောင်ကျော်ကျော်**





# အိန္ဒိယနိုင်ငံ မဏိပူရ်ပြည်နယ်၌ အကြမ်းဖက်မှုဖြစ်ပွားခြင်းကြောင့် ၅၄ ဦးသေဆုံး

နယူးဒေလီ မေ ၇

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း မဏိပူရ်ပြည်နယ်၌ အကြမ်းဖက်မှုများဖြစ်ပွားခဲ့ခြင်းကြောင့် မေ ၆ ရက်တွင် ၅၄ ဦးသေဆုံးခဲ့ကြောင်း နယူးဒေလီအခြေစိုက် ပီတီအိုင်သတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။

အာဏာပိုင်များက လတ်တလောဖြစ်ပွားနေသည့် အကြမ်းဖက်မှုများကြောင့် သေဆုံးခဲ့သူများနှင့် ပတ်သက်၍ တင်းတင်းကြပ်ကြပ်ဆောင်ရွက်နေကြောင်း သိရသည်။ မျိုးနွယ်စု မဟုတ်သော Meiteis အသိုက်အဝန်းအား မျိုးနွယ်စုအဆင့် သတ်မှတ်ရန် ဆောင်ရွက်ရာမှတစ်ဆင့် မေ ၃ ရက်မှစတင်ကာ မဏိပူရ်ပြည်နယ်၌ ကြီးမားသည့်အကြမ်းဖက်မှုတစ်ရပ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မျိုးနွယ်စုများနှင့် မျိုးနွယ်စုမဟုတ်သူများအကြား အကြမ်းဖက်မှုများဖြစ်ပွားခဲ့သော လူထုဆန္ဒပြပွဲတွင် လူပေါင်း ထောင်ချီပါဝင်ခဲ့ကြောင်းနှင့် ယင်းပြည်နယ်တွင် စာသင်ကျောင်းများ၊ လူနေအိမ်များ၊ ဘုရားကျောင်းများ၊ မော်တော်ကားများနှင့် ပြည်သူပိုင်ပစ္စည်းများ အများအပြားပျက်စီးခဲ့ကြောင်းလည်း သိရသည်။

အိန္ဒိယစစ်တပ်၏ အဆိုအရ မေ ၅ ရက်ညပိုင်း အချိန်အထိ အရပ်သား ၁၃၀၀၀ ကို ကယ်ဆယ်ခဲ့ပြီး စစ်ဘက်ဆိုင်ရာနေရာများတွင် ယာယီပြောင်းရွှေ့ပေးထားကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၄ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မူဆယ်ခရိုင် တရားမဝင်ကုန်စည်တားဆီး ထိန်းချုပ်ရေးအဖွဲ့မှ မူဆယ်မြို့ ဆင်ဖြူစစ်ဆေးရေးဂိတ်အကျော် လမ်းဘေးတစ်နေရာတွင် စုပုံထားသော ကုန်ပစ္စည်းများကို မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ပို့ဆောင်၍ အသေးစိတ် စစ်ဆေးခဲ့ရာ တရားဝင်တင်သွင်းခွင့် အထောက်အထား စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Iphone 7 Plus Secondhand Mobile Phone လေးလုံးအပါအဝင် ကုန်ပစ္စည်း ၁၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၇၆၈၄၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ယင်းနေ့ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက သတင်းအရ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက် ဆဆ-၁၀ ဦးပိုင်အမှတ်-၂၃(၄၄) လမ်း ၅၀ ၁၀၆ အေ x ၁၀၆ ဘီ ကြားရှိ ဖိနပ်ဆိုင်နှင့်တွဲလျက်ရှိသော ဂိုထောင်အား ဝင်ရောက်စစ်ဆေးရာ အကောက်ခွန်မဲ့ တင်သွင်းခဲ့သော ဖိနပ်အိတ်များအား စစ်ဆေးတွေ့ရှိသဖြင့် အသေးစိတ် စစ်ဆေးနိုင်ရန် မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ပို့ဆောင်၍ စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Adult Slipper အရန် ၁၇၈၁၆၀ အပါအဝင် ဖိနပ်မျိုးစုံ ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၉၇၅၃၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မေ ၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေး စခန်း၌ မြဝတီမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ် တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Lactasoy Milk ဖာ ၄၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် YUTONG Bus ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၀၀၀၀)ကိုလည်းကောင်း၊ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် GT Radial Savero Brand New ကားတာယာ အလုံး ၆၀ (ခန့်မှန်းတန်ဖိုးငွေကျပ်



မန္တလေးတိုင်းဒေသကြီး၌ ဖိနပ်မျိုးစုံ သိမ်းဆည်းရမိမှု။

၅၄၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် NISSAN DIESEL Truck ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၂၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ မေ ၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့များက သာယာဝတီခရိုင်နှင့် နတ္တလင်းခရိုင်များအတွင်း စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင် ကျွန်းသစ် ၁၆ ဒသမ ၈၄၅ တန်၊ သစ်မာ (သုည ဒသမ ၈၇၈)တန်နှင့် အခြားသစ် (၃ ဒသမ ၈၇၅) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၇၉၉၉၆) ကို သစ်တော ဥပဒေအရလည်းကောင်း၊ ပဲခူးမြို့နယ် နယ်မြေရဲစခန်း အမှတ်(၃)မှ ဒုရဲအုပ် ဦးဆောင်သော ပူးပေါင်းအဖွဲ့က နယ်မြေစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဥဿာမြို့သစ် (၆)ရပ်ကွက် ပဲခူး-ရန်ကုန်လမ်းဘေး ကျိုက်ပွန်ဘုရားလမ်းမုခ်ဦးအနီး၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ISIS ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၇၉၉၉၆)ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၄ ရက်၊ ၅ ရက်နှင့် ၆ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၉၆၀၉၈၃၆) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ကျောက်ဆည်၊ ကျိုင်းတုံနှင့် တာချီလိတ်မြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၇**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၆ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ကျောက်ဆည်မြို့ မင်းရပ်ရပ်ကွက် နဂါးတောရိုးလမ်းရှိ ဝင်းဝင်း(ခ) ဘိုဝင်းစိုး(ခ) ဟန်နစ်၏ နွားမွေးမြူရေးခြံအတွင်းရှိ နေအိမ်တဲကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၁၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် ကျိုင်းတုံမြို့နယ် မိုင်းပတ် (အောက်) ကျေးရွာအုပ်စု နမ့်လင်းတောင်းကျေးရွာနေ မဂျင်းနီ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ ည ၉ နာရီတွင် တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ) ကျေးရွာအုပ်စု ဆွတ်ဆိုင်ကျေးရွာအနီးတွင် စိုင်းဆမ်နွန်း မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကိုလည်းကောင်းသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာငွေကျပ် ၄၅၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မေ ၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ အနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ မေ ၈ ရက် မှ မေ ၁၄ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၈-၅-၂၀၂၃ တနင်္လာနေ့

### MRTV HD

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ ရတနသုတ်၊ ဓမ္မစကြာသုတ်အနက်ရှာယာ ပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ အကယ်ဒမီရှင်ခုနှစ်သံများ
- ၀၉:၂၅ စိုက်ပျိုးမွေးမြူသုတဘဏ်
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ Economic Review
- ၁၁:၃၅ ရုပ်မြင်သံကြားဇာတ်လမ်း
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ ရုပ်မြင်သံကြားဇာတ်လမ်း 'ဘဝတော့ဝါနော့ဘရိုသတီ'
- ၁၅:၄၀ SEA Games Special (2)
- ၁၆:၃၅ မျိုးဗုဏ်တင့်စေဆိုကရေးတီးအမွေ
- ၁၇:၁၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၇:၄၀ This Week's Special Interest
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ASIAN Geographic (မြန်မာ့အဏ္ဏဝါသယံဇာတထိန်းသိမ်းရေး)
- ၁၉:၀၅ New Future Program
- ၁၉:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ဝန်းရန့်လွှင့်ပျံ့အမှုန်း' (အပိုင်း-၁၀၁)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ SEA Games Hightlights (2)
- ၂၁:၁၀ အကယ်ဒမီရှင်ခုနှစ်သံများ
- ၂၁:၄၀ ၂၀၁၉ ခုနှစ်၊ ၂၀၂၀ပြည့်နှစ်၊ ၂၀၂၂ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ထုတ်လွှင့်မှုအစီအစဉ်

### mitv

- 07:01 Evergreen Classic: Hsu Myat Khay Mar (Tekkatho Lei Lei)
- 07:08 Journey To The Mogok (Part-1)
- 07:31 Myanmar Delicate Artistic Handy Creations - Lacquer Ware Making
- 08:01 News
- 08:27 Asia Updates: The New Southern Silk Road (China - Myanmar Chapter) Part-3 (The River of Life 2) Part-A
- 08:52 Mote Pel Sote from Intaing Village
- 09:01 The Man and The Elephant (Part-II)
- 09:17 World Red Cross Day (8th May)
- 09:22 Discovering Tribes- Maw Nay Bwa: their life and customs
- 10:01 News
- 10:26 Topical Topics (No. 48) Cyclone sheltres, ready to give shelter to disaster victims & Welcome New Year

### MRTV NRC

**ချင်း (ချိုး) (၀၆:၀၀ မှ ၀၇:၀၀)** မြင်းဘွာရက်၏ဆေးဖက်ဝင်အစွမ်းထက်မှုများ

**မွန် (၀၇:၀၀ မှ ၀၉:၀၀)** မွန်ဘာသာစကားပြောကြရအောင် (အပိုင်း-၅)

**ရခိုင် (၀၉:၀၀ မှ ၁၁:၀၀)** ထူးဆန်းပွေ့ရှာရခိုင်ဝလေ့ရိုးရာ(ရခိုင်ချိန်ခွင်)

**ရှမ်း (၁၁:၀၀ မှ ၁၃:၀၀)** ကျိုင်းတုံ-မိုင်းပျဉ်ကြားက ရှမပြီးတဲ့လမ်းခရီး

**ဝ (၁၃:၀၀ မှ ၁၅:၀၀)** ဝ ရိုးရာယဉ်ကျေးမှုပြခန်း

**ကချင် (၁၅:၀၀ မှ ၁၇:၀၀)** အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ထဲက ချစ်စရာရိုးရာအိမ်ကလေး

**ကယား (၁၇:၀၀ မှ ၁၉:၀၀)** ဗုဒ္ဓတစ်ထောင်အကောက်တောင်

**ပအိုဝ်ကရင် (၁၉:၀၀ မှ ၂၀:၀၀)** မုန့်ဟင်းခါးချက်စားရအောင်

**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)** ရှင်သန်နေမယ့်မနက်ဖြန်များ

**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)** တွေ့မြင်ခံစားကြာအင်းတောင်ပေါ်မှမြင်ကွင်းများ

**ချင်း (လိုင်စိုး) (၂၁:၀၀ မှ ၂၂:၀၀)** တာရှန်းရိုးရာတောင်တက်ကပွဲ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၁၅ Weekly Selected News
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၁၅ ထူးခြားစုံလင်အာရှဖစ်ဖီတ်အစီအစဉ်
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'ယုန်ကမတိုးပိုက်ကတိုး'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၅)
- ၁၁:၀၀ PR SYSTEM ရှင်းလင်းပွဲ
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၅)

### MRTV FARMERS'

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၄၀ ဟင်းသီးဟင်းရွက်ပွဲတော်မှသည် တောင်သူဆီသို့
- ၀၇:၀၀ စိုက်ပျိုးမွေးမြူသုတဘဏ်
- ၀၇:၁၅ ဝါသီးနံ့သုတေသနမှသည်လုပသော အနာဂတ်များဆီ
- ၀၈:၂၀ အနာဂတ်မျှော်မှန်းလို့ရယ်နစ်ရှည်သီးနံ့စိုက်ကြမယ်
- ၀၈:၅၀ မိရိုးဖလာတောင်သူတစ်ဦးရဲ့တစ်နေ့တာ
- ၀၉:၁၅ ပိုးစာစိုက်တဲ့မြေ၊ ပိုးထည်ဝတ်တဲ့ပြည်
- ၀၉:၁၅ ထိရောက်သောစိုက်ပျိုးရေးပညာပေး အစီအစဉ်များဆီသို့

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေ့ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၀၅:၁၅ 32nd Cambodia Sea Games Special
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel တို့ နေ့စဉ်နေ့တိုင်း မှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ပင်လယ်ကြီးကို အော်ပြောလိုက်တယ်

မြင့်ထွေး(ဟိုတယ် / ခရီး)



ဂေါ်ရန်ဂျီကမ်းခြေကို တွေ့ရစဉ်။

### အမွှမ်းတင်

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသို့ ရောက်ရှိသည့် ၁၉၉၂ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ခရီးသွားဆွဲဆောင်မှုအား 5S ဖြင့် အမွှမ်းတင်ခဲ့ကြသည်ကို ကွယ်လွန်သူ ဆရာ ဦးခင်ကျော်ထံမှ သင်ကြားခဲ့ရသည်။ ပထမ S မှာ Sea ဖြစ်ပြီး ဒုတိယ S မှာ Sun ဖြစ်သည်။ တတိယ S မှာ Snow ဖြစ်ပြီး စတုတ္ထ S မှာ Sand ဖြစ်သည်။ နောက်ဆုံး S မှာ Smile ဖြစ်သည်။

နိုင်ငံအချို့မှာ အဆိုပါ 5 S နှင့် ပြည့်စုံမှုမရှိသော်လည်း ဖန်တီးမှုများဖြင့် ဆွဲဆောင်နိုင်ကြသည်ကို တွေ့ရသည်။ ဒေသတွင်းနိုင်ငံအချို့တွင် နှင်းခဲဖုံးလွှမ်းသောဒေသ၊ ရေခဲဖုံးလွှမ်းသောတောင်များ မရှိသော်လည်း နိုင်ငံတကာခရီးသွားများ သန်းချီဝင်ရောက်လည်ပတ်လျက်ရှိသည်။ ပင်လယ်မရှိသော ကုန်းတွင်းပိတ်နိုင်ငံသည်ပင် ခရီးသွားဧည့်သည်လာရောက်လည်ပတ်မှုမှာ အတော်ခရီးရောက်နေသည်ကိုတွေ့ရသည်။ နေရောင်ခြည်ရရှိမှုနည်းပါးသော၊ တစ်နည်းအားဖြင့် နေကို အချိန်အနည်းငယ်သာတွေ့မြင်ရသောနိုင်ငံများမှသူများသည် နေရောင်ခြည်ကို ခံယူရန်အတွက် နေကို နေ့စဉ်တွေ့မြင်ရသောဒေသများသို့ သွားရောက်လည်ပတ်ကြသည်။

မြန်မာနိုင်ငံ၌ ပင်လယ်ရှိသည်၊ နေရှိသည်၊ နှင်းခဲဖုံးလွှမ်းသောတောင်များရှိသည်။ ဖြူလွှသောသဲသောင်ကမ်းခြေများရှိသည်။ ဖော်ရွေသည့်ပြုံးအလှပိုင်ရှင်များရှိသည်။ သဘာဝကပေးသော အဖိုးမဖြတ်နိုင်သည့် စွဲမက်ဖွယ်ခရီးသွားအရင်းအမြစ်ရတနာများရှိသော်လည်း မိမိတို့အပြည့်အဝ အသုံးမပြုနိုင်သေးသည်ကို အားမလိုအားမရဖြစ်မိသည်။ ကမ္ဘာ့အဆင့်ဝင် ပင်လယ်ကမ်းခြေတစ်ခု၏ ဂုဏ်ဒြပ်တွင် သဲဖြူခြင်း၊ ရေကြည်ခြင်း၊ ကမ်းခြေရှည်လျားကျယ်ပြန့်ခြင်း၊ ကမ်းခြေဆင်ခြေလျှော ပြေပြစ်ခြင်း၊ နေဝင်၊ နေထွက် ကြည့်ရှုနိုင်ခြင်း၊ သဘာဝအတိုင်း တည်ရှိခြင်း၊ သန့်ရှင်းသာယာလှပခြင်းတို့ရှိနေမှသာ ပြည့်စုံလှပသောကမ်းခြေတစ်ခုအဖြစ် အသိအမှတ်ပြုကြသည်။ ဤဝိသေသ၊ ဂုဏ်ဒြပ်များနှင့်ပြည့်စုံသော ပင်လယ်ကမ်းခြေများ မြန်မာနိုင်ငံတွင် ရှိနေသည်။

### လည်ပတ်နိုင်သောကမ်းခြေ

မြန်မာနိုင်ငံ၏ ကမ်းခြေအလျား ၁၃၈၅ မိုင်နှင့် ကျွန်းပေါင်း ၈၀၀ ကျော်တွင် ဤသို့ ဂုဏ်ဒြပ်နှင့်ပြည့်စုံသည့် သာယာလှပသောပင်လယ်ကမ်းခြေများ၊ ကျွန်းကမ်းခြေများ များစွာရှိနေသည်။ ထင်ရှားသောကမ်းခြေများရှိသကဲ့သို့ တိမ်မြုပ်ပုန်းအောင်းနေသော ကမ်းခြေများလည်းရှိသည်။ မည်သို့ပင်ဆိုစေ ကမ်းခြေများ၏ သာယာလှပမှုများကို ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် ပြည်တွင်းပြည်ပခရီးသွားများ ပိုမိုလည်ပတ်နိုင်စေရန်အတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၅ ဖြင့် ပြည်တွင်းပြည်ပဧည့်သည်များလည်ပတ်နိုင်သော ခရီးစဉ်ဒေသများအဖြစ် စက်စဲကမ်းခြေ၊ လက်ခုပ်ကုန်းကမ်းခြေ၊ ချောင်းသာကမ်းခြေ၊ ငွေဆောင်ကမ်းခြေ၊ မောင်းမကန်ကမ်းခြေ၊ ကမ်းသာယာကမ်းခြေ၊ ငပလီကမ်းခြေဟူသည့် ကမ်းခြေ ခုနစ်ခုကို သတ်မှတ်ကြေညာခဲ့သည်။

တစ်ဆက်တည်းပင် အဆိုပါကမ်းခြေများ၏ သဘာဝအလှအပများ ပျက်စီးမှုမရှိစေရန် အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၅ ဖြင့် ကမ်းခြေဒေသ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုက်နာဆောင်ရွက်ရန်အမိန့်ကို ထုတ်ပြန်၍ ကမ်းခြေ၏ သန့်ရှင်းသာယာလှပမှုများနှင့် အရည်အသွေးများ ကျဆင်းမှုမရှိစေရန် ထိန်းသိမ်းကြီးကြပ်ခဲ့သည်။

### တိမ်မြုပ်နေသောကမ်းခြေများ

ထိုအချိန်က ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ လည်ပတ်အပန်းဖြေမှုအများဆုံးနှင့် ထင်ပေါ်သောကမ်းခြေများကိုသာ သတ်မှတ်ခဲ့သော်လည်း အောက်မြန်မာပြည်တာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလက သဘာဝအတိုင်းပကတိလှပပြီး တိမ်မြုပ်နေသောကမ်းခြေများရှိနေသည်ကို တွေ့ရှိလာရသည့်အတွက် ပင်လယ်ကမ်းခြေနှင့်သက်ဆိုင်သော ဒေသတာဝန်ခံများ၏ အကူအညီဖြင့် ပြည်တွင်းပြည်ပဧည့်သည်များလည်ပတ်နိုင်သော ကမ်းခြေခရီးစဉ်ဒေသများအဖြစ် ထပ်မံသတ်မှတ်သင့်သောကမ်းခြေများကို အသေးစိတ်လေ့လာစုစည်းခဲ့သည်။

ဒေသတာဝန်ခံတို့၏ တင်ပြချက်အရ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ညောပြင်ရွာရှိ ဖိုးဖိုးကျောက်ကမ်းခြေ၊ မွန်ပြည်နယ် ရေးမြို့နယ် ခေါဇာမြို့အနီး ကဗျာဝကျေးရွာရှိ ကဗျာဝကမ်းခြေ၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့အနီးရှိ ရွှေသောင်ယံကမ်းခြေ၊ ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့အနီးရှိ ဂေါ်ရန်ဂျီကမ်းခြေ၊ ရခိုင်ပြည်နယ် ဂွမြို့နယ်ရှိ ချမ်းသာကမ်းခြေ၊ ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် ကအီးရွာရှိ ကအီးကမ်းခြေ၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် မင်းပြင်ရွာရှိ မင်းပြင်ကမ်းခြေ စသည့်ကမ်းခြေခုနစ်ခုတို့သည် နိုင်ငံတကာအဆင့်မီကမ်းခြေများဖြစ်နေသည်ကို တွေ့ရှိခဲ့ရသည်။ သို့အတွက် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၅ ဖြင့် ထုတ်ပြန်ကြော်ငြာခဲ့သော ကမ်းခြေခုနစ်ခုအပြင် ထပ်မံသတ်မှတ်သင့်သော ကမ်းခြေခုနစ်ခုကိုလည်း လည်ပတ်နိုင်သောကမ်းခြေများအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်ကာ ကမ်းခြေသာယာလှပမှုများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်ရေးအတွက် တင်ပြဆောင်ရွက်ခဲ့သည်။ သို့သော် အခြေအနေအကြောင်းကြောင်းကြောင့် သတ်မှတ်ထုတ်ပြန်နိုင်မှုမရှိခဲ့ပေ။

### ဖိုးဖိုးကျောက်ကမ်းခြေ

ဖိုးဖိုးကျောက်ကမ်းခြေသည် ထားဝယ်မြို့၏ အနောက်တောင်ဘက် ၄၆ မိုင်ခန့် ကွာဝေးပြီး လောင်းလုံးမြို့နယ်အတွင်း တည်ရှိသည်။ ကမ်းခြေအလျား ၂ ဒသမ ၃၄ မိုင်ခန့် ရှည်လျားပြီး ကမ်းခြေအနံ ပေ ၈၂၀ ခန့် ကျယ်ဝန်းသည်။ ကမ်းခြေမှ ပင်လယ်အတွင်း လျှောက်လှမ်းနိုင်သည့် အကွာအဝေးမှာ ပေ ၁၆၀ ခန့်မှ ပေ ၂၆၀ ခန့်အထိရှိသည်။ ကြည်လင်စိမ်းမြသောရေပြင်နှင့် လိုက်ဖက်ညီသော ဖြူနုဖွေးလွသည့် သဲသောင်ပြင်ကြောင့် လောင်းလုံးမြို့နယ်အတွင်း အလှဆုံးကမ်းခြေဖြစ်သည်။

ကမ်းခြေသဲသောင်ခုံပေါ်တွင် ဝှေးသီးပုံကျောက်တုံးသုံးတုံးရှိပြီး ထားဝယ်စကားဖြင့် ဖောဖောကလောက် (ဝှေးသီးကျောက်) မှ မြန်မာအသံဖြင့် ဖိုးဖိုးကျောက်ဟု ခေါ်စမှတ်ပြုလာကြခြင်းဖြစ်သည်။ ကမ်းခြေတွင် စားသောက်ဆိုင် ၂၀ ခန့်ရှိပြီး ဟိုတယ်၊ တည်းခိုခန်းများမရှိသေးချေ။ ၂၀၁၉ ခုနှစ်က ပြည်ပဧည့်သည် ၅၀၀၀ ခန့်နှင့် ပြည်တွင်းဧည့်သည် ၂၀၀၀၀၀ ကျော်ခန့် လာရောက်လည်ပတ်ခဲ့ကြသည်။ ကမ်းခြေတွင် ပင်လယ်ကဗွီးပင်များရှိသည်။ ဖြူလွှသောသဲသောင်ပြင်မှာ ပေါင်ဒါမှုန့်ဖြူးထားသကဲ့သို့ရှိနေပြီး လမ်းလျှောက်သည့်အခါတိုင်း ခြေဖဝါးနှင့် သဲဖြူနုတို့၏ ထိတွေ့ပွတ်တိုက်မှုက အသံပင်ထွက်သည်။ မြိတ်ခရိုင်ရှိ နတ်သမီးရေတွင်းကျွန်း၏ သဲဖြူနုနှင့်တူသည်။ စားသောက်ဆိုင်များက ပင်လယ်ထဲမှဖမ်းယူရရှိသော ပင်လယ်စာများကို လတ်လတ်ဆတ်ဆတ်ချက်ပြုတ်ရောင်းချသဖြင့် စားရသည့်အရသာထူးကဲစွာရှိလှသည်။

### ကဗျာဝကမ်းခြေ

ကဗျာဝကမ်းခြေသည် မွန်ပြည်နယ် ရေးမြို့နယ် ကဗျာဝကျေးရွာတွင်ရှိသည်။ ရေးမြို့မှ ၂၂ မိုင်ခန့်အကွာတွင် ရှိသည်။ ကမ်းခြေအလျား ရှစ်မိုင်ခန့်ရှည်လျားပြီး ကမ်းခြေအနံပေ ၃၀၀ ခန့်ကျယ်ဝန်းသည်။ ကမ်းခြေမှ ပင်လယ်အတွင်းသို့ ပေ ၁၅၀ ခန့်အထိ လျှောက်လှမ်းနိုင်သည်။ ကမ်းခြေတွင် တည်းခိုခန်းနှစ်ခု၊ စားသောက်ဆိုင် ၂၆ ဆိုင်၊ အကင်ဆိုင် ၁၂ ဆိုင်၊ အမှတ်တရပစ္စည်းဆိုင် ကိုးဆိုင်ရှိသည်။ ၂၀၁၈ ခုနှစ်က ပြည်ပဧည့်သည် ၇၁၇ ဦး၊ ပြည်တွင်းဧည့်သည် ၆၈၉၉ ဦး လာရောက်လည်ပတ်ခဲ့သည်။ အပန်းဖြေရေကူးခြင်း၊ ဒေသအစားအစာစားခြင်းအပြင် ငါးလုပ်ငန်း၊ ကျောက်ပုစွန်လုပ်ငန်းများကို လေ့လာနိုင်သည်။

### ရွှေသောင်ယံကမ်းခြေ

ရွှေသောင်ယံကမ်းခြေသည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့အနီးတွင် တည်ရှိပြီး ပုသိမ်မြို့မှ ၄၈ မိုင်ခန့်ကွာဝေးသည်။ ကမ်းခြေအလျား ရှစ်မိုင်ခန့် ရှည်လျားပြီး ကမ်းခြေအနံပေ ၁၅၈ ပေခန့်ကျယ်ဝန်းသည်။ ကမ်းခြေမှ ပင်လယ်အတွင်းသို့ပေ ၁၀၀ ခန့်အထိ လျှောက်လှမ်းနိုင်သည်။ ကြည်လင်စိမ်းပြာသောရေနှင့် လိုက်ဖက်စွာ သဲဖြူအမျိုးအစားကြောင့် ဟိုတယ်လုပ်ငန်းများ အချိန်တိုအတွင်း တိုးတက်လာသည်ကို တွေ့ရသည်။ ၂၀၁၉ ခုနှစ်တွင် ပြည်ပဧည့်သည် ၄၆၆ ဦး၊ ပြည်တွင်းဧည့်သည် ၂၆၆၆ ဦး လာရောက်လည်ပတ်ခဲ့သည်။ ယခင်က သွားလာမှုခက်ခဲသော်လည်း ယခုအခါ ရွှေသောင်ယံတံတားတည်ဆောက်ပြီးစီး၍ သွားလာလည်ပတ်မှုများပြားလာပြီး ဟိုတယ်ခုနစ်လုံးအထိ တိုးတက်လာပြီဖြစ်သည်။

### ဂေါ်ရန်ဂျီကမ်းခြေ

ဂေါ်ရန်ဂျီကမ်းခြေသည် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဂေါ်ရန်ဂျီကျွန်းဒေသတွင် တည်ရှိသည်။ ပုသိမ်မှ ၇၆ ဒသမ ၅ မိုင်ခန့် ကွာဝေးသည်။ ကမ်းခြေအလျား ခြောက်မိုင်ခန့် ရှည်လျားပြီး ကမ်းခြေအနံ ၁၀၅ ပေခန့် ကျယ်ဝန်းသည်။ ကမ်းခြေမှ ပင်လယ်အတွင်းသို့ ပေ ၂၀၀ ခန့် လျှောက်လှမ်းနိုင်သည်။ ဂေါ်ရန်ဂျီကျွန်း၏ ထူးခြားချက်မှာ ကြည်လင်သန့်ရှင်းသောရေပြင်နှင့် သန္တာကျောက်တန်းအလှများ၊ သဘာဝကျောက်ဆောင်များက လာရောက်သူများအပေါ် ဆွဲဆောင်မှုများဖြစ်စေပြီး နေဝင်ဆည်းဆာအလှနှင့် သဘာဝအလှများကို ပေါင်းစပ်ခံစားကြည့်ရှုနိုင်သည်။ ဟိုတယ်တစ်လုံး၊ တည်းခိုရိပ်သာ ခြောက်လုံး၊ ဆောင်ရွက်ဆဲတည်းခိုခန်း ၄၆ လုံးရှိပြီး ၂၀၁၈ ခုနှစ်က ပြည်ပဧည့်သည် ၆၉၆၄၅ ဦးနှင့် ပြည်တွင်းဧည့်သည် ၉၆၉ ဦး လာရောက်လည်ပတ်ခဲ့သည်။

### ချမ်းသာကမ်းခြေ

ချမ်းသာကမ်းခြေသည် ရခိုင်ပြည်နယ် ဂွမြို့နယ် ချမ်းသာကျေးရွာတွင် တည်ရှိသည်။ ဂွမြို့မှ ၂၅ မိုင်ခန့် ကွာဝေးပြီး ကမ်းခြေအလျားမှာ ခုနစ်မိုင်ခန့် ရှည်လျားကာ ကမ်းခြေအနံမှာ ပေ ၂၀၀ ခန့်အထိ ကျယ်ဝန်းသည်။ ကမ်းခြေမှ ပင်လယ်အတွင်းသို့ ပေ ၇၀ ခန့်မှ ပေ ၁၀၀ ခန့်အထိ လျှောက်လှမ်းနိုင်သည်။ ချမ်းသာကမ်းခြေမှ ဂွကျွန်းသို့ လှေဖြင့်သွားလျှင် ၁၀ မိနစ်ခန့်ကြာသည်။ ရေကြည်လင်သန့်ရှင်းပြီး သဲဖြူသည်။ ကြည်လင်သောရေကြောင့် သန္တာကျောက်တန်းများကို မြင်တွေ့ရသည်။ ၂၀၁၈ ခုနှစ်က ပြည်ပဧည့်သည် ၅၀ နှင့် ပြည်တွင်းဧည့်သည် ၁၅၀ လာရောက်လည်ပတ်ကြသည်။ ဟိုတယ်၊ တည်းခိုခန်း စားသောက်ဆိုင်များ မရှိသေးခြင်းကြောင့် နေ့ချင်းပြန်ခရီးစဉ်များဖြင့်သာ သွားရောက်လည်ပတ်ကြသည်။ လမ်းခရီးအခြေအနေကြောင့် လာရောက်လည်ပတ်မှုနည်းပါးနေသဖြင့် သဘာဝအရင်းအမြစ်များ ပျက်စီးမှုမရှိသေးသည်ကို တွေ့ရသည်။ ရေကျချိန်တွင် သန္တာကျောက်တန်းများ ပေါ်ထွက်လာသဖြင့် ထိန်းသိမ်းရန်လိုအပ်နေသည်။

စာမျက်နှာ ၁၆ သို့ ✧

> မြန်မာနိုင်ငံ၌ ပင်လယ်ရှိသည်၊ နေရှိသည်၊ နှင်းခဲဖုံးလွှမ်းသောတောင်များရှိသည်။ ဖြူလွှသောသဲသောင်ကမ်းခြေများရှိသည်။ ဖော်ရွေသည့်ပြုံးအလှပိုင်ရှင်များရှိသည်။ သဘာဝကပေးသော အဖိုးမဖြတ်နိုင်သည့် စွဲမက်ဖွယ်ခရီးသွားအရင်းအမြစ်ရတနာများ ရှိသော်လည်း မိမိတို့ အပြည့်အဝ အသုံးမပြုနိုင်သေးသည်ကို အားမလိုအားမရဖြစ်မိသည်။ ကမ္ဘာ့အဆင့်ဝင် ပင်လယ်ကမ်းခြေတစ်ခု၏ဂုဏ်ဒြပ်တွင် သဲဖြူခြင်း၊ ရေကြည်ခြင်း၊ ကမ်းခြေရှည်လျားကျယ်ပြန့်ခြင်း၊ ကမ်းခြေဆင်ခြေလျှော ပြေပြစ်ခြင်း၊ နေဝင်၊ နေထွက် ကြည့်ရှုနိုင်ခြင်း၊ သဘာဝအတိုင်းတည်ရှိခြင်း၊ သန့်ရှင်းသာယာလှပခြင်းတို့ ရှိနေမှသာ ပြည့်စုံလှပသောကမ်းခြေတစ်ခုအဖြစ် အသိအမှတ်ပြုကြသည်။ ဤဝိသေသ၊ ဂုဏ်ဒြပ်များနှင့်ပြည့်စုံသောပင်လယ်ကမ်းခြေများ မြန်မာနိုင်ငံတွင် ရှိနေ

# PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် မေ ၇**

မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်လျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသ ဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

✧ စာမျက်နှာ ၁၅ မှ

### ကအီးကမ်းခြေ

ကအီးကမ်းခြေသည် ရခိုင်ပြည်နယ် မာန်အောင်မြို့အနီးကျေးရွာတွင် တည်ရှိသည်။ မာန်အောင်မြို့မှ ၁၈ မိုင်ခန့်ကွာဝေးပြီး ကမ်းခြေအလျား ၁၇ မိုင်ခန့်ရှည်လျားသည်။ ကမ်းခြေအနံမှာ ပေ ၃၀၀ မှ ပေ ၅၀၀ အထိ ကျယ်ပြန့်သည်။ ကမ်းခြေမှ ပင်လယ်အတွင်းသို့ ပေ ၁၀၀ ခန့်မှ ပေ ၂၀၀ ခန့်အထိ လျှောက်လှမ်းနိုင်သည်။ သဘာဝအတိုင်းလှပပြီး အဝါနုရောင်သဲအမျိုးအစားဖြစ်သဖြင့် ထူးခြားလှပသည်။ လမ်းပန်းဆက်သွယ်ရေးဝေးကွာမှုကြောင့် ပြည်တွင်းပြည်ပခရီးသွားများ လည်ပတ်မှုမရှိသေးသဖြင့် သန္တာကျောက်တန်းများ၊ ကျောက်ဆောင်ငယ်များ၊ ကမ်းခြေများမှာ သဘာဝအတိုင်းတည်ရှိနေသည်။ ရှေ့လာမည့် အလားအလာများကို မျှော်မှန်း၍ မာန်အောင်ဒေသ အများနှင့်သက်ဆိုင်သောကုမ္ပဏီမှ အိမ်ခန်းပေါင်း ၁၅၀ ကျော်ပါသော ဟိုတယ်စီမံကိန်းကို ၂၀၁၉ ခုနှစ်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

### မင်းပြင်ကမ်းခြေ

မင်းပြင်ကမ်းခြေသည် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် မင်းပြင်ကျေးရွာတွင် တည်ရှိပြီး ကျောက်ဖြူမြို့မှ ၁၅ မိုင်ခန့်ကွာဝေးသည်။ ကမ်းခြေအလျားမှာ ကိုးမိုင်ခန့်ရှည်လျားပြီး ကမ်းခြေအနံမှာ ပေ ၃၀၀ ခန့်မှ ပေ ၄၀၀ ခန့်အထိ ကျယ်ဝန်းသည်။ ကမ်းခြေမှ ပင်လယ်အတွင်းသို့ ပေ ၁၀၀ မှ ပေ ၂၀၀ ခန့် လျှောက်လှမ်းနိုင်သည်အထိ ဆင်ခြေလျှောပြေပြစ်သည်။ ကမ်းခြေတွင် စားသောက်ဆိုင်၊ ဟိုတယ်နှင့် တည်းခိုခန်းများ မရှိသေးသော်လည်း ကျောက်ဖြူဒေသ အထူးစီးပွားရေးဇုန်တွင် ပါဝင်သဖြင့် ဟိုတယ်ဇုန်အဖြစ် သတ်မှတ်လျာထားကြောင်းသိရသည်။

လမ်းခရီးဝေးကွာမှုကြောင့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုမရှိသေးသော်လည်း ပုလဲအရောင်သဲသောင်ပြင်၊ ကြည်လင်စိမ်းမြသောရေ၊ သန္တာကျောက်တန်းများနှင့် သဘာဝအလှအပများကြောင့် အထူးစီးပွားရေးဇုန် ဖြစ်ထွန်းအောင်မြင်လာချိန်နှင့် တစ်ပြိုင်တည်း ခရီးသွားလုပ်ငန်းလည်း ယှဉ်တွဲအောင်မြင်နိုင်သည့် အလားအလာကောင်းများရှိနေသည်။ ထပ်မံတွေ့ရှိရပြီး ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ လည်ပတ်နေသော ဤကမ်းခြေ ခုနစ်ခုမှာ နိုင်ငံတကာအဆင့်မီသောကမ်းခြေများဖြစ်၍ ဒေသတာဝန်ရှိသူများက အချိန်မီထိန်းသိမ်းသင့်ကြောင်း အကြံပြုအပ်ပါသည်။

### ကမ်းခြေတည်မြဲအမိန့်

ယခုအခါ ၂၀၁၅ ခုနှစ်က ထုတ်ပြန်ခဲ့သော ကမ်းခြေဒေသ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုက်နာဆောင်ရွက်ရန် အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၅) ကို ရုပ်သိမ်း၍ ဒေသ၊ အချိန်အခါနှင့် လျော်ညီပြီး ရှင်းလင်းတိကျသော စည်းကမ်းသတ်မှတ်ချက်များပါဝင်သည့် ကမ်းခြေဒေသ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုက်နာဆောင်ရွက်ရန် အမိန့်ကို အမိန့်ကြော်ငြာစာအမှတ် ၁၆/၂၀၁၈ ဖြင့် ပြင်ဆင်ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါအမိန့်ကြော်ငြာစာတွင် ကမ်းခြေ၊ ကမ်းခြေဒေသ၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ကမ်းခြေဒေသတွင် ဟိုတယ်၊ တည်းခိုရိပ်သာများ ဆောင်ရွက်မည့် လုပ်ငန်းရှင်များ၊ ဟိုတယ်၊ တည်းခိုရိပ်သာများ တည်ဆောက်ရာ၌ လိုက်နာရမည့် စည်းကမ်းချက်များ၊ တည်ဆောက်ပြီးစီး၍ ဖွင့်လှစ်ဆောင်ရွက်ပါက လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ၊ ကမ်းခြေဒေသတွင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် အခြားဝန်ဆောင်မှုများ ဆောင်ရွက်ပါက လိုက်နာရမည့် စည်းကမ်းချက်များ၊ သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးအတွက် ဆောင်ရွက်ထားရှိရမည့် အစီအမံများ၊ မီးဘေးလုံခြုံရေး ရေးဆွဲဆောင်ရွက်ထားရှိရမည့် အစီအမံများနှင့် လာရောက်တည်းခိုသော ဧည့်သည်များအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ထားရှိရမည့် အကာအကွယ်အစီအမံများကို ပြည့်စုံစွာရေးဆွဲထားရှိသည်။

ဒေသ၊ အခြေအနေ အချိန်အခါနှင့်ကိုက်ညီစွာ တိကျသောတားမြစ်ကန့်သတ်ချက်များ ပါဝင်သည့် ကမ်းခြေဒေသ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အမိန့်ကို ထုတ်ပြန်ကြေညာပြီးဖြစ်သော်လည်း ထပ်မံတွေ့ရှိရသော ကမ်းခြေခုနစ်ခုကို လည်ပတ်နိုင်သော ခရီးစဉ်ဒေသကမ်းခြေများအဖြစ် ထုတ်ပြန်ကြေညာခြင်းဖြင့် ကမ်းခြေသဘာဝအလှအပများ ပျက်စီးမှုမရှိစေရန်အတွက် ကာကွယ်ထိန်းသိမ်းမှုကိုဖြစ်စေမည်ဟု ယုံကြည်ပါသည်။

ခရီးသွားဧည့်သည်များ ဝင်ရောက်လည်ပတ်မှု သိပ်သည်းများပြားခြင်းသည် ခရီးသွားလုပ်ငန်းအပေါ် အကျိုးပြုသည်များရှိသကဲ့သို့ သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်မှုများအပေါ် ထိခိုက်မှုများလည်းဖြစ်စေသည်။ အထူးသဖြင့် ပင်လယ်ကမ်းခြေကဲ့သို့နေရာမျိုးတွင် သဲသောင်ပြင်စားသောက်ဆိုင်များမှ စည်းကမ်းမဲ့ အမှိုက်များစွန့်ပစ်ခြင်း၊ သဲသောင်ပြင်ပေါ်သို့ အညစ်အကြေးများစွန့်ပစ်ခြင်း၊ သဲသောင်ပြင်ပေါ်တွင် မီးပုံပွဲများပြုလုပ်ခြင်း၊ ကမ်းခြေရှိ ကနုကမာခွံများ၊ သန္တာကျောက်တန်းများ၊ သစ်ပင်ပန်းမန်များကို ချိုးဖဲ့ယူဆောင်ခြင်း၊ တောရိုင်းတိရစ္ဆာန်များနှင့် ကန့်သတ်တားမြစ်ထားသည့် ရှားပါးရေသတ္တဝါများကို သတ်ဖြတ်စားသောက်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းကြောင့် ကမ်းခြေသဘာဝအလှကို ထိခိုက်ပျက်စီးမှုဖြစ်စေသည်။

### ချိုသောပင်လယ်

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဖြစ်သော ပုဂံကြောင့်လည်းကောင်း၊ သဘာဝရေဝေရေလဲ အင်းလေးကန်ကြောင့်လည်းကောင်း၊ တိုင်းရင်းသားမျိုးနွယ်စုများကြောင့်လည်းကောင်း၊ ပါးကွက်ကြားဖြင့် ချိုသာသောအပြုံးမျက်နှာကြောင့် လည်းကောင်း၊ သန့်ရှင်းသာယာလှပသော ကမ်းခြေနှင့် ကျွန်းများကြောင့်လည်းကောင်း မြန်မာနိုင်ငံကို ခရီးစဉ်ဒေသတစ်ခုအဖြစ် ထင်ရှားစေပြီး အလည်အပတ်သွားသင့်သောနိုင်ငံအဖြစ် နိုင်ငံတကာက အသိအမှတ်ပြု လက်ခံခဲ့ကြခြင်းဖြစ်သည်။

ပင်ပန်းနွမ်းနယ်မှု၊ မွန်းကျပ်မှုများအတွက် အပန်းဖြေလိုသောသူများ၊ မိသားစု၊ မိတ်ဆွေသူငယ်ချင်းများစု၍ အပျော်ခရီးထွက်လိုသောသူများ၊ စိတ်သစ်ကိုယ်သစ် ခွန်အားသစ်၊ ပြန်လည်မွေးဖွားလိုသောသူများ၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများအတွက် ဆွေးနွေးလိုသူများသည် ပင်လယ်ကမ်းခြေကို အမိအရရွေးချယ်တတ်ကြသည်။ ပင်လယ်ကမ်းခြေ၏လွတ်လပ်မှု၊ ပွင့်လင်းမှု၊ သဘာဝတရားနှင့် တစ်သားတည်းရှိမှုများက ဆန္ဒကို ပြည့်ဝစေသည်။ လှပသောပင်လယ်ကမ်းခြေသို့ ရောက်လာသူတိုင်းအပေါ် ထပ်ခါထပ်ခါလာရောက်ရန် ပင်လယ်က ချိုမြိန်စွာဆွဲဆောင်စေသည်။

၂၀၁၇ ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံ သီဟာနုဆိပ်ကမ်းမြို့တွင် ပြုလုပ်သော Workshop on Tourism Promotion and Development of Quality Tourism သို့ တက်ရောက်ခဲ့စဉ်က သီဟာနုဆိပ်ကမ်းကမ်းခြေကို ရောက်ရှိခဲ့သည်။ ကမ်းခြေတွင် The most Beautiful Bays in the WORLD ဟု ကျောက်သားဆိုင်းဘုတ်ထုဆစ်ကာ ဝင့်ကြွားထားသည်ကို တွေ့ရသည်။ သီဟာနုကမ်းခြေထက် ပိုမိုလှပပြီး ကမ္ဘာ့ထိပ်တန်းအဆင့်ရှိ ပင်လယ်ကမ်းခြေများမှာ မြန်မာနိုင်ငံတွင် ရှိနေသည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးနေပြီး ကမ္ဘာ့အကောင်းဆုံးကမ်းခြေ ၁၀ ခု စာရင်းတွင်ပါဝင်သည့် ငပလီကမ်းခြေနှင့် ဖွံ့ဖြိုးဆဲငွေဆောင်ကမ်းခြေ၊ ရွှေသောင်ယံကမ်းခြေများတွင် ကမ္ဘောဒီးယားနိုင်ငံကဲ့သို့ ကမ္ဘာ့အလှဆုံးကမ်းခြေအဖြစ် ကျောက်သားကျောက်ဆစ်များ လှပစွာထုဆစ်ပုံဖော်ကာ ကမ္ဘည်းရေးထိုးဝင့်ကြွားစေချင်သည်။ နိုင်ငံတကာခရီးသွားများကို ဂုဏ်ယူပြသစေချင်သည်။

ထို့အတူ ကမ္ဘာ့အဆင့်မီသော်လည်း တိမ်မြုပ်ပုန်းအောင်းနေသည့် ဖိုးဖိုးကျောက်ကမ်းခြေ၊ ရွှေသောင်ယံကမ်းခြေ၊ ကဗျာဝကမ်းခြေ၊ ဂေါ်ရန်ဂျီကမ်းခြေ၊ ချမ်းသာကမ်းခြေ၊ ကအီးကမ်းခြေနှင့် မင်းပြင်ကမ်းခြေတို့ကို လည်ပတ်နိုင်သောကမ်းခြေများအဖြစ် ဖော်ထုတ်မြှင့်တင်၍ နိုင်ငံသဘာဝအလှတရားများ ပျက်စီးမှုမရှိစေရန် ဒေသအလိုက် အချိန်မီ ထိန်းသိမ်းကာကွယ်စောင့်ရှောက်သင့်ပါကြောင်း တင်ပြလိုက်ပါသည်။ ။

❍

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၇

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကွမ်းစိုက်ကျေးရွာနေ မိုးမိုးစန်းသည် ၎င်းအသုံးပြုသည့် “Moe Moe Sann” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ထန်းတပင်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ သုံးသပ်ဆွေးနွေးပွဲ ကျင်းပ



ရန်ကုန် မေ ၇

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ သုံးသပ်ဆွေးနွေးပွဲကို ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၅ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဦးကြည်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်း သုံးသပ်ဆွေးနွေးပွဲသို့တက်ရောက်လာကြသည့် ကျေးရွာ ၃၀ မှ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီဝင်များ၊ ကျေးရွာ ခြောက်ရွာတို့မှ ကျေးရွာမတည်စီမံကိန်းကော်မတီဝင်များနှင့် ကျေးရွာ ၁၄ ရွာတို့မှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကော်မတီဝင်များက စီမံကိန်းများ၏ အားသာချက်၊ အားနည်းချက်များကို သက်ဆိုင်ရာအုပ်စုများအလိုက် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ စီမံကိန်းသုံးသပ်ဆွေးနွေးပွဲသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲလင်းနိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာ ၃၀ မှ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီဝင်များ၊ ကျေးရွာ ခြောက်ရွာတို့မှ ကျေးရွာမတည်စီမံကိန်း ကော်မတီဝင်များနှင့် ကျေးရွာ ၁၄ ရွာတို့မှကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကော်မတီဝင်များတက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၅-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၈၀ | ၁၉၃၀ | ၁၉၂၅ | ၁၈၉၀ | ၁၉၂၅ | ၁၉၅၀ | ၁၉၃၅ | ၁၉၁၅ | ၂၀၁၀ | ၂၀၂၅ | ၁၉၂၀ | ၁၉၃၀ | ၁၉၆၅ | ၁၉၆၅ | ၁၉၇၀ | ၂၂၀၀ | ၂၈၁၀ |
| 95 Ron | ၁၉၆၅ | ၂၀၁၅ | ၂၀၁၅ | ၁၉၇၅ | ၂၀၁၅ | ၂၀၄၀ | ၂၀၂၅ | ၂၀၀၀ | ၂၁၀၀ | ၂၁၁၅ | ၂၀၀၅ | ၂၀၂၅ | ၂၀၅၀ | ၂၀၅၅ | ၂၀၅၅ | ၂၂၈၅ | ၂၈၈၅ |
| HSD (500 ppm) | ၁၈၃၀ | ၁၈၈၀ | ၁၈၈၀ | ၁၈၄၀ | ၁၈၈၀ | ၁၉၀၅ | ၁၉၀၀ | ၁၈၆၅ | ၁၉၈၅ | ၁၉၈၀ | ၁၈၇၀ | ၁၈၈၅ | ၁၉၁၅ | ၁၉၂၀ | ၁၉၂၀ | ၂၁၅၀ | ၂၉၀၀ |
| HSD (50 ppm) | ၁၉၁၀ | ၁၉၆၀ | ၁၉၆၀ | ၁၉၂၀ | ၁၉၆၀ | ၁၉၈၅ | ၁၉၈၀ | ၁၉၄၅ | ၂၀၆၅ | ၂၀၆၀ | ၁၉၅၀ | ၁၉၆၅ | ၁၉၉၅ | ၂၀၀၀ | ၂၀၀၀ | ၂၂၃၀ | ၂၉၃၀ |
| HSD (10 ppm) | ၁၉၁၀ | ၁၉၆၀ | ၁၉၆၀ | ၁၉၂၀ | ၁၉၆၀ | ၁၉၈၅ | ၁၉၈၀ | ၁၉၄၅ | ၂၀၆၅ | ၂၀၆၀ | ၁၉၅၀ | ၁၉၆၅ | ၁၉၉၅ | ၂၀၀၀ | ၂၀၀၀ | ၂၂၃၀ | ၂၉၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၇၉ | ၁၈၄၈ |
| 95 Ron | ၁၈၆၄ | ၁၉၃၄ |
| HSD (500 ppm) | ၁၇၃၇ | ၁၈၀၁ |
| HSD (50 ppm) | ၁၈၁၀ | ၁၈၇၆ |
| HSD (10 ppm) | ၁၈၁၀ | ၁၈၇၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# အိုဆာဆူနာအသင်းကို အနိုင်ရပြီး ရီးယဲလ်မက်ဒရစ်အသင်း စပိန်ကိုပါဒယ်ရေးဖလား အကြိမ်(၂၀)မြောက် ဆွတ်ခူး

ရီးယဲလ်မက်ဒရစ်အသင်းနဲ့ အိုဆာဆူနာအသင်းတို့ မေ ၆ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်ကိုပါဒယ်ရေးဖလားနောက်ဆုံးဗိုလ်လုပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းက အိုဆာဆူနာအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် စပိန်ကိုပါဒယ်ရေးဖလားကို အကြိမ် (၂၀)မြောက် ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပထမပိုင်းပွဲကစားချိန် နှစ်မိနစ်နဲ့ ဒုတိယပိုင်း မိနစ် ၇၀ တို့မှာရိုဒရီဂိုကသွင်းယူပေးခဲ့တာဖြစ်ပါတယ်။ အိုဆာဆူနာအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ဒုတိယပိုင်းပွဲကစားချိန် ၅၈ မိနစ်မှာ တော်ရီက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အိုဆာဆူနာအသင်းဟာ ရီးယဲလ်မက်ဒရစ်အသင်းကို ရှုံးနိမ့်ခဲ့လို့ အသင်းရဲ့ သမိုင်းတစ်လျှောက် ၁၀၃ နှစ်တာကာလအတွင်းမှာ ပထမဆုံးသော အဓိကဆုဖလားတစ်လုံးကို ရရှိရေးမျှော်လင့်ချက်ပျက်ခဲ့ရတာဖြစ်ပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းအတွက်တော့ ကိုပါဒယ်ရေးဖလားကို ၂၀၁၄ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ပြန်လည်ရရှိခဲ့တာဖြစ်ပါတယ်။




ငွေကြယ် - ရေးသားသည်




## တိုက်စစ်မှူး ရွှန်းနီရဲ့ ပရီမီယာလိဂ်ဂိုးသွင်းစံချိန်ကို ကျော်သွားပြီဖြစ်တဲ့ ဟယ်ရီကိန်း

စပါးအသင်းတိုက်စစ်မှူး ဟယ်ရီကိန်းဟာ လက်ရှိမှာ ပရီမီယာလိဂ်သွင်းဂိုး ၂၀၉ ဂိုးရှိသွားပြီဖြစ်တာကြောင့် မန်ယူအသင်းနဲ့ အဲဗာတန်အသင်းတို့ရဲ့ တိုက်စစ်မှူးဟောင်း ရွှန်းနီရဲ့ ပရီမီယာလိဂ်ဂိုးသွင်းစံချိန်ကို ကျော်သွားခဲ့ပြီဖြစ်ပါတယ်။

တိုက်စစ်မှူး ဟယ်ရီကိန်းဟာ စပါးအသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပြီး တိုက်စစ်မှူး ရွှန်းနီဟာ ပရီမီယာလိဂ်သွင်းဂိုး ၂၀၈ ဂိုးသွင်းယူထားတာဖြစ်ပါတယ်။

လက်ရှိမှာ နယူးကာဆယ်အသင်းနဲ့ ဘလက်ဘန်းအသင်း တိုက်စစ်မှူးဟောင်း အလန်ရှီးယားက ပရီမီယာလိဂ်သွင်းဂိုး ၂၆၀ နဲ့ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်ထားပြီး ၂၀၀၆ ခုနှစ်က ကစားသမားဘဝကနေ အနားယူခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူး အလန်ရှီးယားဟာ ပရီမီယာလိဂ်ပွဲစဉ်စုစုပေါင်း ၄၄၁ ပွဲ ပါဝင်ကစားခဲ့ရာမှာ သွင်းဂိုး ၂၆၀ ပြည့်ခဲ့တာကြောင့် တစ်ပွဲပျမ်းမျှသွင်းဂိုး သုည ဒသမ ၅၉ ဂိုးသွင်းယူထားပြီး တိုက်စစ်မှူး ဟယ်ရီကိန်းကတော့ ပရီမီယာလိဂ် ၃၁၇ ပွဲကစားထားကာ တစ်ပွဲပျမ်းမျှသွင်းဂိုး သုည ဒသမ ၆၆ ဂိုးသွင်းယူထားတာ ဖြစ်ပါတယ်။

တိုက်စစ်မှူး ဟယ်ရီကိန်းဟာ ပရီမီယာလိဂ်အိမ်ကွင်းသွင်းဂိုး ၁၀၀ ပြည့်မြောက်ခဲ့ပြီး အသင်းတစ်သင်းတည်းအတွက် အိမ်ကွင်းပရီမီယာလိဂ်သွင်းဂိုးအများဆုံးကစားသမားစာရင်းမှာ လေးဦးမြောက် ကစားသမားဖြစ်လာခဲ့ကာ ရွှန်းနီက မန်ယူအသင်းအတွက် အိမ်ကွင်းသွင်းဂိုး ၁၀၁ ဂိုး၊ အဂျူရိုက မန်စီးတီးအသင်းအတွက် အိမ်ကွင်းသွင်းဂိုး ၁၀၆ ဂိုးနဲ့ ဟင်နရီက အာဆင်နယ်အသင်းအတွက် အိမ်ကွင်းသွင်းဂိုး ၁၂၀ အသီးသီး သွင်းယူထားတာဖြစ်ပါတယ်။

## တိုက်စစ်မှူး မိုဟာမက်ဆာလာ လီဗာပူးအသင်းရဲ့ ပဥ္စမမြောက် ဂိုးသွင်းအများဆုံးကစားသမားဖြစ်လာ

တိုက်စစ်မှူး မိုဟာမက်ဆာလာဟာ လီဗာပူးအသင်းက ဘရန်းဖို့ဒ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ တစ်ဂိုးသွင်းယူနိုင်ခဲ့လို့ လီဗာပူးအသင်းရဲ့ သမိုင်းတစ်လျှောက် ပဥ္စမမြောက် ဂိုးသွင်းအများဆုံးကစားသမားဖြစ်လာခဲ့ပါတယ်။

ဒါ့ပြင် ဘရန်းဖို့ဒ်အသင်းနဲ့ ပွဲစဉ်မှာ ဂိုးသွင်းယူနိုင်ခဲ့လို့ လီဗာပူးအသင်းနဲ့ အတူ အိမ်ကွင်းကိုးပွဲဆက် ဂိုးသွင်းယူနိုင်ခဲ့တဲ့ ပထမဆုံးကစားသမားဖြစ်လာခဲ့ပြီး အခုသွင်းဂိုးဟာ လီဗာပူးအသင်းရဲ့ အိမ်ကွင်းမှာ သွင်းဂိုး ၁၀၀ ပြည့်မြောက်တဲ့ သွင်းဂိုးလည်းဖြစ်လာခဲ့ပါတယ်။

လီဗာပူးအသင်းနဲ့ ဂိုးအများဆုံးသွင်းယူထားတဲ့ကစားသမားတွေကတော့ အီယန်ရပ်ရှ်က ၃၄၆ ဂိုးနဲ့ ပထမ၊ ရော်ဂျာဟန့်က ၂၈၅ ဂိုးနဲ့ ဒုတိယ၊ ဂျော်ဒန်ဟော့ဂ်ဆန်က ၂၄၁ ဂိုးနဲ့ တတိယ၊ ဘိုင်လီလစ်ဒယ်က ၂၂၈ ဂိုးနဲ့ စတုတ္ထ၊ စတီဗင်ဂျာရတ်က ၁၈၆ ဂိုးနဲ့ ပဥ္စမ၊ မိုဟာမက်ဆာက ၁၈၆ ဂိုးနဲ့ ပဥ္စမ ဂိုးအများဆုံး သွင်းယူထားကြတာဖြစ်ပါတယ်။

မိုဟာမက်ဆာလာဟာ ၂၀၁၇ ခုနှစ် ဇွန်လက ရိုးမားအသင်းကနေ ပြောင်းရွှေ့ကြေးပေါင် ၃၄ သန်းနဲ့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ယခုဘောလုံးရာသီမှာ တစ်ရာသီသွင်းဂိုး ၃၀ ရှိသွားပြီဖြစ်ပါတယ်။ လီဗာပူးအသင်းကတော့ ဘရန်းဖို့ဒ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ရမှတ်၆၂ မှတ်စုဆောင်းနိုင်ခဲ့ကာ မန်ယူအသင်းထက် တစ်မှတ်လျော့နဲ့ ပရီမီယာလိဂ်အဆင့် (၅)နေရာမှာ ရပ်တည်လျက်ရှိတာဖြစ်ပါတယ်။




## ဇယားထိပ်၌ လေးမှတ်ဖြတ်ကာ ဘိုင်ယန်မြူးနစ်အသင်း ဦးဆောင်ခွင့်ရရှိ

ဝါဒါဘရီမင်အသင်းနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့ မေ ၆ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဘွန်ဒက်လီဂါပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ဘွန်ဒက်လီဂါ အမှတ်ပေးဇယားထိပ်ဆုံးမှာ လေးမှတ်ဖြတ်ကာ ဆက်လက်ဦးဆောင်ခွင့်ရရှိခဲ့ပါတယ်။

ဝါဒါဘရီမင်အသင်းနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့ပွဲစဉ်မှာ ဝါဒါဘရီမင်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲကစားချိန် ၈၇ မိနစ်မှာ ရှုမစ်က သွင်းယူပေးခဲ့ပြီး ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကိုတော့ ၆၂ မိနစ်မှာ ဂါဘရီရီနဲ့ ၇၂ မိနစ်မှာ ဆာနေးတို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။




ဘိုင်ယန်မြူးနစ်အသင်းဟာ ဘွန်ဒက်လီဂါ လက်ကျန်ပွဲစဉ်သုံးပွဲ ကျန်ရှိနေချိန်မှာ ရမှတ် ၆၅ မှတ် စုဆောင်းထားနိုင်ခဲ့ပြီး အမှတ်ပေးဇယားဒုတိယနေရာက ဒေါ့မွန်အသင်းကတော့ ကစားဖို့လေးပွဲကျန်ရှိနေချိန်မှာ ၆၁ မှတ်ရရှိထားတာဖြစ်ပါတယ်။

ဒေါ့မွန်အသင်းအနေနဲ့ ဝုလ်စ်ဘတ်အသင်းကို အနိုင်ရရှိခဲ့မယ်ဆိုရင် ဘိုင်ယန်မြူးနစ်အသင်းဟာ ဒေါ့မွန်အသင်းကို တစ်မှတ်သာဖြတ်ထားနိုင်တော့မှာဖြစ်ပါတယ်။

# ဆီးဂိမ်း ခြင်းလုံးပြိုင်ပွဲတွင် မြန်မာအသင်း ရွှေတစ်ခု၊ ငွေတစ်ခု၊ ကြေးတစ်ခု စတင်ဆွတ်ခူး

**ရန်ကုန် မေ ၇**

(၃၂)ကြိမ်မြောက် ဆီးဂိမ်းခြင်းလုံးပြိုင်ပွဲကို မေ ၇ ရက်တွင် ကျင်းပရာ မြန်မာအသင်းက ရွှေတစ်ခု၊ ငွေတစ်ခု၊ ကြေးတစ်ခု စတင်ဆွတ်ခူးရရှိခဲ့သည်။

**ဆုတံဆိပ်ရယူနိုင်ခဲ့**

မေ ၇ ရက်တွင် ခြင်းလုံးအားကစားနည်း၌ ပြိုင်ပွဲအမျိုးအစားသုံးမျိုး ကျင်းပခဲ့ပြီး မြန်မာခြင်းလုံးအသင်းက ပြိုင်ပွဲအမျိုးအစား သုံးမျိုးစလုံး ဆုတံဆိပ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာခြင်းလုံးအသင်းအတွက် ရွှေတံဆိပ်ဆုကို အမျိုးသမီး Sames Stoke– Event–2 ပြိုင်ပွဲတွင် ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ရမှတ် ၂၂၀ မှတ်ဖြင့် ရရှိခဲ့ခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ကမ္ဘောဒီးယားအသင်းက ရမှတ် ၁၈၂ မှတ်ဖြင့် ငွေတံဆိပ်၊ လာအိုအသင်းက ရမှတ် ၁၂၅ မှတ်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။ အမျိုးသား+အမျိုးသမီး Sames Stoke– Event–2 ပြိုင်ပွဲတွင် မြန်မာအသင်းက ရမှတ် ၁၉၈ မှတ်ဖြင့် ငွေတံဆိပ်ရရှိပြီး အိမ်ရှင် ကမ္ဘောဒီးယားအသင်းက ၂၀၆ မှတ်ဖြင့် ရွှေတံဆိပ်၊ လာအိုအသင်းက ရမှတ် ၁၇၆ မှတ်ဖြင့် ကြေးတံဆိပ်၊ အမျိုးသား Sames Stoke– Event–2 ပြိုင်ပွဲတွင် မြန်မာအသင်းက အိမ်ရှင်ကမ္ဘောဒီးယားအသင်းနှင့် ပူးတွဲကြေးတံဆိပ်ရရှိပြီး ထိုင်းအသင်းက ရွှေတံဆိပ်နှင့် မလေးရှားအသင်းက ငွေတံဆိပ်ရရှိခဲ့သည်။

မြန်မာခြင်းလုံးအသင်းသည် ယခုဆီးဂိမ်းပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား ရှစ်မျိုး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာ့ရိုးရာ အားကစားနည်းဖြစ်သည့် ခြင်းလုံးပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် စတင်ထည့်သွင်းကျင်းပခဲ့ပြီး ၂၀၁၅ နှင့် ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲတွင် ထပ်မံပါဝင်ပြီးနောက် ၂၀၁၉ နှင့် ၂၀၂၁ ခုနှစ်တွင် မပါဝင်ဘဲ ယခုနှစ်မှ ပြန်လည်ပါဝင်လာခြင်းဖြစ်သည်။

**သတင်း – ကိုညီလေး**

**ဓာတ်ပုံ – အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန**



ရွှေတံဆိပ်ဆုရ မြန်မာအမျိုးသမီးခြင်းလုံးအသင်း ယှဉ်ပြိုင်နေစဉ်။

## မြန်မာဗိုဗီနမ်အဖွဲ့ ရွှေတစ်ခု၊ ကြေးခုနစ်ခု ထပ်မံဆွတ်ခူး

**နေပြည်တော် မေ ၇**

(၃၂)ကြိမ်မြောက် ဆီးဂိမ်း ဗိုဗီနမ်ပြိုင်ပွဲ ဒုတိယနေ့ကို မေ ၇ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာဗိုဗီနမ်အဖွဲ့က ရွှေတစ်ခု၊ ကြေးခုနစ်ခု ထပ်မံဆွတ်ခူးရရှိခဲ့သည်။

မြန်မာဗိုဗီနမ်အဖွဲ့အတွက် တတိယမြောက် ရွှေတံဆိပ်ဆုကို



အမျိုးသားနှစ်ယောက်တွဲ အပြပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရခဲ့သည့် မနားကွီးနှင့် တင်ထူးဇော်အတွဲ။

အမျိုးသားနှစ်ယောက်တွဲ အပြပြိုင်ပွဲတွင် မနားကွီးနှင့် တင်ထူးဇော်အတွဲက ရယူပေးခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် မြန်မာအတွဲက ရမှတ် ၄၅၀ ဖြင့် ရွှေတံဆိပ်ဆုရခဲ့ပြီး ဗီယက်နမ်အတွဲက ရမှတ် ၄၄၆ မှတ်ဖြင့် ငွေတံဆိပ်၊ ကမ္ဘောဒီးယားအတွဲက ရမှတ် ၄၃၉ မှတ်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။

**ရယူပေးခဲ့**

မြန်မာဗိုဗီနမ်အဖွဲ့အတွက် ကြေးတံဆိပ်ဆုများကို အမျိုးသား ကီလို ၆၀ တန်း အတိုက်ပြိုင်ပွဲတွင် အောင်ခန့်ဇော်၊ အမျိုးသား Pair Machete Form ပြိုင်ပွဲတွင် မြန်မာအသင်း၊ အမျိုးသား သုံးယောက်+အမျိုးသမီးသုံးယောက်တွဲ အပြပြိုင်ပွဲတွင် ဟိန်းထက်အောင်၊ ကျော်သူစိုးအောင်၊ နေလင်းထက်၊ ခိုင်ဇာထွန်း၊ ဖြိုးအိကျော်နှင့် သီတာမင်းအတွဲ၊ အမျိုးသမီး ကီလို ၆၀ တန်း အတိုက်ပြိုင်ပွဲတွင် နှင်းနန္ဒာဦး၊ အမျိုးသား ဓားအတိုက် နှစ်ယောက်တွဲအပြပြိုင်ပွဲတွင် ရာဇာထွန်းနှင့် တင်ထူးဇော်အတွဲ၊ အမျိုးသမီး ဓားတစ်လက် အပြပြိုင်ပွဲတွင် မေဟန်နီအောင်လွင်၊ အမျိုးသမီး တစ်ဦးချင်းလက်သိုင်းအပြပြိုင်ပွဲတွင် မြင့်စန္ဒီကျော်တို့က ရယူပေးခဲ့ခြင်းဖြစ်သည်။

မြန်မာဗိုဗီနမ်အဖွဲ့အတွက် မေ ၇ ရက် ပွဲစဉ်များအပြီးတွင် နိုင်ငံအတွက် ရွှေတံဆိပ် သုံးခု၊ ကြေးတံဆိပ် ၁၁ ခု ဆွတ်ခူးရရှိထားပြီး မေ ၉ ရက်တွင် ပြိုင်ပွဲများဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**သတင်း – ကိုညီလေး**

**ဓာတ်ပုံ – အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန**

## (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

၇-၅-၂၀၂၃ (ည ၁၀ နာရီ)

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ကမ္ဘောဒီးယား | ၂၉ | ၂၀ | ၂၂ | ၇၂ |
| ၂။ | ထိုင်း | ၁၆ | ၁၇ | ၂၆ | ၅၉ |
| ၃။ | အင်ဒိုနီးရှား | ၁၆ | ၁၁ | ၂၄ | ၅၁ |
| ၄။ | ဗီယက်နမ် | ၁၅ | ၁၉ | ၂၇ | ၆၁ |
| ၅။ | ဖိလစ်ပိုင် | ၁၄ | ၁၉ | ၁၉ | ၅၂ |
| ၆။ | စင်ကာပူ | ၉ | ၆ | ၁၁ | ၂၆ |
| ၇။ | မလေးရှား | ၆ | ၁၀ | ၁၃ | ၂၉ |
| ၈။ | မြန်မာ | ၅ | ၂ | ၁၈ | ၂၅ |
| ၉။ | လာအို | ၃ | ၅ | ၁၈ | ၂၆ |
| ၁၀။ | ဘရူနိုင်း | ၀ | ၁ | ၂ | ၃ |
| ၁၁။ | တီမောလက်စ်တေ | ၀ | ၀ | ၂ | ၂ |

## ကီလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲတွင် ပြည့်ဖြိုးထွန်း ကြေးတံဆိပ်ရရှိ

**ရန်ကုန် မေ ၇**

မေ ၆ ရက်က ကျင်းပသည့် ဆီးဂိမ်း ပြေးခုန်ပစ် ကီလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲတွင် မြန်မာကစားသမား ပြည့်ဖြိုးထွန်းက ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့သည်။

ကီလိုမီတာ ၂၀ လမ်းလျှောက် အမျိုးသား အမျိုးသမီးပွဲစဉ်ကို မေ ၆ ရက် ညနေပိုင်းက ကျင်းပခဲ့ခြင်းဖြစ်ပြီး အမျိုးသားပြိုင်ပွဲတွင် ကြေးတစ်ခုရရှိသော်လည်း အမျိုးသမီးပြိုင်ပွဲတွင် ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။ ကီလိုမီတာ ၂၀ လမ်းလျှောက် အမျိုးသားပြိုင်ပွဲတွင် အင်ဒိုနီးရှားနိုင်ငံသား ဟန်ဒရိုက ရွှေတံဆိပ်၊ ဗီယက်နမ်ကစားသမား ထရန်ငုယင်က ငွေတံဆိပ်၊ မြန်မာကစားသမား ပြည့်ဖြိုးထွန်းက ကြေးတံဆိပ်ရရှိခဲ့သည်။ ကီလိုမီတာ ၂၀ လမ်းလျှောက်အမျိုးသမီးပြိုင်ပွဲတွင် ဗီယက်နမ်က ရွှေတံဆိပ်၊ အင်ဒိုနီးရှားက ငွေတံဆိပ်၊ ထိုင်းက ကြေးတံဆိပ်များရရှိပြီး မြန်မာကစားသမားများဖြစ်သည့် ဇင်မေထက်က အဆင့် ၄၊ သန်းသန်းစိုးက အဆင့် ၅ နေရာများဖြင့် ကျေနပ်ခဲ့ရသည်။

**ကိုညီလေး**

■

### (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြန်မာအားကစားအဖွဲ့မှ အားကစားနည်းအလိုက် (၇.၅.၂၀၂၃) ရက်နေ့အထိ ဆုတံဆိပ်ရရှိမှုစာရင်း

(၁၇:၀၀)နာရီ

| စဉ် | အားကစားနည်း | ဆုရရှိမှု | | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ရွှေ | ငွေ | ကြေး | စုစုပေါင်း | |
| ၁ | ဗိုဗီနမ် | ၃ | | ၁၁ | ၁၄ | |
| ၂ | ခြင်းလုံး | ၁ | ၁ | ၁ | ၃ | |
| ၃ | ပီတန်း | ၁ | | | ၁ | |
| ၄ | ဗိုဗီနမ် (ခွန်ဘိုကာတာ) | | ၁ | ၃ | ၄ | |
| ၅ | စစ်တုရင် | | | ၂ | ၂ | |
| ၆ | ပြေးခုန်ပစ် | | | ၁ | ၁ | |
| | စုစုပေါင်း | ၅ | ၂ | ၁၈ | ၂၅ | |

## ဆီးဂိမ်း Pool 9 Ball တစ်ဦးချင်းပြိုင်ပွဲတွင် ဘုန်းမြင့်ကျော် နောက်တစ်ဆင့်တက်

**ရန်ကုန် မေ ၇**

(၃၂)ကြိမ်မြောက် ဆီးဂိမ်း ဘိလိယက်အားကစားနည်းမှ Pool 9 Ball တစ်ဦးချင်းပြိုင်ပွဲကို မေ ၇ ရက်က စတင်ကျင်းပရာ မြန်မာကစားသမား ဘုန်းမြင့်ကျော် နောက်တစ်ဆင့် တက်ရောက်ခဲ့သည်။

ယင်းပြိုင်ပွဲတွင် မြန်မာကစားသမားနှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၂၄ ဦးအဆင့်မှ စတင်ကစားခဲ့ရသည်။ ဘုန်းမြင့်ကျော်သည် ဘရူနိုင်းနိုင်ငံသား မိုဟာမက်အဇင်ကို (၉–၁) ပွဲဖြင့် အနိုင်ရခဲ့ပြီး မျိုးထက်ထွန်းမှာမူ အင်ဒိုနီးရှားနိုင်ငံသား ဖာရီကို (၉–၃) ပွဲဖြင့် ရှုံးနိမ့်ခဲ့သည်။ ဘုန်းမြင့်ကျော်သည် ၁၆ ဦးရှုံးထွက်အဆင့်တွင် ဖိလစ်ပိုင်နိုင်ငံသား ဂျိုဟန်ချူအာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး မေ ၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

ဘုန်းမြင့်ကျော်သည် ၂၀၁၉ ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲတွင် Pool 9 Ball တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့သူဖြစ်ပြီး ၂၀၂၁ ဆီးဂိမ်းပြိုင်ပွဲတွင် မယှဉ်ပြိုင်ဖြစ်ဘဲ ယခုနှစ်မှ ပြန်လည်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

**ရှိုင်းထက်ဇော်**

**■ အိမ်ရှင်ကမ္ဘောဒီးယားမှ**

ကောင်းထက်ပိုင်၊ ရန်ကျော်စိုး၊ ဇော်ဝင်းသိန်း၊ ဥက္ကာနိုင်၊ ဟိန်းထက်အောင်၊ ခွန်ကျော်ဇင်ဟိန်း၊ အာကာကျော်တို့ဖြင့် ပွဲထွက်ခဲ့သည်။ နှစ်သင်းစလုံး ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး အိမ်ရှင်ကမ္ဘောဒီးယားခံစစ်မှာ အမှားများခဲ့သဖြင့် မြန်မာအသင်း အခွင့်အရေးများရခဲ့သည်။ ၁၂ မိနစ်တွင် မြန်မာအသင်း အဖွင့်ဂိုးရခဲ့ပြီး ဟိန်းထက်အောင်က ပယ်နယ်တီဧရိယာထိပ်မှ ကန်သွင်းခဲ့ခြင်းဖြစ်သည်။

ဂိုးစတင်ရရှိခဲ့သဖြင့် မြန်မာအသင်း အားတက်သွားပြီး ၃၈ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် နောက်ခံလူ သက်ဟိန်းစိုးက မြေမကျကန်သွင်းခဲ့သဖြင့် ဒုတိယဂိုးထပ်မံရရှိခဲ့သည်။ ဒုတိယပိုင်းတွင် အိမ်ရှင်ကမ္ဘောဒီးယားအသင်းက ချေပဂိုးရရန် ဆက်တိုက်ကြိုးပမ်းခဲ့သော်လည်း မြန်မာအသင်း ခံစစ် အမှားအယွင်းမရှိကစားနိုင်ခဲ့ပြီး အမှတ်ပြည့်ရယူနိုင်ခဲ့သည်။

**ဆီမီးဖိုင်နယ် တက်ရောက်နိုင်**

ပထမပွဲတွင် အင်ဒိုနီးရှားအသင်းက တီမောအသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် အုပ်စု(က) ၌ အင်ဒိုနီးရှားအသင်းက သုံးပွဲနိုင် ရမှတ်ကိုးမှတ်ဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ရန် သေချာသွားခဲ့ပြီး မြန်မာအသင်းက သုံးပွဲကစား ခြောက်မှတ်၊ ကမ္ဘောဒီးယားအသင်းက သုံးပွဲကစား လေးမှတ်၊ တီမောအသင်းက ပွဲကုန်လေးပွဲကစား သုံးမှတ်၊ ဖိလစ်ပိုင်အသင်းက သုံးပွဲကစား တစ်မှတ် ရရှိထားသည်။ မြန်မာအသင်းသည် နောက်ဆုံးပွဲအဖြစ် ဖိလစ်ပိုင်အသင်းနှင့် ကစားရမည်ဖြစ်ပြီး အနိုင်ကစားရုံဖြင့် ဆီမီးဖိုင်နယ် တက်ရောက်နိုင်မည်ဖြစ်သည်။

**သတင်း – ရှိုင်းထက်ဇော်**

**ဓာတ်ပုံ – MFF**

## ပုံပြင်

# ဦးထုပ်နီကလေး

ငွေတာရီ

တစ်ရံရောအခါ မိန်းကလေးတစ်ယောက်ရှိလေ၏။ သူ့ကို လူတိုင်းက ချစ်ခင်ကြလေသည်။ အထူးသဖြင့် သူ၏အဘွားဖြစ်သူသည် သူ့ကို ချစ်ခင်လှသဖြင့် ကျွေးမွေးပေးကမ်း၍ မရောင့်ရဲနိုင်အောင်ရှိလေသည်။ တစ်ခါတွင် အဘွားသည် သူ့အား ကတ္တီပါအနီဖြင့် ချုပ်လုပ်ထားသော ဦးထုပ်ကလေးတစ်လုံးကို ပေးလေ၏။ ထိုဦးထုပ်မှာ သူနှင့်အလွန်လိုက်ဖက်လေရကား ထိုနေ့မှစ၍ သူသည် ထိုဦးထုပ်မှတစ်ပါး အခြားဦးထုပ်တို့ကို မဆောင်းတော့ချေ။ ထိုသို့ အစဉ်အမြဲဦးထုပ်နီကလေးကိုသာ ဆောင်းနေလေ့ရှိသဖြင့် အိမ်နီးချင်းနှင့်တကွ ဆွေမျိုးတစ်စုက သူ့အား နာမည်ကို မခေါ်တော့ဘဲ "ဦးထုပ်နီကလေး" ဟုသာ ခေါ်ကြလေတော့၏။

တစ်နေ့တွင် မိခင်သည် ဦးထုပ်နီကလေးအား အနီးသို့ခေါ်၍ ဤသို့ပြောကြားလေ၏။

"ချစ်သမီး၊ ဤလတ်ဆတ်သော မုန့်များနှင့် နွားနို့ကို သင့်အဘွားထံ သွား၍ပေးပါ။ သင့်အဘွားသည် နေထိုင်မကောင်းဖြစ်ရာမှ ပျောက်ကင်းပြီဖြစ်သော်လည်း များစွာအားနည်းနေသည်။ ဤစားသောက်ဖွယ်ရာများသည် သူ့အတွက် အထူးသင့်လျော်ပေသည်။ သင်သည် မနက်ဖြန် နံနက်စောစော အိမ်မှထွက်ပါလေ။ လမ်းတစ်လျှောက်တွင်လည်း ပြေးလွှားခြင်း၊ ကစားခြင်းတို့ မပြုပါလေနှင့်။ အဘွားဆီသို့သာ တည့်မတ်စွာသွားပါ။ အကယ်၍ ခုန်ပေါက်ပြေးလွှားပါက မတော်တဆလဲကျပါလျှင် နို့ပုလင်း ကွဲသွားပေလိမ့်မည်။ မိခင်၏စကားကို မြဲစွာမှတ်သား၍ ကောင်းစွာသွားပါ။ အဘွားထံရောက်လျှင်လည်း "နေကောင်းပါစ ဘွားဘွား" ဟု နှုတ်ဆက်ရန်မမေ့နှင့်"

ဦးထုပ်နီကလေးက သူ၏မိခင်အား "ကောင်းစွာသွားပါမည်" ဟု ဝန်ခံကတိပေးလိုက်လေသည်။ သူ့အဘွားသည် တောအုပ်အတွင်း၌ နေထိုင်လေသည်။ ဦးထုပ်နီကလေးတို့အိမ်နှင့်မူ အတန်ပင်ဝေးလေသည်။ တောအုပ်သည် ရွာနှင့် မိုင်ဝက်ခန့်ဝေးသောနေရာတွင် ရှိလေသည်။ ဦးထုပ်နီကလေးသည် စားစရာများပါသောခြင်းတောင်းကို ဆွဲလျက် နောက်တစ်နေ့ နံနက်စောစော အိမ်မှထွက်ခဲ့လေ၏။ တောအုပ်သို့ ဝင်မိလျှင်ပင် သူပထမဆုံးတွေ့ရသည်ကား ဝံပုလွေတစ်ကောင်ပင် ဖြစ်တော့သည်။ ဦးထုပ်နီကလေးမှာ ငယ်ရွယ်သောကလေးမျှသာဖြစ်ရကား ဝံပုလွေကို ကြောက်ရမှန်းမသိပေ။

ဝံပုလွေက စတင်၍ ဦးထုပ်နီကလေးကို ကောင်းစွာနှုတ်ဆက်လေသည်။ ဦးထုပ်နီကလေးကလည်း ကောင်းစွာပြန်ပြောလေသည်။ ထို့နောက် ဝံပုလွေက "သင်သည် ဤမျှစောစွာ အဘယ်အရပ်သို့ သွားမည်နည်း"ဟု မေးမြန်း၏။ ဦးထုပ်နီကလေးက သူ၏ အဘွားဖြစ်သူထံ သွားမည်ဖြစ်ကြောင်း ပြောပြလေသည်။ ထိုအခါ ဝံပုလွေက "သင်၏ခြင်းတောင်းတွင် ဘာများပါရှိသနည်း" ဟု မေးမြန်းလေ၏။ သူကလည်း နာလန်ထစဖြစ်သော သူ၏အဘွားအတွက် အားရှိဖွယ်အစားအစာများပါကြောင်း ပြောပြပြန်၏။ ဤတွင် ဝံပုလွေက "သင်၏အဘွားသည် အဘယ်အရပ်၌ နေထိုင်သနည်း"ဟု စုံစမ်းလေ၏။ မိန်းကလေးသည် ဝံပုလွေ၏အကြံကို မရိပ်မိရကား...

"အသင်ဝံပုလွေ၊ ကျွန်ုပ်အဘွားနေသည့် အိမ်ကလေးသည် ဤတောတွင်း၌ပင် ရှိပါသည်။ နောက်ထပ် မိုင်တစ်ဝက်ခန့်သွားက ရောက်ပါမည်။ ထိုအိမ်ကလေးသည် အလွန်ကြီးမားသော ဝက်သစ်ချပင်ကြီးသုံးပင်၏အောက်တွင် ရှိပါသည်။ ခြံစည်းရိုး၌မူ ဗာဒံပင်များစိုက်ထားပါသည်။ အလွယ်တကူပင် ရှာဖွေတွေ့ရှိနိုင်ပါ၏"ဟု ပြောပြ၏။

ဝံပုလွေသည် ဦးထုပ်နီကလေးမှာ ဝဖြိုးစိုပြည်သည်။ သူ၏အသားမှာ များစွာနူးညံ့၍ ချိုပေလိမ့်မည်။ သူ၏အဘွားသည် သူ့လောက် စားကောင်းမည်မဟုတ်။ မည်သို့ပင်ဖြစ်စေ နှစ်ယောက်စလုံးကို စားရပါမူ ပို၍ကောင်းမွန်ပေလိမ့်မည်ဟု ဆင်ခြင်မိကာ အကြံထုတ်နေလေ၏။ ထို့နောက် သူသည် မိန်းကလေးနှင့်ယှဉ်တွဲကာ လျှောက်သွားရင်း ဤသို့ ပြောပြန်လေသည်။

"ဟိုနေရာတွင်ပေါက်နေသည့် လှပသောပန်းများကို မြင်ပါ၏လော မိန်းကလေး။ သင်မြင်သည်ဟု ကျွန်ုပ်လုံးဝမထင်မိ။ ထို့ပြင် ငှက်ကလေးများ၏ သာယာစွာကျူးရင့်သံကိုကော သင်ကြားပါ၏လော။ သင့်ကိုကြည့်ရသည်မှာ တောထဲတွင် ပျော်ရွှင်စွာ လှည့်လည်သွားလာနေခြင်းနှင့် မတူ။ ကျောင်းသို့ တစိုက်မတ်မတ်သွားလာနေခြင်းနှင့်သာ တူတော့သည်"

ထိုအခါမှ မိန်းကလေးသည် အနီးအပါးသို့ ငဲ့စောင်းကြည့်မိလေတော့၏။ သူသည် လှပသော ပန်းများ ဖူးပွင့်နေသည်ကို မြင်ရလေ၏။ ဤတွင် သူသည် သူ၏အဘွားအား ပန်းများကို လက်ဆောင်အဖြစ် ပေးရန် ခူးသွားလိုစိတ်များ ဖြစ်ပေါ်လာလေ၏။ ထို့ပြင် အချိန်မှာလည်း အတန်ပင်စောသေးသည် ဖြစ်သောကြောင့် မူလလမ်းကြောင်းမှ ဖယ်ကြဉ်ကာ ပန်းများရှိရာသို့ သွားလေ၏။ သူသည် ပန်းများကို ခူး၍ အားမရနိုင်ပေ။ တစ်မျိုးထက်တစ်မျိုးက ပိုမိုလှပသည်ထင်ကာ တောတွင်းသို့ တိုးသည်ထက်တိုး၍ သွားလေတော့၏။ ထိုအချိန်တွင် ဝံပုလွေသည် အဘွား၏အိမ်သို့ သွားနှင့်လေတော့၏။ သူသည် တံခါးကို ခေါက်လိုက်သော်လည်း အဘွားက "မည်သူနည်း"ဟု မေးမြန်းလေသည်။

"ဦးထုပ်နီကလေး ဖြစ်ပါသည်။ အဘွားစားရန် မုန့်နှင့် နို့များ ယူလာပါသည်။ တံခါးဖွင့်ပေးပါ"ဟု ဝံပုလွေက ပြန်ပြောလေသည်။ ထိုအခါ အဘွားက "တံခါး မင်းတုပ်ကို မလိုက်ပါ။ ပွင့်ပါလိမ့်မည်။ ငါ့မှာ အားမရှိသောကြောင့် လာရောက်ဖွင့်မပေးနိုင်ပါ" ဟု ဆို၏။ ဝံပုလွေလည်း အဘွားပြောသည့်အတိုင်း ဖွင့်ရာ တံခါးပွင့်သွားလေ၏။ နောက် သူသည် အဘွားရှိရာ ခုတင်ဘေးသို့သွားကာ အဘွားအား မျိုချလိုက်လေ၏။ ပြီးမှ အဘွား၏အဝတ်အစားများကို ဝတ်ကာ ခေါင်းကိုလည်း အဝတ်ဦးထုပ်ဆောင်းလျက် လဲလျောင်းနေ၏။ ထို့နောက် ခုတင်မှ ခန်းဆီးကို ချထားလိုက်လေသည်။


ထိုအချိန်တွင် ဦးထုပ်နီကလေးကား ပန်းများခူးဆဲပင် ဖြစ်လေသည်။ နောက်ဆုံး သယ်ယူရန် မနိုင်တော့မှ အဘွားထံသွားရန် သတိရကာ မူလလမ်းကြောင်းအတိုင်း လိုက်ခဲ့လေ၏။ သူ့အိမ်ဝသို့ရောက်သော် တံခါးပွင့်နေသည်ကို တွေ့ရသဖြင့် အံ့သြသွားမိသေး၏။ အိမ်တွင်းသို့ ဝင်မိသောအခါ၌လည်း သူ့စိတ်တွင် တစ်မျိုးဖြစ်နေလေသည်။

ခါတိုင်းဆိုလျှင် အဘွားနှင့် တွေ့ရမည်ကို သူအလွန်ပျော်လေ့ရှိသည်။ ယနေ့ကား ဤသို့မဟုတ်။ မည်သို့ပင်ဖြစ်စေ၊ သူသည် သူ၏မိခင် မှာကြားလိုက်သည့်အတိုင်း အဘွားအား "နေကောင်းပါစဘွားဘွား" ဟု နှုတ်ဆက်လိုက်လေသည်။ သို့ရာတွင် ပြန်ဖြေသံကို မကြားရချေ။ ထိုအခါ မိန်းကလေးသည် ခုတင်အနီးသို့ ကပ်သွားကာ ခန်းဆီးများကို ဆွဲဖယ်လိုက်လေ၏။

(ဆက်လက်ဖော်ပြပါမည်)

ဆရာမ ငွေတာရီ၏ မပန်းဇင်နှင့် အခြားပုံပြင်များ စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

(ယခင်အပတ်မှအဆက်)





# ရယ်စရာ ပြုံးစရာ နိုင်ငံတကာ ဖြစ်ရပ်ဆန်းဟာသများ

**မာတင်ဖဲ**

"ခုလိုခေတ်ထဲမှာ ယောက်ျားလေးတွေဟာ သူတို့ရဲ့ ဆံပင်ရှည်နဲ့ နားကွင်းတွေ တပ်ထားတော့ မိန်းကလေးတွေနဲ့ ဘယ်လောက်တူသလဲဆိုတာ ခင်ဗျား သတိထားမိသလား"

အင်း... တစ်ချိန်ကပေါ့။ ကျုပ် စားသောက်ဆိုင်တစ်ဆိုင်ထဲမှာ ထိုင်နေတုန်း ဆံပင်ရှည်နဲ့ ကောင်လေးတစ်ယောက် ဝင်လာတယ်။ ကျုပ်ကနံဘေးက လူကို လှည့်ပြောလိုက်တယ်လေ။

"ခုလိုခေတ်ကြီးထဲမှာ ယောက်ျားလေးတွေဟာ မိန်းကလေးတွေနဲ့ တူနေတာ သိပ်အရုပ်ဆိုးမနေဘူးလား" လို့။

"အဲဒါ...သားပေါ့ဗျာ" အဲဒီလူက ပြန်ဖြေတယ်။

"ဟာ... ကျွန်တော် တောင်းပန်ပါတယ်။ ခင်ဗျားဟာ သူ့အမေဖြစ်နေတာ ကျွန်တော် မသိခဲ့လို့ ပါ" ကျုပ်က တောင်းပန်လိုက်ရတယ်။

ဒီတော့ အဲဒီလူက ဒေါသနဲ့ ဖြေတယ်လေ။

"ခင်ဗျားပြောတာ မဟုတ်ဘူး။ ကျုပ်ဟာ သူ့အဖေဗျ" တဲ့ဗျို့။





မိန်းကလေးက သူငယ်ချင်းတစ်ယောက် စာရွက် တစ်ပုံတစ်ပင်ကြီး သယ်လာတာနဲ့ ဆုံမိတယ်။

**မိန်းကလေး** = "ဟိုအီ... အဲဒါတွေက ဘာလဲ"

**ဟိုအီ** = "ငါတို့ကို စက္ကူအသုံးလျှော့ဖို့ သူဌေးက ငါတို့ကို ပြောလိုက်တဲ့ မှတ်တမ်းတွေလေကွာ"



(ဆက်လက်ဖော်ပြပါမည်)

လူမှု ၁၀

# လူငယ်များနှင့် အချိန်စီမံခန့်ခွဲမှု

**မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)**

လုပ်ငန်းခွင်ရောက် လူငယ်တွေဟာ လုပ်ငန်းခွင်အတွင်းမှာ အချိန်စီမံခန့်ခွဲမှု (Time Management)ကို စည်းကမ်းအာရုံစူးစိုက်လုပ်ဆောင်မှုတွေနဲ့ မဆုတ်မနစ် စွဲစွဲမြဲမြဲ လုပ်ဆောင်ဖို့ လွန်စွာအရေးကြီးလှပါတယ်။

လူငယ်မန်နေဂျာအသစ်တွေဟာ အချိန်စီမံခန့်ခွဲမှုဆိုင်ရာ ဆွေးနွေးပွဲတွေ တက်ရောက်ကြတဲ့အခါ တကယ်လိုအပ်တဲ့အရာကတော့ ဆန္ဒပြင်းပြမှုပဲဖြစ်ပါတယ်။ လူငယ်တွေဟာ မိမိတို့ရဲ့ဖြစ်ကတတ်ဆန်းနိုင်တဲ့ အလေ့အထတွေကို ပြုပြင်လုပ်ဆောင်လိုတဲ့ ဆန္ဒရှိရပါမယ်။ လူငယ်တွေဟာ လုပ်ငန်းခွင်ထဲမှာ အချိန်အလေအလွင့်ဖြစ်တဲ့ နည်းလမ်းတွေကို ဖယ်ရှားပြုပြင်ပြီး သတ်မှတ်ထားတဲ့အချိန်မှာ အလုပ်ပြီးမြောက်စေတဲ့ အချိန်စီမံခန့်ခွဲမှုတွေကို ရှာဖွေရပါမယ်။

လူငယ်မန်နေဂျာတွေဟာ နှောင့်နှေးကြန့်ကြာခြင်း၊ အချိန်ဆွဲခြင်းနဲ့သက်ဆိုင်တဲ့ အချိန်စီမံခန့်ခွဲမှုပြဿနာတွေနဲ့ မကြာခဏဆိုသလို ရင်ဆိုင်ဖြေရှင်းနေရပါတယ်။ အလုပ်သစ်တွေဟာ သူတို့ကိုလွှမ်းမိုးလို့နေတယ်။ တစ်ချိန်တည်းမှာ ဒါဇင်လောက်များပြားလှတဲ့ ဦးစားပေးအလုပ်တွေကို မဖြစ်ဖြစ်အောင် ကြံဖန်လှည့်ပတ်ပြီး သူတို့ဆောင်ရွက်ကြရပါတယ်။ သူတို့ဟာ မြားမြောင်လှတဲ့ ပရောဂျက်တွေကို ဆောင်ရွက်ကြပေမယ့် လက်စသတ်ပြီးမြောက်အောင် မဆောင်ရွက်နိုင်ကြပါဘူး။ ဒါကြောင့် လုပ်ငန်းခွင်မှာ အချိန်စီမံခန့်ခွဲမှုရဲ့အရေးပါမှုကို သူတို့သိရှိလာခဲ့ကြတယ်။

လူငယ်မန်နေဂျာတွေဟာ နှောင့်နှေးကြန့်ကြာမှု၊ အချိန်ဆွဲမှုတွေကို ဖြေရှင်းဖို့ စတင်ခဲ့တဲ့အလုပ်ကို သူ့ဝန်ထမ်းတွေ ဘာကြောင့်မပြီးမြောက်ခဲ့တာလဲကို စုံစမ်းဖော်ထုတ်ဖို့ လိုပါတယ်။ ဘယ်အလုပ်က နှောင့်နှေးနေတာလဲ။ ဝန်ထမ်းတွေအချိန်ဆွဲလုပ်နေတဲ့အကြောင်းရင်းတွေ သိရှိအောင် ကြိုးစားရပါမယ်။ ရလဒ်ဖော်ဆောင်တဲ့ခေါင်းဆောင်မှုဟာ အချိန်စီမံခန့်ခွဲမှုအတွက် အရေးကြီးတာကို သိရှိလာကြပါတယ်။ တွေ့မြင်နေကျ ဥပမာတစ်ခုဖော်ပြရရင် မိမိကိုယ်ကို သံသယရှိပြီး လုံးထွေးနေတဲ့ လူငယ်မန်နေဂျာသစ်တွေက ကြောက်ရွံ့တတ်ပါတယ်။ သူတို့ဟာအလုပ်တွေကို လျင်လျင်မြန်မြန်ပြီးမြောက်အောင်လုပ်ပြီး အထက်ကိုတင်ပြကြတဲ့အခါ ဝေဖန်မှုကို ထိခိုက်လွယ်ကြတယ်။ အလုပ်ကို ထိရောက်အကျိုးရှိအောင် အချိန်စီမံခန့်ခွဲမှုကို အသုံးပြုပြီး အရည်အသွေးပြည့်ဝဖို့ လိုအပ်လာပါတယ်။

လူငယ်မန်နေဂျာတွေဟာ အလုပ်ကို ဘေးကင်းအောင်လုပ်ဖို့စိတ်ပူပန်တတ်တာ သဘာဝကျပါတယ်။ ဒါကြောင့်စိုးရိမ်မှုတွေကို ဖယ်ထုတ်ဖို့လိုပါတယ်။ မိမိအလုပ်ကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ဖို့လိုပါတယ်။ အချိန်စီမံခန့်ခွဲမှုရဲ့အရေးပါမှုကို သိရှိတဲ့သဘောထားအမြင်နဲ့ မိမိတို့ရဲ့အချိန်ကို ပိုမိုအကျိုးရှိရှိအသုံးပြုနိုင်အောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

အချိန်စီမံခန့်ခွဲမှုကို သိရှိလာရင် လူငယ်မန်နေဂျာတွေဟာ မိမိတို့ရဲ့ နေ့စဉ် ဒါမှမဟုတ် အပတ်စဉ် ဦးစားပေးမှုတွေကို စနစ်တကျရေးဆွဲဖို့ လိုပါတယ်။ ပြီးတော့ အမျိုးအစားတစ်ခုစီအတွက် အကျိုးအကြောင်းသင့်တဲ့ နောက်ဆုံးပြီးစီးရမယ့် ကာလကို သတ်မှတ်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

လူငယ်မန်နေဂျာတွေဟာ အလုပ်များတဲ့ ကာလနဲ့ ကြုံတဲ့အခါ အလုပ်ထဲမှာ နှစ်မြှုပ်ဆောင်ရွက်တတ်ပါတယ်။ ဒါကို ကျေနပ်စရာလို့ထင်နေကြတယ်။ ဘယ်အရာက စစ်စစ်မှန်မှန် အရေးကြီးတယ်ဆိုတာ ဆုံးဖြတ်ပြီး အလိုအပ်ဆုံးနေရာမှာ မိမိတို့ရဲ့အာရုံစိုက်မှုကို ဂရုပြုဆောင်ရွက်ဖို့ အရေးကြီးပါတယ်။

လူငယ်မန်နေဂျာတွေဟာ မိမိတို့လုပ်ငန်းခွင်မှာ နေ့စဉ်အလုပ်လုပ်ကြရာမှာ အချိန်စီမံခန့်ခွဲမှုနဲ့ ပတ်သက်လို့ အောက်ပါအချက်တွေကို သိရှိသတိပြုဖို့ လိုအပ်ပါတယ်။

**(၁) အချိန်အလေအလွင့် အလဟဿဖြစ်မှုတွေကို ဖယ်ရှားပစ်ပါ။**

ရည်ရွယ်ချက်မရှိဘဲ အင်တာနက်မှာ surfing လုပ်ပြီး အချိန်ဖြုန်းတာမျိုး၊ ကိုယ့်တာဝန်တွေ သွေဖည်ပြီး ဖုန်းအကြာကြီးပြောတာမျိုး စတဲ့အချိန်ဖြုန်းတီးနေမှုတွေကို ရှောင်ရှားပါ။ လိုရင်းတိုရှင်း ပြောပြီးရပ်လိုက်ပါ။ အချိန်အားနေခိုက်မှာ အကျိုးရှိတဲ့အလုပ်ကိုလုပ်ပါ။

**(၂) စစ်မှန်တဲ့ အချိန်သတ်မှတ်ချက် ပြုလုပ်ပါ။**

လူငယ်မန်နေဂျာတွေဟာ အချိန်ကို အကျိုးရှိရှိ အသုံးချတတ်ဖို့ အရေးကြီးပါတယ်။ အလုပ်နဲ့ပတ်သက်တဲ့ကိစ္စတွေကို သတ်မှတ်ချိန်အတိုင်း ပြီးစီးအောင် ဆောင်ရွက်ဖို့လိုပါတယ်။

**(၃) အလုပ်ကိုအရှိန်မြှင့်ရန် အချက်ပေးမှုပြုပါ။**

လူငယ်မန်နေဂျာတွေဟာ အလုပ်ထဲမှာ နစ်မျောသွားရင် သတ်မှတ်ထားတဲ့အချိန်မပြီးဘဲ ရှိနိုင်ပါတယ်။ ဒါကြောင့် အချက်ပေးတဲ့အချိန်တစ်ခု သတ်မှတ်ပြီး အလုပ်ကိုတိတိကျကျလုပ်ပါ။ အဲဒီအလုပ်ကို မပြီးစီးခဲ့သေးရင် ဆက်လုပ်ဖို့ အရှိန်ရယူဆောင်ရွက်ပါ။

> **"လူငယ် မန်နေဂျာအသစ်တွေဟာ အချိန်စီမံခန့်ခွဲမှုဆိုင်ရာ ဆွေးနွေးပွဲတွေ တက်ရောက်ကြတဲ့အခါ တကယ်လိုအပ်တဲ့ အရာကတော့ ဆန္ဒပြင်းပြမှုပဲဖြစ်ပါတယ်။ လူငယ်တွေဟာ မိမိတို့ရဲ့ ဖြစ်ကတတ်ဆန်းနိုင်တဲ့ အလေ့အထတွေကို ပြုပြင်လုပ်ဆောင်လိုတဲ့ ဆန္ဒရှိရပါမယ်။ လူငယ်တွေဟာ လုပ်ငန်းခွင်ထဲမှာ အချိန်အလေအလွင့်ဖြစ်တဲ့ နည်းလမ်းတွေကို ဖယ်ရှားပြုပြင်ပြီး သတ်မှတ်ထားတဲ့ အချိန်မှာ အလုပ်ပြီးမြောက်စေတဲ့ အချိန်စီမံခန့်ခွဲမှုတွေကို ရှာဖွေရပါမယ်"**

အချိန်စီမံခန့်ခွဲမှုနဲ့ ပတ်သက်လို့ Stephen Covey ရဲ့အဆိုအမိန့်နဲ့ နိဂုံးချုပ်ပါရစေ။

"သင့်အနေနဲ့ အရေးမကြီးပေမယ့် အမြန်လုပ်ရမယ့်အရာတွေကို သူတို့ရဲ့အချိန်ကို ရာခိုင်နှုန်းဘယ်လောက်အသုံးပြုသလဲလို့ မေးခဲ့ရင် အများစုကတော့ သူတို့ရဲ့အချိန်တစ်ဝက်ကို အသုံးပြုတယ်လို့ ဆိုကြလိမ့်မယ်။"

**Ref: 21st Century Manager by Lee Iacocca**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၅-၅-၂၀၂၃ ရက်မှအဆက်

“အေးဆွေရာ၊ မင်းစိတ်ထဲမှာ ဘယ်လို ခံစားနေရတယ်ဆိုတာ ငါသိပါတယ်ကွာ။ တကယ်တော့ ဒီ အဆင့်အတန်းတို့၊ ဂုဏ်တို့၊ ငွေတို့ဆိုတာတွေဟာ လူက ဖန်တီးထားတာတွေပါ။ အပေါ်ယံက လွှမ်းခြုံထားတဲ့ အဆောင်အယောင်တွေပါ။ အမှန်တော့ လူလူချင်း အတူတူပါပဲကွာ။ မင်းဟာ တခြားကိစ္စတွေမှာ မာနရှိသလောက် ဒီနေရာကျတော့ မင်းရဲ့ အားနည်းချက် ပျော့ကွက်တစ်ခုပဲ။ လောကကြီးမှာ လူလူချင်း မတူဘူး၊ မတန်ဘူးရယ်လို့ မရှိပါဘူးကွာ။ မင်းသာ ခုနေ ငွေရှိစမ်းပါ။ ဒီအဆောင်အယောင်တွေ၊ ဂုဏ်တွေဟာ မင်းက လုပ်ယူမနေရပါဘူး။ ပတ်ဝန်းကျင်က အလိုလို လုပ်ပေးပါလိမ့်မယ်၊ မဟုတ်ဘူးလား ငါပြောတာ။ ဟော့ကောင်၊ ငါ ပြောတာ ကြားကောကြားရဲ့လား”

ငေးငိုင် တွေဝေနေသော ကိုအေးဆွေအား လှကြည်က သူ့စကားကိုဖြတ်ကာ သတိပေးလိုက်သည်။

“ဟော၊ အင်း အင်း၊ ကြားပါတယ်”

ကိုအေးဆွေမှာ ယခုမှ အိပ်ရာမှ နိုးလာသူပမာ ပြူးပြူးပျာပျာ ဖြစ်သွားသည်။

“ငါ ပြောတာတွေ ကြားရဲ့လား”

“ကြားပါတယ်ကွာ”

“ဒါဖြင့်ရင် ဘာဖြစ်လို့ မင်းက လက်နှေးနေရတာလဲကွ။ ခင်သန်းငွေးဟာ မင်းအပြောကို စောင့်နေတာကွ၊ နားလည်ရဲ့လား”

ကိုအေးဆွေမှာ မရှုနိုင် မရှိုက်နိုင် ဖြစ်နေသည့်ပမာ အဖြေရကျပ်လှသည်မို့ သက်ပြင်းကို ရှိုက်ချမိသည်။

“အေးဆွေရ၊ မင်းဟာ တကယ်ကော ခင်သန်းငွေးကို ချစ်တာကော ဟုတ်ရဲ့လားဟင်။ ပွင့်ပွင့် လင်းလင်း ပြောစမ်းကွာ”

လှကြည်သည် ကိုအေးဆွေ၏ ငူတူတူ အေးစက်စက် အမူအရာကို ကြည့်ကာ အားမလိုအားမရ ဖြစ်လာသည်။

“ပြောမှ ပြောရက်ပါပေ့ လှကြည်ရာ”

ဤစကားလုံးကလေးများက ကိုအေးဆွေ၏ လည်ချောင်းဝတွင်သာ ပျောက်ကွယ်သွားလေသည်။

မည်သို့ မချစ်ဘဲ နေပါမည်နည်း။

[ ၂၁ ]

“ကြွရောက်လာကြတဲ့ လူကြီးမင်းများ ခင်ဗျား။ အခုလို မြို့နယ်လုံးဆိုင်ရာ ထန်းသမားညီလာခံကြီးကို ဘာ့ကြောင့် အခုလို ဖိတ်ကြားကျင်းပရတယ်ဆိုတဲ့အကြောင်းကိုတော့ ကျွန်တော် အထူးမပြောလိုတော့ပါဘူး။ သဘာပတိ ပြောကြားသွားတဲ့ မိန့်ခွန်းထဲမှာ ပါသွားပြီးပါပြီ။ ကျွန်တော် ပြောကြားလိုတာက ကျွန်တော်တို့ မြို့နယ်မှာဆိုရင် အခုလို မြို့နယ်လုံးဆိုင်ရာ ထန်းသမားများ အစည်းအဝေးကြီးရယ်လို့ တစ်ခါမှ မကျင်းပခဲ့ဖူးသေးပါဘူး။ အခုအကြိမ်ဟာ ပထမဆုံးအကြိမ်ပါ။ ဒီလို ပထမဆုံးအကြိမ်ဖြစ်ပေမယ်လို့ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ရွာတိုင်းစေ့ကလို တက်ရောက်လာကြတဲ့အတွက် အလွန်ဝမ်းသာပါတယ်။ ဒါဟာ ကျွန်တော်တို့ အနာဂတ် ရည်ရွယ်ချက်တွေအတွက် အောင်မြင်မယ့် နိမိတ်ပါပဲ။ ကျွန်တော်ဟာ ဒီညီလာခံကြီးမှာ အချက် ၇ ချက်ပါတဲ့ ထန်းသမားများ သက်သာချောင်ချိရေး၊ ဘဝအဆင့် မြှင့်တင်ရေး အဆိုကို တင်သွင်းပါ့မယ်”

ကိုအေးဆွေက ဤသို့ စကားပလ္လင်ခံကာ နိဒါန်းချီလိုက်သည်။ ထိုနေ့ကား ၁၉၆၃ ခု ဒီဇင်ဘာလ ၁ ရက်။ ၁၃၂၅ ခု နတ်တော်လဆုတ် ၁ ရက်နေ့တည်း။

နံနက်ခင်း လင်းရောင်ခြည်အောက်ဝယ် အရှေ့မြောက်ဘက် ပုပ္ပားတောင်ဆီမှ အရှေ့မြောက်ရာသီလေက တစိမ့်စိမ့် ပက်ဖျန်းလာသည်။

ကိုအေးဆွေသည် တက်ရောက်လာသော ထန်းသမားထုကြီးကို ကြည့်ကာ အားရနေသည်။ စကားပြောစင်မြင့်မှ ဆီး၍ကြည့်လိုက်သောအခါ ထန်းသမားလူထုကြီးသည် မိမိပြောမည့်စကားကို စိတ်အားထက်သန်စွာဖြင့် နားစိုက်နေကြသည်ကို တွေ့ရလေသည်။

ဤကဲ့သို့ မြို့နယ်လုံးဆိုင်ရာ ထန်းသမားများ ညီလာခံကြီး ဖြစ်လာအောင် ကိုအေးဆွေတို့မှာ အတော်ပင် ကြိုးပမ်းလိုက်ရသည်။ ကျောက်ပန်းတောင်းမြို့နယ်တွင် ထန်းကိုအဓိကထားကာ အသက်မွေးဝမ်းကျောင်းပြုနေသူများ အတော်များများရှိသော်လည်း ထန်းသမားများ၏ အသင်းအဖွဲ့၊ အစည်းအရုံးဟူ၍ သီးခြား မရှိခဲ့ဖူးချေ။ နိုင်ငံရေးအစိုးရများလက်ထက်က တောင်သူလယ်သမား အစည်းအရုံးများ၊ အသင်းအဖွဲ့များဟူ၍ ရှိခဲ့သော်လည်း ၎င်းထဲတွင် ထန်းသမားများပါ အကျုံးဝင်နေစေပြီးလျှင် မဲရရေးအတွက်သာ ရည်ရွယ်ဖွဲ့စည်းခဲ့၏။

ထိုကြောင့်လည်း ထန်းသမားများတွင် မည်ကဲ့သို့ အခက်အခဲများနှင့် ရင်ဆိုင်နေရစေကာမူ မည်သူကမျှ ခေါင်းဆောင်၍ ဖြေရှင်းမပေးခဲ့ပေ။ အခြားသော တောင်သူလယ်သမားများ အမတော်ကြေးအဖြစ် အစိုးရထံမှ ရခဲ့သော်လည်း ထန်းသမားခများများမှာ မရရှိခဲ့ချေ။ ထင်းပြဿနာ အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရသော်လည်း ထန်းသမားများ ကျေနပ်လောက်အောင် မည်သူကမျှ ဖြေရှင်းမပေးနိုင်ခဲ့။ ကျသမျှဘေးဒဏ်ကိုသာ ငုံ့၍ ခံနေကြရသည်။ ဤသည်တို့ကို သိ၍လည်း ဆရာကြီးဦးလှဒင်၏ အကူအညီဖြင့် ကိုအေးဆွေတို့က မြို့နယ်လုံးဆိုင်ရာ ထန်းသမားညီလာခံကြီးကို မဖြစ်မနေ ကြိုးစား၍ ခေါ်ခဲ့ကြလေသည်။



ကျောက်ပန်းတောင်းမြို့နယ်တွင် ထန်းပင်စာရင်း ၄ သိန်းခန့်ရှိပြီး ထန်းဖြင့် အသက်မွေးမြူသော ထန်းသမားပေါင်းမှာ ခြောက်ထောင်ခန့် ရှိသည်။ ထို့ကြောင့်လည်း ကျေးရွာအုပ်စုအလိုက် တစ်အုပ်စုလျှင် ငါးဦးစီထက်မနည်း ညီလာခံသို့ တက်ရောက်ရန် ကိုအေးဆွေတို့က ဖိတ်ကြားသည်။ ကျင်းပသည့်နေရာမှာ လက်ပံပင်ရွာ၏ တောင်ဘက်၊ ကိုအေးဆွေတို့ တဲစု၏အရှေ့ဘက် ထန်းပင်အတော်ရှင်းသောနေရာတွင် မဏ္ဍပ်ထိုး၍ ကျင်းပကြလေသည်။

တက်ရောက်လာကြသော ကိုယ်စားလှယ်ပေါင်း ငါးရာခန့်သည် နံနက်လင်းစကတိုင် လှည်းဖြင့်တစ်မျိုး၊ ခြေကျင်တချို့နှင့် ရောက်ရှိလာကြ၏။ ရွာနီးချုပ်စပ်မှဆိုလျှင် စိတ်ဝင်စားသော ထန်းသမားတိုင်းလို တက်ရောက်လာကြသဖြင့် လူထုကြီးမှာ နှစ်ထောင်ကျော်ခန့် ရှိလေသည်။ ညီလာခံကြီးသို့ တက်ရောက်လာကြသော ထန်းလုပ်သားလူထုကြီးအတွက် လက်ပံပင်ရွာနှင့်တကွ ရွာနီးချုပ်စပ်များကပါ ထမင်းထုပ်များဖြင့် ကူညီအားပေးလေသည်။

ညီလာခံကြီးကို နံနက် ၉ နာရီတိတိအချိန်တွင် စတင် ဖွင့်လှစ်သည်။ ညီလာခံကြီးတွင် သဘာပတိအဖြစ် ဦးစံကျော်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဆယ်ရင်က ဆောင်ရွက်သည်။

ကိုအေးဆွေသည် ထန်းသမားထုကြီးကို လှည့်ပတ်၍ ကြည့်ပြီးနောက် ဆက်လက်ကာ -

“အဲဒီ အချက် ၇ ချက်ကတော့

၁။ အစိုးရနှင့် ထန်းသမားများ တွေ့ဆုံနှီးနှောဖလှယ်ပွဲများ ပြုလုပ်ပေးရန်။

၂။ အစိုးရက ထန်းသမားများအား အမတော်ကြေး ထုတ်ချေးပါရန်။

၃။ ထန်းပိုင်ရှင်များအား ထန်းစုကို ငါးစုတစ်စု အဖြစ် ပေးရန်။

၄။ ထန်းတောများကို ပြည်သူပိုင်အဖြစ် သိမ်းယူပေးပါရန်။

၅။ အစိုးရက ထန်းသမား အကျိုးအခွင့် ကာကွယ်သည့်ဥပဒေ ပြဋ္ဌာန်းပေးပါရန်။

၆။ ဘုံစနစ်ဖြင့် ဘုံထန်းတောများ ပြုလုပ်၍ စုပေါင်း ထန်းလျက်ထုတ်လုပ်ရန်။

၇။ ပုပ္ပားနှီးနှောဖလှယ်ပွဲကြီးကို ကြိုဆိုထောက်ခံရန်။

အစရှိတဲ့ အချက်များပါတဲ့ အဆိုများ ဖြစ်ပါတယ်။

“ပထမဆုံးအချက်ကို ပြောရမယ်ဆိုရင် ကျွန်တော်တို့ ထန်းသမားများအဖို့ ဝမ်းနည်းစရာတစ်ခုအဖြစ်နဲ့ ယနေ့တိုင် ခံစားနေရပါတယ်။ တောင်သူလယ်သမား၊ ကိုင်းသမား၊ ဥယျာဉ်သမား၊ မွေးမြူရေးသမား၊ တံငါသမား၊ ကိုယ်ပိုင်စက်မှုလက်မှုလုပ်ငန်း ပိုင်ရှင်လေးများကအစ အမတော်ကြေးအဖြစ် အစိုးရက ထုတ်ပေးခဲ့ကြပေမဲ့ ကျွန်တော်တို့ ထန်းတက်သမား ဆင်းရဲသားခများများမှာတော့ အရင့်အရင် အစိုးရများလက်ထက်ကရော၊ ဒီနေ့ လက်ရှိတက်နေတဲ့ တော်လှန်ရေးအစိုးရ လက်ထက်မှာရော တစ်ခါမှ ထန်းအမတော်ကြေးရယ်လို့ ထုတ်မပေးခဲ့ကြပါဘူး။ ဒါဟာ ဝမ်းနည်းစရာပါပဲ။ ဆင်းရဲသားချင်း တူနေပေမယ့်လို့ တစ်ပန်းရှုံးနေပါတယ်။ အဲဒီလို ကျွန်တော်တို့ ထန်းသမားတွေကို ထန်းအမတော်ကြေး မပေးတာဟာ မေ့များနေလို့လား။ (သြဘာသံများ) ဒီလိုမှ မဟုတ်လို့ရှိရင်လည်း ထန်းသမားတွေဟာ ချောင်ချောင်လည်လည် စားသောက်နေထိုင်နိုင်တဲ့ လူတန်းစားတွေရယ်လို့ သတ်မှတ်ထားလို့များလား။ (သြဘာသံများ)

“အဲဒီတော့ ဒီနေ့အစိုးရကို ဒီညီလာခံကြီးကနေပြီးတော့ တင်ပြချင်ပါတယ်။ ထန်းသမားတွေဟာ ချောင်ချောင်လည်လည်ထဲက မဟုတ်ပါဘူး။ အကျပ်အတည်းနဲ့ အမြဲရင်ဆိုင်နေရပါတယ်။ ထန်းသမားတွေဟာ ဘယ်လောက်ထိအောင် အကျပ်အတည်းနဲ့ ရင်ဆိုင်နေရတယ်ဆိုတာ သိရအောင် မြန်မာတစ်ပြည်လုံးမှာရှိတဲ့ ထန်းသမားတွေကို အခြားအလုပ်သမား၊ လယ်သမားများအတွက် တွေ့ဆုံနှီးနှောဖလှယ်ပွဲတွေ ပြုလုပ်ပေးပြီး ရင်ဖွင့်ပွဲကြီး ပြုလုပ်ပေးသလို ကျွန်တော်တို့ ထန်းသမားများအတွက်လည်း ရင်ဖွင့်နိုင်တဲ့ နှီးနှောဖလှယ်ပွဲကြီး ပြုလုပ်ပေးပါလို့ ဒီညီလာခံကြီးက အကြံပေးပါတယ်”

လူထုပရိသတ်ကြီးက လက်ခုပ် တဖြောင်းဖြောင်းတီး၍ သြဘာပေးလိုက်ကြသည်။

“ဒုတိယအချက်ကဆိုရင် စောစောက တင်ပြခဲ့သလို ထန်းအမတော်ကြေးပေးဖို့ပါပဲ။ ကျွန်တော်တို့ ထန်းသမားတွေဟာ ထဖို (ထန်းဖို) ပေါ်ခါနီးရင် ထန်းအတွက် ကိရိယာတန်ဆာပလာများဖြစ်တဲ့ မြူအိုးဖိုး၊ ကြိုးဖိုး၊ ဒယ်အိုးဖိုး၊ ရင်းထောင်၊ ရင်းဆွဲဖိုး၊ ခေါဖိုး စသည်ဖြင့် အရင်း မတည်ဖို့ ငွေရဖို့ကို အမြဲတမ်း အကျပ်အတည်းနဲ့ ရင်ဆိုင်ရပါတယ်။ ထန်းတတက်မှာဆိုရင် အပင် ၅၀ ပဲ တက်တယ်ထားပါ။ ဒီတော့ ထန်းလုပ်ငန်း ဝင်တော့မယ်ဆိုရင် ထန်းတတက်မှာ အနည်းဆုံး ရင်းနှီးမတည်ငွေဟာ နှစ်ရာကျပ်ကျော်ဖိုးလောက် ကုန်ကျပါတယ်။ ဒီအထဲမှာ ဆိုရင် ထင်းဖိုးမပါသေးပါဘူး။

“ဒီလို မတည်ဖို့ ငွေရဖို့အတွက် ထန်းသမားတွေဟာ ထဖိုပေါ်ခါနီးတိုင်း ရှာကြံရပါတယ်။ ဒါဟာ ယခု တက်ရောက်လာကြတဲ့ ထန်းသမားကြီးများ အသိပါ။ ဒီလိုရှာတဲ့အခါမှာ ဘယ်မှာရှာသလဲဆိုတော့ ကိုယ့်ထန်းပိုင်ရှင်ဆီမှာ၊ နောက် နီးစပ်ရာ ငွေရှင်ကြေးရှင်တွေဆီမှာ ထန်းလျက်ပေါ်ပေးနဲ့ ယူကြရပါတယ်။ ဒီ ထန်းလျက်ပေါ်ပေးစနစ်ဟာ အောက်ပြည်အရပ်မှာ စပါးပေါ်ပေးနဲ့ ပင်ထောင်အရောင်းအဝယ်လုပ်ပြီး ငွေယူရသလို မြို့ပေါ်ဆင်းရဲသားတွေ နေ့ပြန်တိုးနဲ့ ငွေချေးရသလို အင်မတန်ပဲ နစ်နာပါတယ်။ ဒါပေမဲ့လည်း ကျွန်တော်တို့ ထန်းသမားတွေမှာ ဒီလိုမှမချေးရင်လည်း ဘယ်သူမှ ချေးမယ့်လူ ကမ်းမယ့်လူ မရှိလို့ သိလျက်သားနဲ့ အနစ်နာခံပြီး ယူကြရပါတယ်။

ဆက်လက်ဖော်ပြပါမည်။

ဆရာမောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။
စာတည်း

## ခိုလမ်မြို့ရှိ ချမ်းမြေ့ဂုဏ်ဝေပရဟိတ သာသနာပြုကျောင်းတိုက်၏ မဟာပဋ္ဌာန်းကျမ်းမြတ်ပူဇော်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် မေ ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ ချမ်းမြေ့ဂုဏ်ဝေပရဟိတ သာသနာပြုကျောင်းတိုက်၏ မဟာပဋ္ဌာန်းကျမ်းမြတ်ပူဇော်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းတိုက်ရှိ အဓိကအောင်ဗိမာန် ဓမ္မာရုံ၌ ကျင်းပရာ ချမ်းမြေ့ဂုဏ်ဝေပရဟိတ သာသနာပြုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဝိမလ အမှူးပြုသော သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များ ကြွရောက်တော်မူကြပြီး အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ နယ်မြေခံတပ်နယ်မှ တပ်ရင်း/တပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ချမ်းမြေ့ဂုဏ်ဝေပရဟိတ သာသနာပြုကျောင်းတိုက် အဓိကအောင်ဗိမာန် ဓမ္မာရုံအတွင်းရှိ မြတ်စွာဘုရားရှင်အား ပန်း၊ ဆီမီး၊ ရေချမ်း၊ သစ်သီး၊ ဆွမ်းတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ချမ်းမြေ့ဂုဏ်ဝေပရဟိတ သာသနာပြုကျောင်းတိုက် ဆရာတော် ရွတ်ပွားချီးမြှင့်တော်မူသော ရောင်ခြည်တော်ပွင့်ဂါထာတော်အား နာယူပြီး ငါးပါးသီလ ခံယူဆောက်တည်ကြကာ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ ယင်းနောက် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပဋ္ဌာန်း(၂၄)ပစ္စည်းကို သံပြိုင်



ရွတ်ဖတ်တော်မူကြပြီး ချမ်းမြေ့ဂုဏ်ဝေပရဟိတ သာသနာပြုကျောင်းတိုက် ဆရာတော်ကစတင်၍ မဟာပဋ္ဌာန်းကျမ်းမြတ်အား ရွတ်ဖတ်ပူဇော်သည်။

အဆိုပါ မဟာပဋ္ဌာန်းကျမ်းမြတ်ပူဇော်ပွဲကို ချမ်းမြေ့ဂုဏ်ဝေပရဟိတ သာသနာပြုကျောင်းတိုက်ရှိသံဃာတော်များက မေ ၉ ရက်အထိ ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ပေါက်ခေါင်းမြို့နယ်၌ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အသင့်စုဖွဲ့ထားရှိ

ပေါက်ခေါင်း မေ ၇

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် မီးသတ်ဦးစီးဌာနရုံး၌ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်အတွက် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် ကယ်ဆယ်ရေးပစ္စည်းများ အသင့်စုဖွဲ့ထားရှိလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးသူမောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက လာရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ မုန်တိုင်းဖြစ်ပေါ်နိုင်မည့်အခြေအနေများကို ထုတ်ပြန်ထားရာ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပေါ်ပေါက်လာပါက အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲမင်းသန်း ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူးရုံး/စခန်းမှတပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၃၅ ဦးနှင့် ရှာဖွေ ကယ်ဆယ်ရေးပစ္စည်းကိရိယာများ၊ တစ်ပတ်စာရိက္ခာများ အသင့်စုဖွဲ့ထားရှိကြောင်းနှင့်မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များဖြစ်ပွားပေါ်ပေါက်လာပါက အလျင်အမြန် ကူညီဆောင်ရွက်ပေးနိုင်ရန်ကြိုတင်စီမံထားရှိကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

## အင်းစိန်မြို့နယ်၌ သဘာဝဘေးအန္တရာယ်အကြောင်း သိကောင်းစရာများ အသိပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် မေ ၇

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်မြို့နယ်)နှင့် အင်းစိန်မြို့နယ် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် သဘာဝဘေးအန္တရာယ် အကြောင်း သိကောင်းစရာများအသိပညာပေးဟောပြောပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် အဆိုပါဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန ဘက်စုံသုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ အင်းစိန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးဘိုကြည်နှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးအေးသိမ့်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်မီးသတ်ဦးစီးမှူး ဦးရိုန်မင်းထက်က သဘာဝဘေးအန္တရာယ်များဖြစ်သည့် မီးဘေး၊ ရေဘေး၊ လေဘေး စသည်တို့ ဖြစ်ပေါ်လာပါက ကြိုတင်ပြင်ဆင်ရန်အချက်များ၊ မိုးလေဝသဌာန၏ အချိန်နှင့် တစ်ပြေးညီ မုန်တိုင်းသတိပေးချက် သတင်းများကို အဆက်မပြတ်စောင့်ကြည့်ပြီး ကြိုတင်ကာကွယ်ရမည့် အရာများကို ကြိုတင်စီမံဆောင်ရွက်နိုင်ရေး၊ သဘာဝဘေးအန္တရာယ် အကြောင်း သိကောင်းစရာများ အသိပညာပေး ဟောပြောသည်။

ဆက်လက်၍ မြို့နယ်စာပေဥယျာဉ်အသင်း အဖွဲ့ဝင် စာရေးဆရာ ဝင်းနွယ်(ပုသိမ်)က သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက ဆောင်ရွက်ရမည့်အချက်များနှင့် အရေးပေါ်အကြောင်းကြားရမည့် ဖုန်းနံပါတ်များ၊ မိမိကြုံတွေ့ခဲ့ဖူးသည့် သဘာဝဘေးအန္တရာယ်အကြောင်း သိကောင်းစရာများကို ဟောပြော၍ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ ပြသထားသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်သည့် မီးဘေး၊ ရေဘေး၊ လေဘေး စသည့် အသိပညာပေး နံရံကပ်စာစောင်များကို တက်ရောက်လာကြသည့် ပြည်သူများနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

မြင့်ဦး

## မရမ်းကုန်းမြို့နယ်၌ မုန်တိုင်းအန္တရာယ်ကျရောက်ပါက အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ရေး စုဖွဲ့မှုများဆောင်ရွက်

မရမ်းကုန်း မေ ၇

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မီးသတ်စခန်း၌ ယနေ့နံနက်ပိုင်းက မုန်တိုင်းအန္တရာယ်ကျရောက်လာပါက အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးနိုင် ဦးဆောင်၍ တပ်ဖွဲ့ဝင်များဖြင့် စုဖွဲ့မှုများ ဆောင်ရွက်ထားရှိကြောင်း သိရသည်။



ထိုသို့ စုဖွဲ့မှုများတွင် မုန်တိုင်းအန္တရာယ်ကျရောက်ပါက ပြိုကျအဆောက်အအုံများ ရှိပါက အဆိုပါ အဆောက်အအုံအတွင်း ပိတ်မိလူနာများကို ကယ်ဆယ်ရှေ့ထုတ်ရန်အတွက် Hydraulic Cutter, Hydraulic Rank, Spreater, Hydraulic bag, Hydraulic Toolများ၊ ပိတ်မိလူနာအား ဝင်ရောက်ကယ်ဆယ်ရာတွင် အသုံးပြုမည့် အသက်ရှူကိရိယာများ အရေးပေါ်မီးအသုံးပြုရန်အတွက် Area lighting နှင့် မီးစက်များ၊ အရေးပေါ်ကယ်ဆယ်ရေးကြိုးများ၊ သစ်ပင်များ ပြိုလဲသည့်အခါ အပင်များအား ဖြတ်တောက်ရှင်းလင်းရာတွင် အသုံးပြုရန် Chain Saw များ အစရှိသည်တို့ကို အသင့်စုဖွဲ့ဆောင်ရွက် ထားရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရွှေပြည်သာမြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

ရန်ကုန် မေ ၇

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့ နံနက် ၉ နာရီက အမှတ်(၂၁)ရပ်ကွက် လိန်ကုန်းကျေးရွာ တောင်သူ ဦးအောင်နိုင်၏ စိုက်ကွက်ကိုးဧကတွင် ကျင်းပရာ ရွှေပြည်သာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဦး၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးသိန်းလှိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးခင်မောင်မြင့်၊ မြို့နယ်မြေစာရင်း ဦးစီးမှူး ဦးကျော်ဝင်း၊ ဌာနဆိုင်ရာများ၊ အမှတ်(၂၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့်တောင်သူများ တက်ရောက်ကြသည်။



အဆိုပါ နွေစပါးစံကွက် ရိတ်သိမ်းပွဲတွင် ရက် ၉၀ စပါးအမျိုးအစားအား အစေ့ချကိရိယာဖြင့် စိုက်ပျိုးခဲ့ပြီး တစ်ဧကလျှင် အစိုထွက်နှုန်းတင်း ၁၃၀ နှင့် အခြောက်ထွက်နှုန်း ၁၂၄ တင်း ထွက်ရှိကြောင်း သိရသည်။ **ဉာဏ်ဟိန်း**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ၂၀၂၂-၂၀၂၃ ရာသီ အာရှချန်ပီယံလိဂ် ဗိုလ်လုပွဲသို့ အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်း ဒုဥက္ကဋ္ဌ (AFC Senior Vice President)ဦးဇော်ဇော် တက်ရောက်ဆုချီးမြှင့်

ရန်ကုန် မေ ၇

အာရှဘောလုံးအဖွဲ့ချုပ်မှ စီစဉ်ကျင်းပသည့် ၂၀၂၂-၂၀၂၃ ရာသီ အာရှချန်ပီယံလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲ ဒုတိယအကျော့ကို မေ ၆ ရက်က ဂျပန်နိုင်ငံ၌ ကျင်းပရာ အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်း ဒုဥက္ကဋ္ဌ (AFC Senior Vice President) ဦးဇော်ဇော် တက်ရောက်ပြီး ဆုများပေးအပ်ချီးမြှင့်သည်။

ဗိုလ်လုပွဲ ဒုတိယအကျော့အဖြစ် ဂျပန်ကလပ် အူရာဝါရက်ဒ် (ဂျပန်) နှင့် အယ်လ်ဟီလယ် (ဆော်ဒီအာရေဗျ) အသင်းတို့ ယှဉ်ပြိုင်ကစားရာ အူရာဝါရက်ဒ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့သည်။

ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲသို့ အာရှဘောလုံးအဖွဲ့ချုပ်အကြီးတန်း ဒုဥက္ကဋ္ဌ (AFC Senior Vice President) ဦးဇော်ဇော်၊ ဂျပန်ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဆော်ဒီအာရေဗျဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ အာရှဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ ဆုချီးမြှင့်ပွဲ၌ ဂျပန်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက ဗိုလ်လုပွဲတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဒိုင်လူကြီးများကို ဆုတံဆိပ်များချီးမြှင့်သည်။



အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်း ဒုဥက္ကဋ္ဌ (AFC Senior Vice President) ဦးဇော်ဇော် ပြိုင်ပွဲ၏ တန်ဖိုးအရှိဆုံးကစားသမားဆုရ ( Most Valuable Player of the AFC Champions League) ဟီရိုကီ (အူရာဝါရက်ဒ်) အား ဆုချီးမြှင့်စဉ်။

ယင်းနောက် အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်း ဒုဥက္ကဋ္ဌ (AFC Senior Vice President) ဦးဇော်ဇော်က ပြိုင်ပွဲ၏ တန်ဖိုးအရှိဆုံး ကစားသမားဆုရ ( Most Valuable Player of the AFC Champions League) ဟီရိုကီ (အူရာဝါရက်ဒ်) နှင့် ချန်ပီယံဆုရ အူရာဝါရက်ဒ်အသင်းတို့ကို ဆုဖလားများ ပေးအပ်ချီးမြှင့်သည်။ယခုရာသီ အာရှချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ဂျပန်ကလပ် အူရာဝါရက်ဒ်အသင်းသည် လာမည့် ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အာရှကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-AFC**

# လှိုင်မြို့နယ်၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဇာတ်တိုက်လေ့ကျင့်

လှိုင် မေ ၇

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက အသင့်စုဖွဲ့ထားရှိမှုနှင့် ရေပြင်ရှာဖွေကယ်ဆယ်ခြင်း ဇာတ်တိုက်လေ့ကျင့်မှု ပြုလုပ်ခြင်းတို့ကို ယနေ့ နံနက် ၁၀နာရီက မြို့နယ် မီးသတ်ဦးစီးဌာန၌ ပြုလုပ်သည်။

ထိုသို့ ဆောင်ရွက်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟန်ဝင်းလတ်က မုန်တိုင်းမဖြစ်မီ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး အသိပေးနှိုးဆော်ခြင်း၊ မုန်တိုင်းကျရောက်ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ကယ်ဆယ်ရေးစခန်းများတွင် ကျန်းမာရေးနှင့်စားဝတ်နေရေးများ ကူညီဆောင်ရွက်ခြင်းလုပ်ငန်းများ၊ ရေပြင်ကယ်ဆယ်ရေးလုပ်ငန်း ဇာတ်တိုက်လေ့ကျင့်နေမှုများကို ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။



ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာနရုံး ဦးစီးဌာနမှူး ဦးဟိန်းလင်းထက်က မုန်တိုင်းအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ချက်ချင်းတုံ့ပြန် ဆောင်ရွက်နိုင်ရေးအတွက် လှိုင်မြို့နယ် မီးသတ်စခန်းတွင် လူ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာများဖြင့် အသင့်စုဖွဲ့ထားကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ်များဖြစ်သည့် မုန်တိုင်းအန္တရာယ်နှင့် ရေကြီးခြင်းတို့ ဖြစ်ပေါ်လာပါက အမြန်ဆုံး ကူညီကယ်ဆယ်နိုင်ရေးအတွက် ရေပြင်ရှာဖွေကယ်ဆယ်ခြင်းလုပ်ငန်းအဆင့်ဆင့်ကို လူနှင့် အသက်ကယ်ပစ္စည်းများ အသုံးပြု၍ ဇာတ်တိုက်လေ့ကျင့်မှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အုတ်တွင်းမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကြိုတင်ကာကွယ်ရေး ကြည့်ရှုစစ်ဆေး

အုတ်တွင်း မေ ၇

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်တပ်ဖွဲ့၏ ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ယနေ့ နံနက်ပိုင်းတွင် မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် အတွက် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၏ရှာဖွေကယ်ဆယ်ရေးပစ္စည်းကိရိယာများ ကြိုတင်ပြင်ဆင်ထားရှိမှု၊ဆန်၊ဆီ၊ ရေ၊ခေါက်ဆွဲခြောက်၊ အစာစို/ခြောက်နှင့် အသင့်စားအစားအစာများ စုဆောင်းထားရှိမှု၊ မြဲ(၃)မြဲ၊မြန်(၃)မြန်၊သင့်(၄)သင့်ဟူသည့် ဆောင်ပုဒ်နှင့်အညီ မီးသတ်တပ်ဖွဲ့ဝင်အင်အား ၃၅ ဦးက ရှာဖွေကယ်ဆယ်ရေးစက်ပစ္စည်းများဖြင့် လက်တွေ့သရုပ်ပြသမှုတို့ကို ဌာနဆိုင်ရာတာဝန်ရှိသူများ၊လူမှုအသင်းအဖွဲ့များနှင့်အတူ ကြည့်ရှုအားပေးခဲ့သည်။

အုတ်တွင်းမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာပါက အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့များဖြင့် အုတ်တွင်း၊ ကျွဲပွဲ၊ ညောင်ခြေထောက်၊ ကျောင်းရှစ်ဆယ် ဇုန်လေးဇုန်သတ်မှတ်ပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အေမင်းရည်စော(ပြန်/ဆက်)**

**မီးဘေးရှောင်**
**မလောင်ခင်တား**


## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄) ရပ်ကွက်၊ ဓမ္မဝိဟာရလမ်း၊ မြေကွက်အမှတ်(၉၉၀)ဟုခေါ်တွင်သော (အလျား ၄၀ပေXအနံ၆၀ပေ) အကျယ်အဝန်းရှိ ဦးမောင်ရွှေ(YSO- ၀၅၆၆၇၀)အမည်ပေါက် ပါမစ်မြေကွက်၏တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၉၈၉)နှင့်ကပ်လျက် ဘက်ခြမ်း(အလျား၂၀ပေXအနံ၆၀ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက် ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်အရောင်းအဝယ်ကတိ စာချုပ်အဆက်ဆက်ဖြင့် လက်ရှိဝယ်ယူ ပိုင်ဆိုင်ထားသူ ဒေါ်သန်းသန်းဌေး [၁၂/ ကခက(နိုင်)၀၀၃၄၄၅]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည် ဟု ဝန်ခံကတိပြု ပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်း အဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်း များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမောင်မောင်ချစ်(စလင်း) LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)**
**Ph-09-954280932**
**အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊**
**(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**

**ဒေါ်မိုးယုနွယ်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)**
**LL.B, D.B.L, D.I.L, D.M.L,**
**WIPO(Switzerland)**
**Ph:09-420080932,09-977402677**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ရန်ကုန်သစ်၊ အောင်ဇေယျ(၂)လမ်း၊ (ဝဲ)၊ မြေတိုင်းမြေကွက်အမှတ်- ၅၈၆(က)၊ လူနေအိမ်အမှတ် (၂၁/က)၊ မြေအကျယ်အဝန်း(အလျား ၂၀'ပေ×အနံ၆၀ပေ)၊ ဧရိယာ(၀. ၀၂၇၅)ဧက၊ (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ (၂)ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများ ဖြစ်သော ဦးဇော်ဇော်နိုင်(ဘ) ဦးရွှေမှီ (၁၂/မဂတ (နိုင်) ၀၈၃၄၄၉) နှင့် ဒေါ်ဇာခြည်အေး(ဘ)ဦးမြင့်အေး (၁/မကန(နိုင်) ၀၀၃၆၄၆) တို့ထံမှ ကျွန်ုပ် မိတ်ဆွေဖြစ်သူ ဒေါ်ဝတ်ရည်ဝင်း (၁၂/သဃက(နိုင်) ၁၅၄၃၅၀) က အပြီး အပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ် စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများ နှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ် ပါသည်။

**ဒေါ်ဝတ်ရည်ဝင်း ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အိမ့်ရှိုးသွဲ့ (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၁၆၀၈)**
**တိုက် (၇)၊ ဗိုလ်တေဇ (၁)လမ်း၊ (၀) ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉ ၄၄၄၀၇၃၄၄၇၊ ၀၉ ၅၄၀၂၂၅၃**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘိုးဒေါနကုန်းကျေးရွာအုပ်စု၊ (၇)လမ်းနေ (အမိ)ဒေါ်မြင့်မြင့်ကြည်[၁၂/မဘန(နိုင်)၀၃၃၇၅၉]၏သမီးဖြစ်သူ ဒေါ်ဖြူဝင်းစံ[၁၂/မဘန(နိုင်)၁၂၃၀၄၇]သည် မိခင်အား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ၎င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ် ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝများအား တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင် ဒေါ်မြင့်မြင့်ကြည်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၊ ယမုံနာ(၁) ရပ်ကွက်၊ ယမုံနာ (၁၅)လမ်း၊ မြေကွက်အမှတ်(၁၆၆/ခ)၊ အိမ်အမှတ် (၃၈၈/က)၊ မြေဧရိယာ (အလျား ၂၅ ပေXအနံ ၅၀ ပေ)ရှိ မြေပိုင်ရှင် ဦးခင်စိန်[၁၂/ဒပန(နိုင်) ၀၁၉၃၆၇]နှင့် ဦးအေးသောင်း [၁၂/ဒပန(နိုင်)၀၂၃၁၃၃]တို့ ပိုင်ဆိုင်သည့် မြေကွက် ပေါ်တွင် ဆောက်လုပ်ထားသော R/C (၂)ခန်းတွဲ၊ (၅)ထပ်တိုက် အဆောက်အဦမှ ဒုတိယထပ် (၃-လွှာ)(ခြေရင်းခြမ်း)(ဘီ) ရေ၊ မီး အပြည့်အစုံ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ် အဆက်အစပ်ဖြင့် လွှဲပြောင်းဝယ်ယူထားသူ ဒေါ်ခင်ခင်ရွှေ [၁၂/တတန(နိုင်) ၁၂၈၅၂၈] က မိမိတစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိပြီး အပေါင် အနှံ၊ အရှုပ်အရှင်း လုံးဝကင်းရှင်းကြောင်း ဝန်ခံကတိပြုချက်အရ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သည့် ဦးကျော်မင်းဌေး [၈/မမန(နိုင်)၁၉၈၉၈၅]၊ ဒေါ်ဌေးတင် [၈/မမန(နိုင်)၁၇၇၅၆၇]တို့က အဆိုပါတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုး ခံစားခွင့် အရပ်ရပ်အားလုံးတို့အား အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းချသူ ဒေါ်ခင်ခင်ရွှေထံသို့ စရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာ ချက်ပါရှိသည့် နေ့ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားများ နှင့်အတူ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိ စေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်မင်းဌေးနှင့် ဒေါ်ဌေးတင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်ဇင်နိုင် (LL.B) D.B. L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၀၉၂)**
**အမှတ်(၁၁၄၄/က)၊ အောင်သုခ(၂၁)လမ်း၊ ၆/အရှေ့ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၄၄၈၆၅၅၈၊ ၀၉-၂၅၄၁၁၀၆၈၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ STAR CITY ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်း၊ သန်လျင်ကြယ်စင်အိမ်ရာ၊ တိုက်အမှတ်( CL-4 )၊ အခန်းအမှတ်(၇၀၉) LEVEL(7)၊ RC(၈)ထပ် အဆောက်အဦမှ ဧရိယာ(၉၅၈)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်းတွင် ပါရှိသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးကျော်ထွန်းအောင် [၁၂/ပဘတ(နိုင်)၀၃၈၉၄၄]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဦးအောင်စိုးထွန်း[၁၂/ဒဂတ(နိုင်)၀၄၄၅၈၇]နှင့် ဒေါ်ခင်ချိုလွင်[၁၂/သခန(နိုင်)၁၀၈၃၂၆]က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ် တို့ထံ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား (မူရင်း)များဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောက်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးအောင်စိုးထွန်းနှင့် ဒေါ်ခင်ချိုလွင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးအောင်သိန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၄၃၂)**
**ဖုန်း-၀၉-၅၄၀၁၉၄၀**

**ဒေါ်မေမီလှိုင် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၆၅)**
**ဖုန်း-၀၉-၄၂၈၂၂၇၃၁၃**

**အမှတ်(၁၆၅)၊ ပထမထပ်၊ (၃၈)လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

